# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၈)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (11-3-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၁၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထားၡ၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားစဉ်။

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး** စာမျက်နှာ -၁၉

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး** စာမျက်နှာ -၁၉

**ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး** စာမျက်နှာ -၁၉


Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၃၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉

ရတနာပုံ
၂၀၂၆ ခုနှစ် မတ် ၁၁ ရက်
အယ်ဒီတာ့အာဘော်

# တက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန် အောင်မြင်စေရေး

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာတွင် ပညာတတ်လူသားအရင်းအမြစ်သည် ပဓာနကျလှသည်။ ထို့ကြောင့် ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကဏ္ဍကို မြှင့်တင်ကြရမည်ဖြစ်သည်။ ပညာတတ်များ ပေါကြွယ်ဝမှသာလျှင် နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သောကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် ပညာရေးမြှင့်တင်မှုများကို နိုင်ငံတော်က ဦးတည်ချက်တစ်ရပ်အနေဖြင့် ထည့်သွင်း၍ အလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယနေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲ ( Grade 12 ) ဖြေဆိုကြရတော့မည်ဖြစ်သည်။ ထိုစာမေးပွဲမဖြေဆိုမီကတည်းက မိဘများက မိမိတို့၏ သား၊ သမီးများ၏ ကျန်းမာရေး၊ စာမေးပွဲထူးထူးချွန်ချွန် အောင်မြင်စွာ ဖြေဆိုနိုင်ရေးအတွက် အစစအရာရာ ဂရုတစိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဆရာ၊ ဆရာမများကလည်း တပည့်ဖြစ်သူ ကျောင်းသား၊ ကျောင်းသူများကို ဖြေဆိုရမည့်ဘာသာရပ်အလိုက် အရေးကြီးသည့်အချက်အလက်များ၊ ဆောင်ရန်ရှောင်ရန်များကို စနစ်တကျ ကြပ်ကြပ်မတ်မတ် မှာကြားလျက်ရှိသည့်အပြင် အရေးကြီးသည့်သင်ခန်းစာများကို ပြန်လည်သင်ကြားလေ့ကျင့်စေခြင်းများ ပြုလုပ်ပေးခဲ့ကြပြီးဖြစ်သည်။

ယနေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကို မသွားမီ စာမေးပွဲဖြေဆိုခွင့်ကတ်၊ ကျောင်းသားကတ်တို့အပြင် ဘောပင်၊ ခဲတံ၊ ပေတံ စသည့်စာရေးကိရိယာများကို သေချာစစ်ဆေးကာ တစ်ပါတည်း မမေ့မလျော့ယူဆောင်ကြရန်လိုသည်။ စာမေးပွဲဖြေဆိုပြီးပါကလည်း နောက်တစ်နေ့ဖြေဆိုရမည့် ဘာသာရပ်ကို မမေ့လျော့စေရန် ပြန်၍နွေးကြကာ ညတွင် အိပ်ရေးဝဝအိပ်စက်ကြရမည်ဖြစ်သည်။ ဘာသာရပ်တစ်ခုကို ဖြေဆိုပြီးတိုင်း ဖြေဆိုပြီးသွားသည့် ဘာသာရပ်အတွက် ပြန်လည်၍ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်မနေကြရန်လည်း လိုသည်။ ထို့ပြင် စာမေးပွဲကာလအတွင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့၏ စားမှု၊ နေမှု၊ အိပ်မှုတို့အပေါ် ဂရုပြုဆင်ခြင် နေထိုင်ကြရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲသည် ပညာသင်နှစ် တစ်နှစ်တာကာလပတ်လုံး ကြိုးစားသင်ယူလေ့ကျင့်ခဲ့သမျှတို့ မည်မျှတတ်မြောက်ခဲ့သည်ကို ဆန်းစစ်မည်ဖြစ်သဖြင့် သင်ခန်းစာအားလုံးကို ကျေညက်၊ ပိုင်နိုင်စွာ လေ့လာကျက်မှတ်ခဲ့သူတို့သည် စာမေးပွဲကို အခက်အခဲမရှိဖြေဆိုသွားနိုင်ကြမည်သာဖြစ်သည်။

စာမေးပွဲဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအတွက် ယခုရက်သတ္တပတ် (မတ်လ ၁၁ ရက်မှ ၁၇ ရက်ထိ) သည် တိုက်ပွဲဝင်ကာလပင်ဖြစ်ရာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတို့ ကြံ့ခိုင်ကျန်းမာနေကြရမည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ယခုစာမေးပွဲသည် အခြေခံပညာကျောင်းသား၊ ကျောင်းသူဘဝ၏ နောက်ဆုံးစာမေးပွဲဟုဆိုနိုင်ပေသည်။ ယခုဖြေဆိုနေသည့် တက္ကသိုလ်ဝင်စာမေးပွဲရလဒ်များသည် အဆင့်မြင့်ပညာရေးသို့ တက်လှမ်းကြရာတွင် မိမိတို့ တက်ရောက်ရမည့် တက္ကသိုလ်၊ ကောလိပ်တို့ကို အဆုံးအဖြတ်ပေးမည်ဖြစ်သဖြင့် ထူးထူးချွန်ချွန် အောင်မြင်စွာ ဖြေဆိုနိုင်ရေးအတွက် ဂရုတစိုက် ကြိုးပမ်းဖြေဆိုကြရန် လိုအပ်သည်။

သို့ဖြစ်ပါ၍ တက္ကသိုလ်ဝင်စာမေးပွဲသည် ဖြေဆိုသူကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ သင်ကြားပေးသည့် ဆရာ၊ ဆရာမများ မျှော်လင့်ချက် အမြင့်မားဆုံးထားသော စာမေးပွဲဖြစ်ပြီး ဖြေဆိုသူကျောင်းသား၊ ကျောင်းသူတို့ မျှော်မှန်းထားသည့် တက္ကသိုလ်၊ ကောလိပ် စသည်တို့ကို တက်ရောက်နိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားအားထုတ်ကြမည်ဆိုပါက အောင်မြင်မှုရကြမည်မှာ အသေအချာပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး မတ် ၁၀**

၂၀၂၆ ခုနှစ် ဧပြီ ၁၃ ရက်မှ ဧပြီ ၁၆ ရက်ထိ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ကျင်းပမည်ဖြစ်ရာ မန္တလေးမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၉ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဗဟိုကော်မတီနာယက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာလူမျိုးတို့၏ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ရှေးနှစ်ပေါင်းများစွာမှသည် ယနေ့ထိ မြန်မာတစ်မျိုးသားလုံး ပါဝင်ဆင်နွှဲလျက်ရှိသည့် ပွဲတော်ဖြစ်ပြီး ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် အတည်ပြုသတ်မှတ်ခံရသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ရိုးရာပွဲတော်တစ်ခုဖြစ်ကြောင်း၊ ယခုနှစ်တွင် ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများနှင့် သင်္ကြန်ကာလကို အနှစ်သာရရှိစွာဖြင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ယခင်အတွေ့အကြုံများအပေါ် အားသာချက်၊ အားနည်းချက်များ သုံးသပ်ကာ တစ်တပ်တစ်အား ကြိုးပမ်းသွားကြစေလိုကြောင်း၊ နှစ်ဆန်းတစ်ရက်နေ့ ကုသိုလ်ကောင်းမှုဆောင်ရွက်မည့်ကိစ္စများကိုလည်း ယခင်နှစ်များနည်းတူ စီမံဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး ပြောကြားပြီးနောက် လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မလှိုင်မြို့နယ် ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို မတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညောင်ပင်သာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၂ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၄၂ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၅၅ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ကျုံပျော်မြို့နယ်တွင် မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ပဲဈေးကွက်တွင် မြေပဲဆန်များဝယ်ယူအားများပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြသည်။

ကျုံပျော်မြို့နယ် ပဲဈေးကွက်တွင် ယခုနှစ် မတ်လ ပထမပတ်မှစတင်ပြီး ယနေ့ထိ မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ အဆိုပါ မြေပဲဆန်များ အရောင်းအဝယ်ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းများက မြေပဲဆန်များ ဝယ်ယူအားကောင်းလာသည့်အတွက် ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ပဲဈေးကွက်ထဲကို ဒေသမြေပဲဆန်တွေ အပြင်အခြားဒေသကနေ မြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ မြေပဲဆန်တစ်ပိဿာကို ငွေကျပ် ၁၁၀၀၀ ထိ ဈေးပေါက်နေပါတယ်။ မြေပဲဆီတွေထုတ်လုပ်မှု အားကောင်းလာတာကြောင့် မြေပဲဆန် အရောင်းအဝယ် ကောင်းလာတာပါ။ မြေပဲဆန်အရောင်းအဝယ်က အခုထက် ပိုကောင်းလာဖို့သာ ရှိပါတယ်။ အခုနှစ် မြေပဲဆန်တွေ အဝယ်လိုက်နေတဲ့အတွက် မြေပဲစိုက်ပျိုးတဲ့ တောင်သူတွေက အဓိက အဆင်ပြေနေသလို ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေလဲ အဆင်ပြေလာတာ တွေ့ပါတယ်" ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြသည်။

ကျုံပျော်မြို့နယ်က ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် မြေပဲဆန်များကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲစားဆီ၊ မြေပဲဆန်၊ မြေပဲအခွံပါ စသည့်ပုံစံအမျိုးမျိုးထုတ်လုပ်ပြီး ဝယ်ယူသည့်ဒေသများသို့ စနစ်တကျ ထုပ်ပိုးတင်ပို့ ရောင်းချလျက်ရှိကြောင်း ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မေထံမှ သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ချောက်ခွဲကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၃ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၄ ဒသမ ၂ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၈ ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၆ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးခင်မောင်ထွန်း-ဒေါ်ခင်ဝင်းကျော်မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်က လက်ခံရယူစဉ်။

# အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေထောက်ပဲကေ ၁၂၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**အင်းတော် မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေထောက်ပဲကေ ၁၂၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲကေ ၃၄၃၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေထောက်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေ ၁၂၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ တင်းကျော်ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ မြေထောက်ပဲကေ ၃၄၃၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၁၂၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် မြေထောက်ပဲစိုက်တောင်သူများအနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ် ဖျာပုံတမန်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖျာပုံ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖျာပုံတမန်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက ကျေးရွာရှိ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်း ပြောကြားပြီး ဖျာပုံတမန်သစ် ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၆၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဖျာပုံတမန်သစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၂၄၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၁၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၉၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၆၀ ထုတ်ချေးပေးခဲ့ကြောင်း ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

# မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဒေသထွက်သီဟိုဠ်စေ့ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မြန်အောင် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဒေသထွက် သီဟိုဠ်စေ့ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဖြူက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ ဇန်နဝါရီလအတွင်း သီဟိုဠ်စေ့ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး ဖေဖော်ဝါရီလအတွင်း သီဟိုဠ်စေ့ပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မြန်အောင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို သီဟိုဠ်စေ့တွေ တင်ပို့ရောင်းချမှုများပြားလာပါတယ်။ ဒေသထွက် သီဟိုဠ်စေ့တွေကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ ဝယ်ယူမှုတွေရှိပါတယ်။ ဒေသထွက် သီဟိုဠ်စေ့တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်"ဟု မြန်အောင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဖြူက ပြောပြသည်။

မြန်အောင်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက်ကုန် သီဟိုဠ်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

မြန်အောင်မြို့နယ်မှ ထွက်ရှိသည့် သီဟိုဠ်စေ့များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် သီဟိုဠ်စိုက်တောင်သူများ၊ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း မြန်အောင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဖြူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံဂူနီကျောက်စာ နှစ်ချပ်

**မောင်သာ(ရှေးဟောင်းသုတေသန)**

ကမ္ဘာ့အမွေအနှစ်ပုဂံဒေသတွင် တည်ရှိသည့် ဓမ္မရံကြီးဂူဘုရား၏ အနောက်ဘက်၌ တောင်ဂူနီဘုရားနှင့် မြောက်ဂူနီဘုရားဟု အမည်တွင်သည့် ဂူနီဘုရား နှစ်ဆူရှိသည်။ ဘုရားနှစ်ဆူသည် တောင်နှင့်မြောက် ယှဉ်လျက်တည်ရှိသဖြင့် တောင်ဘက်ဘုရားကို တောင်ဂူနီ၊ မြောက်ဘက်ဘုရားကို မြောက်ဂူနီဟုခေါ်ဆိုကြသည်။

တောင်ဂူနီဘုရားကို ပုဂံခေတ်အလယ်ပိုင်း ခရစ်နှစ် ၁၁၉၀ ပြည့်နှစ်တွင် နရပတိစည်သူမင်း၏ အမတ်ကြီးသိဃ်သူက တည်ခဲ့ပြီး မြောက်ဂူနီဘုရားကို ပုဂံခေတ်နှောင်းပိုင်း ခရစ်နှစ် ၁၂၄၁ ခုနှစ်တွင် နရသိင်္ခဥစ္စနာမင်း၏ မိဖုရားဖွားစောက တည်ခဲ့သည်။ အလှူရှင်နှစ်ဦးသည် မိမိတို့တည်သည့် ဂူဘုရားတစ်ဆူစီတွင် ကျောက်စာတစ်ချပ်စီကို ရေးထိုးစိုက်ထူခဲ့သည်။ ထို့ကြောင့် မြောက်ဂူနီဘုရားကျောက်စာသည် ဖွားစောကျောက်စာဖြစ်၍ တောင်ဂူနီဘုရားကျောက်စာသည် အမတ်ကြီးသိဃ်သူ ကျောက်စာဖြစ်သည်။

**တောင်ဂူနီဘုရားကျောက်စာ**

ပုဂံရှိ တောင်ဂူနီဘုရားသည် ကြီးမားသော နှစ်ထပ်လိုဏ်ဘုရားဖြစ်ကာ ၁၂ ရာစုတွင် တည်ဆောက်ခဲ့သည့်လက်ရာဖြစ်သည်။ တောင်ဂူနီဘုရားကို တည်ခဲ့သူသည် နရပတိစည်သူမင်း၏ အမတ်ကြီးသိဃ်သူဖြစ်သည်။ အမတ်ကြီးသည် မိမိ၏အလှူကို ကမ္ပည်းရေးထိုး၍ တောင်ဂူနီဘုရားအတွင်း၌ စိုက်ထူခဲ့သဖြင့် တောင်ဂူနီဘုရားကျောက်စာဟု ထင်ရှားခဲ့သည်။ တောင်ဂူနီဘုရား ကျောက်စာရှေ့မျက်နှာ စာကြောင်းရေ ၁ နှင့် ၂ တွင် "ဩိတြိ ဘဝနာဒိတျပဝရ ဓမ္မရာဇာမင်းကြီး အမတ်ကြီးသိဃ်သူရ်မည်သော ဒါယကာ"ဟု ရေးထိုးထားသည်။

တောင်ဂူနီဘုရားကျောက်စာသည် နှစ်မျက်နှာထိုးကျောက်စာဖြစ်၍ ရှေ့မျက်နှာတွင် စာကြောင်း ၃၁ ကြောင်းနှင့် ကျောဘက်မျက်နှာတွင်စာကြောင်း ၃၂ ကြောင်းပါရှိသည်။ ယခုအခါတွင် တောင်ဂူနီဘုရားကျောက်စာကို ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျောက်စာတိုင်အမှတ် (၅၄) အဖြစ် ထိန်းသိမ်းထားသည်။

ကျောက်စာပါ ခုနှစ်အရ သက္ကရာဇ် ၅၅၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက် သောကြာနေ့တွင် တောင်ဂူနီဘုရားကို ဌာပနာပြုခဲ့သည်။ တောင်ဂူနီဘုရားနှင့်အတူ ပိဋကသုံးပုံ၊ သင်္ကန်းအစုံ ၁၂၀၊ စည်သည်နှင့် ပတ်သာသည်များ၊ လယ်ပယ် ၂၀၀ နှင့် ကျွန် ၁၀၀ ကို လှူခဲ့သည်။

ဌာပနာပြုသည့် အလှူရက်တွင် သံဃာ ရှစ်ပါးကို ပင့်ဖိတ်၍ ပရိတ်ရွတ်ဖတ်ခဲ့ပြီး ပရိတ်ရွတ်သည့်သံဃာများသည် သခင်မဟာထေရ်ပဇ္ဇုရ်ဗောဓိ၊ သခင်ကုဏာသေယ်၊ သခင်အင်္ဂိရ်၊ သခင်မဟာပဏ္ဍိတ် သခင်အက်၊ သခင်ဓမ္မဂမ္ဘိရ်၊ သခင်ဓမ္မ ဂုရု၊ သခင်ဓမ္မနန္ဒိ၊ သခင်နဂါ တို့ ဖြစ်သည်။

အမတ်ကြီးသိဃ်သူသည် သံသရာဆင်းရဲမှ ကုန်ရာဖြစ်သော သဗ္ဗညုဘုရားအဖြစ်ကို အလိုရှိသောကြောင့် လှူဒါန်းကြောင်း၊ ဘုရားမဖြစ်မီ ဘဝများတွင် စည်းညွှင်းဖြင့်နိုးထသည့် စည်းစိမ်ကိုအလိုရှိသဖြင့် ပန်တျာသည်၊ စည်သည်၊ ပတ်သာသည် အစရှိသော အနုပညာသည် ၂၃ ယောက်ကို လှူဒါန်းကြောင်း၊ မွတ်သိပ်သောဆင်းရဲကို မလိုသောကြောင့် ကျောင်းနေ သံဃာများကို လှူဒါန်းကြောင်း၊ ရမ္မက်ကျွန်အဖြစ်မှ တော်လှန်လိုသောကြောင့် ကျွန် ၁၀၀ လှူကြောင်း တို့ကို ရေးထိုးခဲ့သည်။

ကျောက်စာတွင် ဆုတောင်းစာများ ပါရှိသော်လည်း ကျိန်စာများ မပါရှိချေ။

**အမတ်ကြီး၏ ဆန္ဒ သုံးရပ်**

အမတ်ကြီး သိဃ်သူသည် ဘုရားဆုကိုပန်ကာ ဂူဘုရားကို တည်ဆောက်လှူဒါန်းရာတွင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဦးထိပ်ထားကာ အလှူဒါနကိုပြုခဲ့သည်။ ဘုရားအတွက်လှူသော ဂူဘုရား၊ ပန်တျာသည်များ၊ လယ်များ၊ ကျွန်များ၊ တရားအတွက်လှူသော ပိဋကသုံးပုံ၊ သံဃာအတွက်လှူသော သင်္ကန်းများဟု ပိုင်းခြားနိုင်သည်။

အမတ်ကြီးသည် အလှူသုံးမျိုးကို လှူဒါန်းခဲ့ခြင်းဖြစ်ရာ အမတ်ကြီး၏ ပထမဆန္ဒသည် ပဉ္စင်္ဂတူရိယာ (တူရိယာ ငါးပါး) တွင်ပါဝင်သည့် စည်းညွှင်းဖြင့် အိပ်ရာမှ နိုးထလိုခြင်းဖြစ်သည်။ ထို့ကြောင့်



အမတ်ကြီးသိဃ်သူရေးထိုးခဲ့သော ကျောက်စာကိုတွေ့ရှိခဲ့သည့် တောင်ဂူနီဘုရား။

ထိုစည်းစိမ်ကိုပေးနိုင်သည့် ဂီတအဖွဲ့ ၂၃ ဦးကို လှူဒါန်းရာ စည်သည်၊ ပတ်သာသည်၊ ခွက်ခွင်းသည်၊ ကုလားပန်တျာသည်နှင့် မြန်မာပန်တျာသည်များ ပါဝင်ခဲ့သည်။

အမတ်ကြီး၏ ဒုတိယဆန္ဒသည် မွတ်သိပ်သောဆင်းရဲကို မလိုလားခြင်း၊ တစ်နည်း စားရမဲ့သောက်ရမဲ့ ဘဝမျိုးကို မရလိုခြင်းဖြစ်သည်။ ထို့ကြောင့် အဓိကစားဖွယ်ဖြစ်သည့် စပါးနှင့် ဆန်ပြည့်စုံစေရန် လယ်ပယ် ၂၀၀ ကို ဂူဘုရားသို့ လှူခြင်းဖြစ်သည်။

အမတ်ကြီး၏တတိယဆန္ဒသည် ရမ္မက်ဟုခေါ်ဆိုသည့် လောဘ၏ ကျေးကျွန်အဖြစ်မှ တော်လှန်လွတ်မြောက်လိုခြင်း ဖြစ်သည်။ ထို့ကြောင့် မိမိလှူဒါန်းထားသည့် ဘုရားနှင့် သံဃာတော်တို့၏ အမှုကိစ္စများကို ဆောင်ရွက်ရန် ကျွန်အယောက် ၁၀၀ ကို လှူခဲ့သည်။

တောင်ဂူနီဘုရားကျောက်စာသည် ရာဇကုမာရ်ကျောက်စာရေးထိုးပြီး ၇၈ နှစ်အကြာတွင် ရေးထိုးခဲ့သည့် ကျောက်စာဖြစ်သည်။ အမတ်ကြီး သိဃ်သူကျောက်စာရေးထိုးချိန်တွင် မြန်မာစာအရေးအသားနှင့် ဝေါဟာရအသုံးပြုမှုသည် ရာဇကုမာရ်ကျောက်စာ ရေးထိုးချိန်ထက် ပိုမိုတိုးတက်နေပြီဖြစ်ကြောင်း မြန်မာစာပေပညာရှင်များက ယူဆကြသည်။

**ပထမဖွားစောနှင့် မြောက်ဂူနီဘုရား**

ပုဂံခေတ်တွင် စော(စာဝ်) အမည်ခံ မိဖုရားလေးပါးရှိခဲ့ရာ ၎င်းတို့သည် နရသိင်္ခဥစ္စနာမင်း၏ မိဖုရား အမိဖုရားစော။ ထိုမင်း၏ အခြား မိဖုရားတစ်ပါးဖြစ်သည့် မင်းဝိုင်းဖွားစော၊ တရုတ်ပြေးမင်း နရသီဟပတေ့၏ မိဖုရားစောလှဝန်း ဖွားစောနှင့် ကျော်စွာမင်း၏မိဖုရား သစ်မထီးဖွားစောတို့ဖြစ်သည်။

မိဖုရား ဖွားစောလေးပါးတွင် ပထမဖွားစောဖြစ်သည့် အမိဖုရားစောသည် မူလက ဖွားစောဟု အမည်မတွင်ခဲ့ဘဲ ခေတ်ပြိုင်ကျောက်စာများတွင် အမိဖုရားစောဟုသာ အမည်တွင်ခဲ့ကာ ခေတ်လွန်ကျောက်စာများတွင်မှ ဖွားစောဟု အမည်တွင်လာသူဖြစ်ကြောင်း ပုဂံခေတ်ဖွားစောများစာတမ်းတွင် ဖော်ပြထားသည်။

နရသိင်္ခဥစ္စနာမင်း၏မိဖုရား ပထမဖွားစော(အမိဖုရားစော)သည် သံသရာဆင်းရဲမှ ထွက်မြောက်ပြီး နိဗ္ဗာန်ဆုကို ရည်မှန်းကာ မြောက်ဂူနီဘုရားကိုတည်ပြီး ကျွန်၊ လယ်၊ ဥယျာဉ်၊ ပရိက္ခရာ၊ တူရိယာပစ္စည်းများနှင့် တူရိယာပညာရှင်များကို ဘုရားသို့ လှူဒါန်းခဲ့သည်။

မြောက်ဂူနီဘုရားသည် ပုဂံအရှေ့တောင်ဘက်ရှိ ဓမ္မရံကြီးဂူဘုရား၏အနောက်တောင်ဘက် ပေ ၃၀၀ အကွာတွင် တည်ရှိ၍ အရွယ်ကြီးမားသော နှစ်ထပ်လိုဏ်ဘုရားဖြစ်သည်။

နရသိင်္ခဥစ္စနာသည် နားတောင်းများမင်းနှင့် အိမ်တော်သည် မိဖုရားတို့၏ သားတော်ဖြစ်၍ ကျစွာမင်း၏ နှောင်တော်ဖြစ်သည်။ နားတောင်းများမင်း နတ်ရွာစံပြီးချိန်တွင် သားတော် ဂြိတြိဘဝနာ ဒိတျပဝရ ဓမ္မရာဇာဓိရာဇ ဒါနပတိဘွဲ့ခံ နရသိင်္ခဥစ္စနာက ပုဂံထီးနန်းကို ဆက်ခံခဲ့သည်။

နရသိင်္ခဥစ္စနာမင်းနှင့် မိဖုရားဖွားစောသည် သားတော်နှစ်ပါးနှင့် သမီးတော်တစ်ပါး ထွန်းကားခဲ့သော်လည်း သားတော်များသည် ပုဂံထီးနန်းကို ဆက်ခံခွင့်မရခဲ့ပေ။

**မြောက်ဂူနီဘုရားကျောက်စာ**

မြောက်ဂူနီဘုရားကျောက်စာကို မိဖုရားဖွားစောက သက္ကရာဇ် ၆၀၃ ခုနှစ်တွင်ရေးထိုးခဲ့ကာ ယခုအခါတွင် ပုဂံရှေးဟောင်း သုတေသနပြတိုက်၌ ထိန်းသိမ်းပြသထားသည်။

မြောက်ဂူနီဘုရားကျောက်စာသည် ၁၅၄ စင်တီမီတာမြင့်၍ တစ်မျက်နှာထိုးကျောက်စာဖြစ်ကာ စာကြောင်း ၃၆ ကြောင်းပါရှိသည်။ ကျောက်စာတွင် အလှူရှင်၊ လှူဒါန်းသည့် ခုနှစ်၊ လှူရခြင်း၏ ရည်ရွယ်ချက်၊ လှူဒါန်းပုံနှင့် အလှူစာရင်းကို ပြည့်စုံစွာ ရေးထိုးထားသည်။

ကျောက်စာအရ အလှူပြုသည့်ရက်သည် သက္ကရာဇ် ၆၀၃ ခုနှစ်၊ စယ်နှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ (၁၂၄၁ ခုနှစ် ဧပြီ ၂၆ ရက်) ဖြစ်သည်။ မိဖုရားဖွားစောသည် ရှလယ်ကျွန် ၁၇၈ ယောက်၊ လယ် ၂၆၀ နှင့် ဥယျာဉ်နှစ်ခုကို လှူခဲ့သည်။ လှူဒါန်းသည့် ကျွန်များတွင် ဖျင်ထာရ်ဖုတ်နှင့် စသျာအိမ်ထောင်မှ သမီး တဝါ၊ မောင်ပြကတ်၊ သတ္တာအိမ်ထောင်မှ မယား မျာမိတ္တိ၊ သား ငရောက်သစ်၊ ဘယျာအိမ်ထောင်မှ မယား ကန္ဒရီ၊ သမီး ဒုက္ခိ၊ ခေတ္တရာပါလာဖုတ်၊ သား ပန္သျာ၊ စန္သျာဖုတ်၊ တင်ဝါဖုတ် စသူတို့ ပါဝင်ခဲ့သည်။

ထို့ပြင် တူရိယာပညာရှင် ၄၁ ယောက်၊ ရှလယ်အရပ်မှ မြမ်ပြိသည်ငကောင်၊ ညီငလောင်နှင့် ငပြည့်ဂဟူသည့် ကျွန်သုံးယောက်၊ မြင်မူအရပ်မှ နွားအကောင် ၁၀၀ နှင့် နွားထိန်းတစ်ယောက်ကို ဘုရားသို့ လှူဒါန်းခဲ့သည်။

ဂူဘုရားအထက်ဘက်နှင့် အောက်ဘက်တွင် ရှိသည့် ဆင်းတုများကို ဆက်ကပ်ရန် သင်္ကန်းတစ်စုံစီနှင့် ပိတာန်မျက်နှာကြက် တစ်ခုစီကို ပရိက္ခရာပစ္စည်းများအဖြစ် လှူဒါန်းသည်။ အလှူစာရင်းတွင် ရွှေသလွန်၊ ခင်းနီး၊ ကွမ်းချပ်၊ ကြေးဆီမီးတိုင်၊ ကြေးပြားတိုင်၊ ကြေးခရားကြီး၊ခေါင်းလောင်းဆွဲသည့် ဆင်ကြာ၊ ရွှေသပိတ်၊ ငွေသပိတ်၊ လင်ပန်း၊ခွက်၊ စလောင်းကြီးစသည်တို့ကို ဖော်ပြထားသည်။ ဘုရားသို့ လှူသည့် တူရိယာပစ္စည်းများတွင် နရီစည်းဝါး ရှစ်ချပ်၊ တူရိယာနှောင်နင် ကိုးချပ်၊ ခွက်ခွင်း သုံးခုနှင့် ချူ သုံးခု ပါဝင်သည်။

မိဖုရားသည် ဂူကျောင်းတွင် သီတင်းသုံးမည့် သံဃာတော်များ အသုံးပြုရန်လှူဖွယ်ပစ္စည်းများနှင့် ဂူကျောင်းပျက်လျှင် အသုံးပြုရန် ကျွန်များလှူခဲ့ခြင်းဖြစ်သည်။

စာသင်တိုက် ၁၀ တိုက်မှ စာချရဟန်းတော်များကို ဂူကျောင်းသို့လှူဒါန်းသည့် လယ်မှထွက်ရှိသော ဆန်များကို တစ်လလျှင် ငါးတင်းစီ ပေးလှူစေခဲ့သည်။ ကဆုန်၊ ဝါဆို၊ ဝါခေါင်နှင့် သီတင်းကျွတ်လပြည့်ရက်များတွင် အလှူကြီး ပြုလုပ်ရန်၊ ဆွမ်းတော်ကြီးပွဲအတွက် ဆန်တစ်တင်းခွဲ၊ စပါး လေးတင်း၊ ဝါတွင်းကာလ ရက်သတ္တတစ်ပတ်လျှင် ဆန်သုံးပြည်၊ ဆန်ဖြူတစ်တုံ၊ သစ်သီး၊ ကွမ်းဖိုး အလုံးစုံအတွက် စပါးခြောက်တင်းလှူရန် စီစဉ်ခဲ့သည်။

ထို့ပြင် တစ်ဝါတွင်းလျှင် စပါး ခုနစ်တင်းနှင့်တစ်စိတ်၊ တရားဆုချီးမြှင့်သော ရဟန်းအတွက်လည်းကောင်း၊ ဘုရားဆွမ်းတော်ကပ်ရန်အတွက်လည်းကောင်း ဆန်တစ်တင်းနှင့် တစ်ခွက်လှူရန် သတ်မှတ်ပေးခဲ့သည်။ ကွမ်းဖိုးအဖြစ် တစ်ပတ်လျှင် ဆန်တစ်ပြည် အသုံးပြုစေသည်။ အလှူရှင်က သူ၏လှူဒါန်းမှုသည် ဆန်တင်း ၂၀၊ တစ်စိတ်နှင့် တစ်ပြည်ကုန်မည်ဟု ရေးထိုးထားပြီး ဝါတွင်းမဟုတ်သည့်နေ့တိုင်း ဆွမ်းချက်ရန် တစ်ရက်လျှင် ဆန် သုံးပြည်၊ စပါး သုံးပြည်၊ ဆွမ်းဟင်းနှင့် ကွမ်းဖိုးအတွက် စပါး ၁၀ ပြည် အကုန်အကျခံ လှူဒါန်းရမည်ဖြစ်ကြောင်းလည်း ရေးထိုးခဲ့သည်။ တစ်လလျှင် စပါး ၁၈ တင်းနှင့် သုံးစိတ်၊ တစ်နှစ်လျှင် စပါး ၂၂၅ တင်း သုံးစွဲရန်ဟု ကျောက်စာတွင် မှတ်တမ်းတင်ခဲ့သည်။

ဘုရားရှင် ကွမ်းဝတ်အတွက် တစ်ရက်လျှင် ကွမ်းသီး ၁၀ လုံး၊ တစ်လလျှင် အလုံး ၃၀၀၊ တစ်နှစ်လျှင် အလုံး ၃၆၀၀ သုံးစွဲစေကာ ပြုပြင်သည်နှင့် ကန်ရသည် အမည်ရှိသူ နှစ်ဦးကို လယ်တစ်ပယ်စီ အပိုင်စားရစေသည်။ အလှူရှင်၏ ဂူဘုရားအတွက် လှူထားသည့် ဘုရားကျွန်၊ စည်သည်၊ ပန်တျာ စသူတို့အတွက် စပါး ၁၃၅ တင်း ပေးရန် လယ်မြေမှ ထွက်ရှိပါစေဟုရေးကာ ကျောက်စာကို အဆုံးသတ်ထားသည်။

စာမျက်နှာ ၅ သို့ á

# ၂၀၂၆ ခုနှစ်၊ ၈၁ နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး ၃ ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့် လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည် ၃ ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ရေး။

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ပွင့်ဖြူ မတ် ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းဧက ၁၅၂၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် နှမ်း ၈ ဒသမ ၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်းဧက ၁၅၂၈၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းစိုက်တောင်သူများကို သီးနှံအထွက်နှုန်း ကောင်းမွန်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှား ရောဂါအန္တရာယ် ကင်းရှင်းရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ သီးနှံများ အချိန်မီရိတ်သိမ်းနိုင်ရေးနှင့် ရိတ်သိမ်းပြီး သီးနှံများ စနစ်တကျ ထားသိုထိန်းသိမ်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

á **စာမျက်နှာ ၄ မှအဆက်**

ပုဂံခေတ်တွင် စေတီ၊ ပုထိုး၊ ဂူကျောင်း စသည်တို့၌ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ဆောင်ရွက်ရန် ကျွန်များလှူဒါန်းကြသည်။ အချို့သူများက မိမိနှင့်တကွ မိမိဇနီးသားသမီးများကို ဘုရားကျွန်အဖြစ် လှူဒါန်းမှုများပင်ရှိခဲ့သည်။ ၎င်းတို့သည် ဘုရားကျောင်းဝင်းအတွင်း တံမြက်လှည်းခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေညှိခြင်း၊ ဆွမ်းဝတ် ကွမ်းဝတ်ဆောင်ရွက်ခြင်း၊ ဘုရားကျောင်း အဆောက်အအုံ ကျိုးပဲ့ပျက်စီးလျှင် ပြုပြင်ပြင်ဆင်ခြင်းစသည်တို့ကို ဆောင်ရွက်ရသူများဖြစ်သည်။ အချို့သော ကျွန်များတွင် ကျေးရွာကို အုပ်ချုပ်သည့် သံပျင်များပင်ပါရှိခဲ့ရာ မိဖုရားဖွားစောကျောက်စာ စာကြောင်းရေ ၁၈ တွင် "သံဗျင်သျှမ်လေ ငါလောင်မည်သော ကျွန်တစ်ယောက် လှူအေ်" ဟု ရေးထိုးထားသည်။

ပုဂံခေတ်တွင် ဆွမ်းချက်ချိန်၊ ဆွမ်းကပ်ချိန် နံနက်နှင့် ည ဘုရားဝတ်ပြုချိန်တွင် တူရိယာများကို တီးမှုတ်သဖြင့် စည်၊ ပတ်သာ၊ နရည်းစရာ၊ ခွက်ခွင်းစသည့် တူရိယာပစ္စည်းများနှင့် တီးမှုန်သူ ပန်တျာသည်များကို ဘုရားသို့ လှူဒါန်းခြင်းဖြစ်သည်။ ထိုသူများကို ထောက်ပံ့ရန် သို့မဟုတ် ထိုသူများလုပ်ကိုင်စားသောက်ရန် လယ်မြေများကိုပါ လှူဒါန်းကြခြင်းဖြစ်ကြောင်း ကျောက်စာအထောက်အထားအရ သိရသည်။

တောင်ဂူနီဘုရားနှင့် မြောက်ဂူနီဘုရားတို့သည် တည်ဆောက်ချိန် နှစ် ၅၀ ကျော် ကွာခြားကြသော်လည်း အလှူရှင်များ ရေးထိုးစိုက်ထူခဲ့သည့် ကျောက်စာနှစ်ချပ်သည် ပုဂံခေတ်၏ လူမှုဘဝသမိုင်းပုံရိပ်များကို ဖော်ညွှန်းလျက်ရှိနေပေသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ၊ဒုတိယတွဲ(ဦးငြိမ်းမောင်)**
- **ပုဂံခေတ် မြန်မာနိုင်ငံသမိုင်း(ဒေါက်တာတိုးလှ)**
- **ပုဂံဆက်(ဒေါက်တာသန်းထွန်း)**
- **ပုဂံခေတ်ဖွားစောများ(ဗိုလ်မှူးဘရှင်)**

# အောင်မြင်ဖို့ရာ ကြိုးစားပါ

\- တက္ကသိုလ်ဝင် စာမေးပွဲ
ယှဉ်ပြိုင်နွဲ့ မောင်မယ်တွေ၊
ဖွဲ့ လုံ့လ ဝီရိယထား
ကြိုးစားလို့နေ၊
ဘဝတစ်သက်တာ အောင်မြင်ဖို့လေ
ဖြတ်သန်းပေ ပထမအဆင့်၊
လှေကားထောင် အမြင့်တက်
စာဖတ်လို့ ဝင့်။

\- ပွဲမဝင်ခင် အပြင်ကကျင်းပ
ဆိုရိုးစကားက အမှန်တကယ်၊
စာမေးပွဲကြီး မဖြေခင်လေး
စာရေးကျင့်ကွယ်၊
အရေး အဖတ် အတွက်ရယ်
ဉာဏ်သုံးမျိုးကွယ် ပိုင်နိုင်မှ၊
လိုချင်ရာ ပန်းတိုင်ဖောက်
ရောက်နိုင်ပေစွ။

\- စာမေးပွဲကြီး အောင်မြင်ဖို့
အားထုတ်လို့ ကြိုးစားနေ၁၊
မိဘဆရာ မြတ်ကျေးဇူး
ဦးစွာဆပ်သော်၊
ဂုဏ်ထူးများနဲ့ ပြုံးပန်းပျော်
အနာဂတ်မျှော် ဘဝခရီး၊
ရည်မှန်းချက်တွေ ကိုယ်စီမှန်း
ပန်းတိုင်သို့နီး။ ။

**ဇင်မင်းစိုး (ဗိုလ်ကလေး)**

# တန့်ယန်းမြို့နယ် ဟိုမန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း မတ် ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုမန်းကျေးရွာနှင့် နောင်ဖိုင်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၉ ရက် နံနက်ပိုင်းက ဟိုမန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၃၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုမန်းကျေးရွာနှင့် နောင်ဖိုင်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၃ ဦးကို ရန်ပုံငွေကျပ် ၆၃၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းထံမှ သိရသည်။

**ချိုသန်းညွန့်**

# နိုင်ငံတကာ သတင်းများ

## ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေးအတွက် ပြင်ဆင်နေကြောင်း ပြင်သစ်သမ္မတ ပြောကြား



**နီကိုရှား မတ် ၁၀**

ပြင်သစ်နှင့် မဟာမိတ်နိုင်ငံများ အနေဖြင့် ဟော်မုဇ်ရေလက်ကြား ပြန်လည် ဖွင့်လှစ်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ပြင်သစ်သမ္မတမက်ခရွန်က မတ် ၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒေသတွင်းလုံခြုံရေး ကိစ္စများ ဆွေးနွေးရေးအတွက် ဆိုက်ပရပ်စ်နိုင်ငံသို့ ရောက်ရှိနေစဉ် ပြင်သစ်သမ္မတမက်ခရွန်က ထိုသို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခ၏ အပြင်းထန်ဆုံးအဆင့် ပြီးဆုံးချိန်တွင် ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေး အတွက် ကုန်တင်သင်္ဘောများနှင့် ရေနံတင်သင်္ဘောများကို စစ်သင်္ဘောများဖြင့် လုံခြုံရေးယူပေးရန် ပြင်သစ်နှင့် မဟာမိတ်နိုင်ငံများက စီစဉ်နေကြောင်း ပြင်သစ်သမ္မတက ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်နိုင်ငံကို စစ်ရေးအရ စတင်တိုက်ခိုက်ခဲ့ပြီးနောက် ဟော်မုဇ်ရေလက်ကြား ရေကြောင်းသွားလာမှုများ ရပ်ဆိုင်းခဲ့ရသည်။

ဟော်မုဇ် ရေလက်ကြားသည် ကမ္ဘာ့ရေနံထုတ်လုပ်မှု စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းဖြတ်သန်းနေသော မဟာဗျူဟာမြောက် ရေကြောင်းလမ်းဖြစ်သည်။

ပြင်သစ်သမ္မတ၏ အဆိုအရ ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ရေး အတွက် ဥရောပနိုင်ငံများအပြင် ဥရောပမှမဟုတ်သည့် နိုင်ငံများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရုရှားသမ္မတနှင့် အမေရိကန်သမ္မတ အီရန်အရေးအတွက် ဖုန်းခေါ်ဆိုဆွေးနွေး




**မော်စကို မတ် ၁၀**

ရုရှားသမ္မတ ပူတင်သည် မတ် ၉ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဖုန်းခေါ်ဆို၍ အီရန်စစ်ရေးပဋိပက္ခနှင့် ယူကရိန်းစစ်ရေးပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မတ် ၉ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်က အီရန်စစ်ရေးပဋိပက္ခကို အမြန်ဆုံး အဆုံးသတ်နိုင်ရေးအတွက် အဆိုပြုချက်များ ဆွေးနွေးခဲ့ကြကြောင်း ရုရှားအစိုးရနိုင်ငံခြားရေး မူဝါဒ အကြံပေး ယူရီအူရှာကော့ဗ်က ပြောကြားထားသည်။

ထို့ပြင် သမ္မတပူတင်နှင့်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ယူကရိန်းစစ်ရေးပဋိပက္ခ အဆုံးသတ်ရေးအတွက်လည်း ဆွေးနွေးခဲ့ကြကြောင်း အူရှာကော့ဗ်၏ အဆိုအရ သိရသည်။

သမ္မတပူတင်နှင့်သမ္မတဒေါ်နယ်ထရမ့်တို့၏ မတ် ၉ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲမှာ များစွာလက်တွေ့ကျပြီး နှစ်ဖက်သဘောထားအမြင်များကို အပြန်အလှန်ဖလှယ်နိုင်ခဲ့ကြကြောင်း အူရှာကော့ဗ်က သုံးသပ်ထားသည်။

မတ်၉ရက်ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် သမ္မတပူတင်နှင့် သမ္မတဒေါ်နယ်ထရမ့်တို့အနေဖြင့် ဗင်နီဇွဲလားအရေးကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်သည် ဒုတိယရက်သတ္တပတ်အတွင်း ဝင်ရောက်လာပြီဖြစ်သည့် အီရန်စစ်ရေးပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် ပင်လယ်ကွေ့ အာရပ်နိုင်ငံများမှ ခေါင်းဆောင်များနှင့်လည်း ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဘရာမော့စ်ဒုံးကျည်စနစ်များဝယ်ယူရန် အိန္ဒိယနှင့် သဘောတူညီချက်ရယူထားကြောင်း အင်ဒိုနီးရှား ပြောကြား




**ဂျကာတာ မတ် ၁၀**

ဘရာမော့စ် ဒုံးကျည်စနစ်များ ဝယ်ယူရေးအတွက် အိန္ဒိယနိုင်ငံနှင့် သဘောတူညီချက်တစ်ရပ်ရရှိထားပြီဖြစ်ကြောင်း အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးဌာနက မတ် ၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာ သန်း ၂၀၀ နှင့် သန်း ၃၅၀ ကြားတန်ဖိုးရှိသည့် ဘရာမော့စ် ဒုံးကျည်စနစ်များ ရောင်းချရေး သဘောတူညီချက် ရယူရေးအတွက် အင်ဒိုနီးရှားနှင့် ဆွေးနွေးနေကြောင်း ဘရာမော့စ်ကုမ္ပဏီက ၂၀၂၄ ခုနှစ်ကပင် ပြောကြားထားသည်။

လက်ရှိတွင် ဘရာမော့စ်ဒုံးကျည်စနစ်များဝယ်ယူရေး သဘောတူညီချက်တစ်ရပ်ကို ဘရာမော့စ်ကုမ္ပဏီနှင့် ရယူထားပြီးဖြစ်ကြောင်း အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မတ် ၉ ရက်တွင် အတည်ပြုထားသည်။

ဘရာမော့စ်ကုမ္ပဏီသည် ရုရှားနှင့် အိန္ဒိယနိုင်ငံတို့ ပူးတွဲပိုင်ဆိုင်ထားသည့်လက်နက်ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည်။

နယူးဒေလီမြို့၌ ဌာနချုပ်ဖွင့်ထားသည့် ဘရာမော့စ်ကုမ္ပဏီသည် မြေပြင်၊ ရေပြင်၊ ရေအောက်တို့မှတစ်ဆင့် ပစ်လွှတ်နိုင်သော ဘရာမော့ခ်ခရုစ်ဒုံးကျည်စနစ်များကို ထုတ်လုပ်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံက ဝယ်ယူမည့် ဘရာမော့စ်ဒုံးကျည်စနစ်များ၏ တန်ဖိုးပမာဏကို အင်ဒိုနီးရှား ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ဖော် ပြောကြားထားခြင်း မရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## လွှတ်တော်သက်တမ်း နှစ်နှစ်ထပ်တိုးရန် လက်ဘနွန်လွှတ်တော်အမတ်များ ဆုံးဖြတ်

**ဘေရွတ် မတ် ၁၀**

လွှတ်တော်၏ လက်ရှိသက်တမ်းကို နှစ်နှစ်ထပ်တိုးရေးဥပဒေကြမ်းကို လက်ဘနွန်လွှတ်တော်က မတ် ၉ ရက်တွင် မဲခွဲအတည်ပြုခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လက်ရှိ လွှတ်တော်၏သက်တမ်းကို နှစ်နှစ်ထပ်မံတိုးမြှင့်ရေး ဥပဒေကြမ်းကို လက်ဘနွန်လွှတ်တော် အမတ် ၁၂၈ ဦးအနက် ၇၆ ဦးတို့က ထောက်ခံမဲပေးခဲ့ကြောင်း လက်ဘနွန်လွှတ်တော်ဥက္ကဋ္ဌရုံးက သတင်းထုတ်ပြန်ထားသည်။

လက်ဘနွန်လွှတ်တော်၏ လက်ရှိသက်တမ်းကို နှစ်နှစ်ထပ်တိုးရန် လွှတ်တော်အမတ်များက ဆုံးဖြတ်ခဲ့မှုကြောင့် ယခုနှစ်အတွင်းကျင်းပရန်စီစဉ်ထားသော လွှတ်တော်ရွေးကောက်ပွဲများကိုလည်း ဆိုင်းငံ့ထားရတော့မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့ပြီး လက်ဘနွန်နိုင်ငံထိ ကူးစက်ခဲ့သော အီရန်စစ်ရေးပဋိပက္ခကြောင့် လက်ရှိလွှတ်တော်၏ သက်တမ်းကို နှစ်နှစ်ထပ်တိုးရန် လက်ဘနွန်လွှတ်တော်အမတ်များက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီရန် စစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးနိုင်ငံကို ဒုံးကျည်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အစ္စရေးတပ်မတော်က လက်ဘနွန်နိုင်ငံတွင်းရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

ဟစ်ဇ်ဘိုလာအုပ်စုသည် အီရန်နိုင်ငံ၏ အဓိကဒေသတွင်းမဟာမိတ် ရှီးယိုက်စ်လက်နက်ကိုင်အုပ်စုဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပြုံယမ်း-ပေကျင်း ရထားခရီးစဉ်များ ယခုရက်သတ္တပတ်တွင် ပြန်လည်စတင်ပြေးဆွဲမည်

**ပေကျင်း မတ် ၁၀**

မြောက်ကိုရီးယား နိုင်ငံ၏ ပြုံယမ်းမြို့နှင့် တရုတ်နိုင်ငံ ပေကျင်းမြို့တို့ကြား ခရီးသည်တင်ရထားပြေးဆွဲမှုကို ယခုရက်သတ္တပတ်အတွင်း စတင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရ ကိုရီးယားကျွန်းဆွယ် ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

တရုတ်နှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကပ်ဘေးကြောင့် ခြောက်နှစ်ကြာရပ်ဆိုင်းထားသော ပြုံယမ်း-ပေကျင်း ရထားခရီးစဉ်များကို ယခုရက်သတ္တပတ်အတွင်း ပြန်လည်စတင်ပြေးဆွဲရန် စီစဉ်ထားသည်ဟု အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ပြုံယမ်း-ပေကျင်း ရထားခရီးစဉ်များကို မတ် ၁၂ ရက်တွင် ပြန်လည်စတင်ပြေးဆွဲမည်ဖြစ်ပြီး ရက်သတ္တပတ်လျှင် လေးကြိမ်ထိ ပြေးဆွဲပေးရန် စီစဉ်ထားကြောင်း တရုတ်အစိုးရ ရထားလုပ်ငန်းတာဝန်ရှိသူများက မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ ရထားလမ်းကြောင်းသည် မြောက်ကိုရီးယားနိုင်ငံနှင့် ၎င်း၏စီးပွားရေးမဟာမိတ် တရုတ်နိုင်ငံတို့ကြား အရေးပါသည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကပ်ဘေးစတင်ချိန် ၂၀၂၀ ပြည့်နှစ်အစောပိုင်း ကာလများမှစ၍ နယ်စပ်များကို တင်းကျပ်စွာပိတ်ထားခဲ့သည်။

ယခုအချိန်ထိလည်း မြောက်ကိုရီးယားနိုင်ငံသည် ပြည်ပခရီးသွားလုပ်ငန်းအများစုကို ပိတ်ထားဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ DART မစ်ရှင်က ဒီမောဖော့စ်ဂြိုဟ်သိမ်၏ နေပတ်လမ်းကို အောင်မြင်စွာပြောင်းလဲနိုင်ခဲ့




**ဝါရှင်တန် မတ် ၁၀**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ DART မစ်ရှင်သည် ဒီမောဖော့စ်အမည်ရှိဂြိုဟ်သိမ်၏နေပတ်လမ်းကို အောင်မြင်စွာ ပြောင်းလဲနိုင်ခဲ့ကြောင်း မတ် ၉ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် ဂြိုဟ်သိမ်လမ်းကြောင်းပြောင်းလဲမှု နည်းပညာစမ်းသပ်မှု လုပ်ငန်းစဉ်အရ ၂၀၂၂ ခုနှစ်တွင် DART အမည်ရှိ အာကာသယာဉ်ဖြင့် ဒီမောဖော့စ်ဂြိုဟ်သိမ်ကို ဝင်တိုက်ခဲ့ကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ DART အာကာသယာဉ် ဝင်တိုက်ခဲ့ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်နှင့် ၎င်းဗဟိုပြုလှည့်ပတ်နေသည့် ဒီမောဖော့စ်ဂြိုဟ်သိမ်တို့၏ နေပတ်လမ်း တစ်ပတ်ကြာမြင့်ချိန်မှာ သုည ဒသမ ၁၅ စက္ကန့်ပိုနည်းသွားသည်။

ထို့ပြင် DART အာကာသယာဉ် ဝင်တိုက်မှုကြောင့် မိုင် သန်း ၃၀၀ ရှိသော နေပတ်လမ်းကြောင်းမှာလည်း မီတာ ၇၂၀ ပိုလျော့ကျသွားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နောက်ဆက်တွဲ လေ့လာချက်များအရ DART မစ်ရှင်သည် ဒီမောဖော့စ်ဂြိုဟ်သိမ်၏နေပတ်လမ်းကို အောင်မြင်စွာလမ်းကြောင်းပြောင်းနိုင်ခဲ့ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၅ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် အောင်မြင်စွာလွှတ်တင်

**ဝါရှင်တန် မတ် ၁၀**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၂၅ စင်းကို မတ် ၈ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း မတ် ၉ ရက် သတင်းများအရ သိရသည်။

စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၅ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တု ၂၅ စင်းကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း စပေ့အိတ်တာဝန်ရှိသူများက ပြောကြားသည်။



ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့် စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

မတ် ၈ ရက် မစ်ရှင်အောင်မြင်မှုကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုကွန်ရက်၌ ဝန်ဆောင်မှုပေးနိုင်သော ဂြိုဟ်တုအစင်းရေမှာ ၉၉၁၅ စင်းထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ ၂၉ ခုမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ဆိုက်ဂနက်စ်အိတ်စ်အယ်လ်အာကာသကုန်တင်ယာဉ်ကို ယခုနှစ် ဧပြီ ၈ ရက်တွင် နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်မည်

**ဝါရှင်တန် မတ် ၁၀**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် နော့သ်ရော့ဂရူးမင်း ကုမ္ပဏီတို့သည် ဆိုက်ဂနက်စ်အိတ်စ်အယ်လ်အာကာသကုန်တင်ယာဉ်ကို ယခုနှစ် ဧပြီ ၈ ရက်တွင် နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်မည်ဖြစ်ကြောင်း မတ် ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆိုက်ဂနက်စ်အိတ်စ်အယ်လ်အာကာသကုန်တင်ယာဉ်ကို ဧပြီ ၈ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း နာဆာအဖွဲ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဆိုက်ဂနက်စ်အိတ်စ်အယ်လ်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းထောက်ပို့မစ်ရှင်များအတွက် နော့သ်ရော့ဂရူးမင်းကုမ္ပဏီက တည်ဆောက်ခဲ့သော ၃၄ စင်းမြောက် ဆိုက်ဂနက်စ်အိတ်စ်အယ်လ်အာကာသကုန်တင်ယာဉ်ဖြစ်သည်။

ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့်အခြားလိုအပ်သည့် ပစ္စည်းများ သယ်ယူသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆိုက်ဂနက်စ်အိတ်စ်အယ်လ်အာကာသကုန်တင်ယာဉ်သည် အစာခြေလမ်းကြောင်းဘက်တီးရီးယားစုဖွဲ့မှုကို လေ့လာရေးအတွက်ဘက်တီးရီးယားနမူနာများကိုလည်း သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိပြီးနောက် ယခုနှစ် အောက်တိုဘာလထိ ဆက်လက်ဆိုက်ကပ်နေမည်ဖြစ်သည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ဆေးခြောက်ပင်မှရရှိသော ဓာတုဒြပ်ပေါင်းနှစ်မျိုးက MASLD အသည်းအဆီဖုံးရောဂါကို ကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိ

**ဂျေရုဆလင် မတ် ၁၀**

ဆေးခြောက်ပင်မှ ရရှိသည့် ဓာတုဒြပ်ပေါင်း နှစ်မျိုးသည် MASLD အသည်းအဆီဖုံးရောဂါကို ကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း အစ္စရေးသုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ မတ် ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

MASLD (Metabolic Dysfunction-Associated Steatotic Liber Disease) ရောဂါသည် အဖြစ်အများဆုံး အသည်းအဆီဖုံးရောဂါဖြစ်ပြီး အရွယ်ရောက်သူသုံးဦးလျှင် တစ်ဦးခန့် ခံစားရနိုင်သည့်ရောဂါဖြစ်ကြောင်း သိရသည်။

အစ္စရေးသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆေးခြောက်ပင်မှရရှိသော Cannabidiol(CBD) နှင့် Cannabigerol (CBG) ဓာတုဒြပ်ပေါင်းများသည် MASLD အသည်းအဆီဖုံးရောဂါကို ကုသရာတွင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။

CBDနှင့် CBG ဓာတုဒြပ်ပေါင်းများသည် အသည်းအင်္ဂါ၏စွမ်းအင်စီမံခန့်ခွဲနိုင်မှုပုံစံ၊ ကိုယ့်ကိုယ်ကိုယ်ပြန်လည်သန့်စင်မှု ပုံစံများကို ပြောင်းလဲပေးခြင်းဖြင့် အသည်းကျန်းမာရေးကို ထိန်းပေးနိုင်ဖွယ်ရှိကြောင်း၊ CBDနှင့် CBG ဓာတုဒြပ်ပေါင်းများသည် ဆေးခြောက်ပင်မှရရှိသော်လည်း စိတ်ကိုပြောင်းလဲစေတတ်သည့် ဂုဏ်သတ္တိမရှိကြောင်း အစ္စရေးသုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## GLP-1 အုပ်စုဝင်ဆေးများက မူးယစ်ဆေးစွဲလမ်းနိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် မတ် ၁၀**

အဝလွန်မှုနှင့် ဆီးချိုရောဂါတို့ကို ကုသရာတွင် အသုံးပြုသော GLP-1 အုပ်စုဝင်ဆေးများသည် မူးယစ်ဆေး စွဲလမ်းနိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ မတ် ၉ ရက် သတင်းများတွင်ရေးသားဖော်ပြထားသည်။

Ozempic နှင့် Wegovy ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများသည် သွေးအတွင်းသကြားဓာတ်ပါဝင်မှုနှင့် အစာစားလိုစိတ်ကို ထိန်းချုပ်ပေးသည့် ဟော်မုန်းတစ်မျိုးကို တုပခြင်းဖြင့် ဆီးချိုရောဂါနှင့် အဝလွန်မှုတို့ကို ကုသပေးသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ GLP-1 အုပ်စုဝင်ဆေးများသည် မူးယစ်ဆေးစွဲလမ်းနိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ဆီးချိုရောဂါလူနာ ၆၀၀၀၀၀ ကျော်တို့၏ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ရာ GLP-1 အုပ်စုဝင်ဆေးသုံးစွဲသူလူနာများသည် အခြားဆီးချိုဆေးသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက မူးယစ်ဆေးစွဲနိုင်ခြေပို၍နည်းပါးကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ GLP-1 အုပ်စုဝင်ဆေးများသည် အရက်စွဲနိုင်ခြေကို ၁၈ ရာခိုင်နှုန်း၊ ကိုကင်းစွဲနိုင်ခြေကို ၂၀ ရာခိုင်နှုန်းနှင့် ဆေးခြောက်စွဲနိုင်ခြေကို ၁၄ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို အနိုင်ရ




ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပ အားကစားကွင်းတွင် ရတနာပုံ အက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲအစ တစ်မိနစ်တွင် ကောင်းစည်သူက ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို သုံး မိနစ်တွင် နေဦးလွင်က ရတနာပုံ အက်ဖ်စီအသင်းအတွက် ချေပဂိုး ပြန်လည် သွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပွဲချိန် ၆၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ရတနာပုံအက်ဖ်စီ အသင်းက ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့သော်လည်း ပွဲချိန် ၈၉ မိနစ်တွင် မျိုးဆက်ပိုင်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့ပြီး ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုလေးမိနစ်တွင် ဘလာမိုဝက်ဇ်က ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် မတ် ၁၁ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သီဟဒီပ အားကစားကွင်း၌ ဟံသာဝတီ ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ISPE အသင်းနှင့် ဒဂုံပေါ့ အသင်းတို့ ကစားကြမည်ဖြစ်ကြောင်း သိရသည်။ STA

# Indian Wells Masters တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ကို အယ်ကာရက်ဇ် တက်ရောက်

ကယ်လီဖိုးနီးယား မတ် ၁၀

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် Indian Wells Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ပြင်သစ်တင်းနစ် ကစားသမား ရင်ဒက်နက်ချ်တို့ ယှဉ်ပြိုင်ခဲ့ရာ အယ်ကာရက်ဇ်က (၆-၇ ၊ ၆-၃ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရပြီး စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis World USA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ပထမ ပွဲငယ်တွင် tie-break အဆင့်၌ ရှုံးနိမ့်ခဲ့ပြီးနောက် ဒုတိယပွဲငယ် တွင် အမှားများကို ပြန်လည် ပြင်ဆင်ခဲ့ကာ ပြတ်သားသည့် ရလဒ်ဖြင့်အနိုင်ရခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်ကပင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

အယ်ကာရက်ဇ်က "ရင်ဒက်နက်ချ်ဟာ ကစားသမားကောင်းတစ်ယောက်ပါ။ ပထမပွဲငယ်မှာ သူကစားသွားတာ သိပ်ကောင်းပါတယ်။ ဒုတိယပွဲငယ်မှာတော့ ကျွန်တော့်အနေနဲ့ ပထမပွဲငယ်က အမှားတွေကို ပြန်သုံးသပ်ပြီးတော့ အကောင်းဆုံး ပြင်ဆင်နိုင်ခဲ့ပါတယ်။ တတိယပွဲငယ်မှာလဲ အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis World USA
Trs : AZL



# ရန်ကုန်ယူနိုက်တက်အသင်းက ယူ-၂၀ အသင်းအတွက် ကစားသမားရွေးချယ်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင် ထိပ်တန်းကလပ် ရန်ကုန်ယူနိုက်တက်အသင်းက ယူ-၂၀ အသင်းအတွက် ကစားသမား ရွေးချယ်ပွဲကို လာမည့် မတ် ၂၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ Yangon United Sports Com-plex 12 ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းက အသင်းတွင် မျိုးဆက်သစ်ကစားသမားများပေါ်ထွက်လာစေရန်နှင့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲဝင်ရောက်မည့် ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်း အတွက် အရည်အချင်းရှိ လူငယ်ကစားသမားများ အင်အားဖြည့်တင်းနိုင်ရန်အတွက် လူငယ်ကစားသမားရွေးချယ်ပွဲ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်း၏ ယူ-၂၀အသင်းအတွက် ကစားသမားရွေးချယ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ၁-၅-၂၀၀၆ ခုနှစ်မှ ၃၁-၁၂-၂၀၀၈ ခုနှစ်အတွင်း မွေးဖွားသူများဖြစ်ရမည်ဖြစ်ပြီး နိုင်ငံသားမှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ မွေးစာရင်း၊ စမတ်ကတ်တို့ကို ယူဆောင်လာရမည်ဖြစ်သည်။

အဆိုပါ ကစားသမားရွေးချယ်ပွဲသို့ အခြားဒေသများမှ လာရောက် အရွေးချယ်ခံလိုသူများကို ရန်ကုန်ယူနိုက်တက် အသင်းက နေထိုင်စားရိတ် စီစဉ်ပေးမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်း၏ယူ-၂၀ အသင်းအတွက် ကစားသမားရွေးချယ်ပွဲကို မတ် ၂၃ ရက်မှ စတင်ပြီး လေးရက်ကြာကျင်းပမည်ဖြစ်ကာ အရွေးချယ်ခံလိုသူများအနေဖြင့် 09-768107629 ထံ Viberမှ စာရင်းပေးသွင်းရမည် ဖြစ်ကြောင်း သိရသည်။

STA

# နိုင်ငံတကာ ခြေစမ်းပွဲကစားမည့် ဘရာဇီးအသင်း၏ ပဏာမကစားသမားစာရင်းတွင် ဆန်းတို့စ်အသင်းမှ နေမာ ပြန်လည်ပါဝင်လာ

ရီယိုဒီဂျနေးရိုး မတ် ၁၀

ဘရာဇီးအသင်း နည်းပြ အန်ဆယ်လော့တီက ယခုလ အတွင်း နိုင်ငံတကာခြေစမ်းပွဲ ကစားမည့် အသင်းပဏာမကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ရာ ဆန်းတို့စ်အသင်း တိုက်စစ်မှူး နေမာ ပြန်လည်ပါဝင်လာကြောင်း The Telegraph သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရာဇီးအသင်းတွင် အစောပိုင်းနှစ်များက ကြယ်ပွင့်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသည့် နေမာသည် နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများနှင့်ရုန်းကန်ခဲ့ရပြီးနောက် ဘရာဇီးအသင်းကစား သမားစာရင်းတွင် ကာလရှည်ပါဝင်နိုင်ခြင်း မရှိခဲ့ဘဲ ယခုအခါ ဘရာဇီးအသင်း ကစားသမား စာရင်းတွင် ပြန်လည်ပါဝင်နိုင်ရန် ကြိုးပမ်းနေသူဖြစ်သည်။

နေမာသည် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီး အသင်း ကစားသမားစာရင်း၌ ပြန်လည် ပါဝင်လိုသည့်အတွက် အသင်းဟောင်း ဆန်းတို့စ်အသင်း ထံ ပြန်လည်ပြောင်းရွှေ့ခြေစွမ်းပြ ကစားခဲ့ပြီးနောက် ယခုလအတွင်း နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ ကစားမည့် ဘရာဇီးအသင်း၏ ပဏာမ ကစားသမားစာရင်း တွင် ပြန်လည်ပါဝင်လာခဲ့ခြင်း ဖြစ်သည်။

နေမာသည် ဘရာဇီးယူ-၁၇ အသင်း၊ ယူ-၂၀အသင်း၊ ယူ-၂၃ အသင်း စသည့်အသင်းများတွင် အဆင့်ဆင့်ကစားခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ်က ဘရာဇီးလက်ရွေးစင် အသင်းတွင် စတင်ပါဝင်ကစား ခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၂၈ ပွဲတွင် သွင်းဂိုး ၇၉ ဂိုးထိ သွင်းယူထားသူဖြစ်ကြောင်း သိရသည်။

Ref : The Telegraph
Trs : STA

# အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ ထိပ်တိုက်တွေ့ဆုံ

လန်ဒန် မတ် ၁၀

အက်ဖ်အေဖလား ကွာတား ဖိုင်နယ်အဆင့်အတွက် မဲခွဲမှုအပြီး တွင် ပရီးမီးယားလိဂ်ထိပ်တန်း အသင်းကြီးများဖြစ်ကြသည့် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ ထိပ်တိုက် တွေ့ဆုံနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ မဲခွဲမှုအပြီးတွင် မန်ဖီးလ်အသင်းကို နှစ်ဂိုးတစ်ဂိုး ဖြင့် အနိုင်ရခဲ့သည့် အာဆင်နယ် အသင်းက ဆောက်သမ်တန် အသင်းနှင့်လည်းကောင်း၊ ရက်ဇ်ဟမ်းအသင်းကို လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ချဲလ်ဆီးအသင်းက ပေါ့ဗေးအသင်းနှင့်လည်းကောင်း၊ ဘရန့်ဖို့ဒ်အသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သည့် ဝက်စ်ဟမ်းအသင်းက လိဒ်ယူနိုက်အသင်းနှင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီ မန်စီးတီးအသင်း နှင့် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၉ ရက်က ကစားခဲ့သည့် ပထမအကျော့ အဝေးကွင်းပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိ၊ ဖေဖော်ဝါရီ ၈ ရက်က ကစားခဲ့ သည့် ဒုတိယအကျော့ အိမ်ကွင်း ပွဲစဉ်တွင် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ထားပြီး ယခုပွဲစဉ်ကိုလည်း မန်စီးတီးအသင်း အိမ်ကွင်းတွင် ကစားရမည် ဖြစ်သောကြောင့် ရုန်းကန် ရဖွယ်ရှိနေခြင်း ဖြစ်သည်။




အက်ဖ်အေဖလား ကွာတား ဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ဧပြီ ၄ ရက်၊ ၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ကာ ပြီးခဲ့သည့် ဘောလုံးရာသီအပါအဝင် သုံးရာသီ ဆက်တိုက်လုပွဲ ရောက်ရှိခဲ့သည့် မန်စီးတီးအသင်းက ဆုဖလားကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# ကမ္ဘာ့အကောင်းဆုံးနည်းပြစာရင်းတွင် မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာ ထိပ်ဆုံး၌ရပ်တည်



**မန်ချက်စတာ မတ် ၁၀**

ယနေ့ခေတ် ကမ္ဘာ့ဘောလုံးလောကတွင် နည်းစနစ်ပိုင်းနှင့် စီမံခန့်ခွဲမှုကောင်းသည့် မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာက ကမ္ဘာ့အကောင်းဆုံး နည်းပြစာရင်းတွင် ထိပ်ဆုံး၌ရပ်တည်နိုင်ခဲ့ကြောင်း Maraca သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ ဂွာဒီယိုလာသည် မန်စီးတီးအသင်းကို ၂၀၁၆ ခုနှစ်တွင် စတင်တာဝန်ယူခဲ့ရာ အသင်းအနေဖြင့် ပရီးမီးယားလိဂ်ချန်ပီယံဆုဖလား ခြောက်ကြိမ်ရရှိခဲ့သည့်အပြင် ၎င်းဦးဆောင်နေသည့်ကာလအတွင်း အဓိကဖလားအများအပြား ရယူနိုင်ခဲ့သကဲ့သို့ အသင်းကို ဘောလုံးရာသီတစ်ရာသီအတွင်း ရမှတ် ၁၀၀ ရရှိအောင်စွမ်းဆောင်ခဲ့ပြီး ပရီးမီးယားလိဂ်ဆုဖလားကို လေးကြိမ်ဆက် ရယူပေးခဲ့သောကြောင့် စံချိန်မှတ်တမ်း ကောင်းများကိုလည်းပိုင်ဆိုင်ခဲ့ကာ လက်ရှိထိ အကောင်းဆုံး နည်းပြတစ်ဦးအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

၎င်းနောက်တွင် ဘာရာဇီးလက်ရွေးစင်အသင်းကို တာဝန်ယူနေသည့် နည်းပြအန်ဆယ်လော့တီက ရပ်တည်နေပြီး ၎င်းသည် ပါးမားအသင်း၊ အေစီမီလန်အသင်း၊ ရီးရဲလ်မက်ရစ် အသင်းတို့တွင် အောင်မြင်မှုများ ရယူခဲ့ပြီးနောက် ယခုအခါ နိုင်ငံလက်ရွေးစင်အသင်းဖြစ်သည့် ဘာရာဇီးအသင်းကို ပထမဆုံး စတင်ကိုင်တွယ်နေခြင်းဖြစ်သည်။

ထို့နောက် အာဂျင်တီးနားအသင်းကို ၂၀၂၁ ကိုပါအမေရိကဖလား၊ ၂၀၂၂ ကမ္ဘာ့ဖလား၊ ၂၀၂၄ ကိုပါအမေရိက ဖလားတို့ရယူပေးခဲ့သည့် နည်းပြစကာလိုနီက အဆင့် (၃)၊ မိန့်ဇ်အသင်း၊ ဒေါ့မွန်အသင်း၊ လီဗာပူးအသင်းတို့နှင့်အတူ အောင်မြင်မှုများ ရယူခဲ့သည့် နည်းပြကလော့က အဆင့်(၄)၊ ဂျာမနီအသင်းကို ၂၀၁၄ ကမ္ဘာ့ဖလား၊ ဘိုင်ယန်မြူးနစ်အသင်း၊ ဘာစီလိုနာအသင်းတို့ကို အဓိကဆုဖလားများ ရယူပေးခဲ့သည့် နည်းပြဖလစ်က အဆင့်(၅) နေရာတွင် အသီးသီးရပ်တည်နေကြကြောင်း သိရသည်။

**Ref : Marca**

**Trs : ML**

# ဒေါ့မွန်အသင်းမှ ချူကွိမီကာက အင်္ဂလန်အသင်းအတွက် ကိုယ်စားပြုကစားမည်မဟုတ်ဘဲ ဩစတြီးယားလက်ရွေးအသင်းအတွက် ကိုယ်စားပြုကစားမည်

**လန်ဒန် မတ် ၁၀**

ဒေါ့မွန်အသင်း ကွင်းလယ်ကစားသမား ချူကွိမီကာက အင်္ဂလန်အသင်းအတွက် ကိုယ်စားပြုကစားမည်မဟုတ်ဘဲ ဩစတြီးယားအသင်းတွက် ကိုယ်စားပြုကစားမည်ဟု ကြေညာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်နိုင်ငံတွင် နေထိုင်လျက်ရှိသော်လည်း ဩစတြီးယားနိုင်ငံတွင် မွေးဖွားခဲ့သည့် ချူကွိမီကာသည် လူငယ်ကစားသမားဘဝက အင်္ဂလန် ယူ-၁၇ အသင်းမှစ၍ ယူ-၂၀ အသင်းထိ ကိုယ်စားပြုကာ ပြိုင်ပွဲစုံ ၂၃ ပွဲထိပါဝင်ကစားခဲ့ပြီးနောက် စီနီယာကစားသမားဖြစ်လာချိန်တွင် ၎င်းမွေးရပ်မြေဖြစ်သည့် ဩစတြီးယားအသင်းကိုသာ ကိုယ်စားပြုကစားရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ချူကွိမီကာသည် လူငယ်ကစားသမားဘဝက အင်္ဂလန် ယူ-၁၉ အသင်းနှင့်အတူ အသင်းကို ၂၀၂၂ ဥရောပချန်ပီယံဆုဖလား ရရှိအောင် အဓိကနေရာမှပါဝင်ခဲ့သူဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် သွင်းဂိုးသုံးဂိုးထိ သွင်းယူနိုင်ခဲ့သဖြင့် ဂိုးသွင်းအများဆုံးကစားသမားဖြစ်ခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဩစတြီးယားအသင်းသည် ဂျော်ဒန်အသင်း၊ အယ်လ်ဂျီးရီးယားအသင်း၊ အာဂျင်တီးနား အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ချူကွယ်မီကာအနေဖြင့် လာမည့်လတွင် ဩစတြီးယားအသင်းနှင့် ခြေစမ်းပွဲကစားရမည့် ဂါနာအသင်း၊ တောင်ကိုရီးယားအသင်းတို့နှင့်ပွဲစဉ်များတွင် ပွဲထွက်ကစားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# အာရှယူ-၁၇အမျိုးသမီးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာယူ-၁၇ အမျိုးသမီးအသင်းသည် အိန္ဒိယယူ-၁၇ အမျိုးသမီးအသင်းနှင့်ခြေစမ်းပွဲနှစ်ပွဲကစားမည်

**ရန်ကုန် မတ် ၁၀**

မြန်မာယူ-၁၇ အမျိုးသမီးအသင်းသည် အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အိန္ဒိယယူ-၁၇ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲစဉ်နှစ်ပွဲ ကစားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၁၇ အမျိုးသမီးအသင်းနှင့် အိန္ဒိယယူ-၁၇ အမျိုးသမီးအသင်းတို့၏ ပထမခြေစမ်းပွဲစဉ်ကို မတ် ၁၂ရက်၊ ဒုတိယခြေစမ်းပွဲစဉ်ကိုမတ်၁၄ရက်တို့တွင် ညနေ ၅နာရီ၌ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကစားသွားမည်ဖြစ်သည်။



မြန်မာယူ-၁၇ အမျိုးသမီးအသင်းသည် အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ စတင်ကစားခဲ့ပြီး အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၇ အသင်းပါဝင်ကစားမည့် အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် လေးသင်းပါ သုံးအုပ်စုခွဲခြား ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မည့် အသင်း လေးသင်းမှာ မော်ရိုကိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ ယူ-၁၇ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲကို အာရှတိုက် ကိုယ်စားပြုအသင်းများအဖြစ် ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။

အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲကို လာမည့် ဧပြီ ၃၀ ရက်မှ မေ ၁၇ ရက်ထိ တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **STA**

# Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မက်အီရွိုင်း ပါဝင်ယှဉ်ပြိုင်မည်

**ဖလော်ရီဒါ မတ် ၁၀**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပမည့် Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အခြား ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲကျင်းပမည့်နေရာသို့ ရောက်ရှိနေပြီဖြစ်ပြီး မက်အီလ်ရွိုင်း အနေဖြင့် အသေးစားဒဏ်ရာကြောင့်ဆေးကုသမှုခံယူနေရသည့်အတွက်ပြိုင်ပွဲကျင်းပမည့်နေရာသို့ နောက်ကျမှ သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မက်အီရွိုင်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်က ကျင်းပခဲ့သည့် Arnold Palmer ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယနေ့၌ ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့သူဖြစ်သည်။

မက်အီလ်ရွိုင်းက "ပြီးခဲ့တဲ့ Arold Palmer ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပေမဲ့လဲ တတိယနေ့မှာပဲ ဒဏ်ရာကြောင့် ပြိုင်ပွဲကနေ နုတ်ထွက်ခဲ့ရတယ်။ အိမ်ပြန်ပြီးတော့ပဲ ဒဏ်ရာကို လိုအပ်တဲ့ ဆေးကုသမှုတွေပြုလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒဏ်ရာက အရှင်းတော့ မပျောက်သေးပါဘူး။ နောက် နှစ်ရက်လောက်နေရင်တော့ပြိုင်ပွဲဝင်ဖို့အတွက် လိုအပ်တဲ့ ပြင်ဆင်မှုတွေ ပြုလုပ်သွားပါမယ်။ ပြိုင်ပွဲဝင်နိုင်အောင်လို့လဲ ဆေးကုသမှုတွေ တောက်လျှောက်ပြုလုပ်နေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Magic**

**Trs : AZL**



# ကစားသမားဘဝမှ အနားမယူမီ စိန်ခေါ်ပွဲ သုံးပွဲ ထိုးသတ်မည်ဟု အူဆက်ခ် ကြေညာ

**ကီယက်ဗ် မတ် ၁၀**

ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်း ချန်ပီယံဖြစ်သူ ယူကရိန်း လက်ဝှေ့သမား အူဆက်ခ်သည် ကစားသမားဘဝမှ အနားယူရန် ပြင်ဆင်နေသကဲ့သို့ အနားမယူမီ စိန်ခေါ်ပွဲတစ်ပွဲထိုးသတ်မည်ဖြစ်ကြောင်း တရားဝင်ကြေညာထားသော်လည်း အဆိုပါကြေညာချက်ကို ပြန်လည်ပြင်ဆင်ကာ အနားမယူမီ စိန်ခေါ်ပွဲ သုံးပွဲ ထိုးသတ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်ဟု Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အူဆက်ခ်သည် ကစားသမားဘဝမှ အနားမယူမီ ထိုးသတ်မည့် ပြိုင်ဘက် သုံးဦးကို ရွေးချယ်ထားပြီးဖြစ်သကဲ့သို့ ပထမဆုံးစိန်ခေါ်ပွဲအဖြစ် နယ်သာလန်ကစ်ဘောက်ဆာကစားသမား ဗာဟိုဗန်နှင့် ထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ဗာဟိုဗန်နှင့် ထိုးသတ်ပြီးပါက ဗြိတိန်လက်ဝှေ့သမား ဖေဘီယိုနှင့် ထိုးသတ်မည်ဖြစ်ပြီး ယင်းစိန်ခေါ်ပွဲများအပြီးတွင် အူဆက်ခ်က ကစားသမားဘဝ၏ နောက်ဆုံးပွဲစဉ်အဖြစ် ပြိုင်ဘက်ဟောင်းတစ်ဦးဖြစ်သည့် ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီနှင့် ထိုးသတ်မည် ဖြစ်ကြောင်း ကြေညာ ခဲ့သည်။

အူဆက်ခ်သည် တိုင်ဆန်ဖျူရီနှင့် နှစ်ကြိမ်ထိုးသတ်ခဲ့ဖူးပြီး နှစ်ကြိမ်လုံး အနိုင်ရရှိထားကာ ၎င်းနေဖြင့် တိုင်ဆန်ဖျူရီနှင့် သုံးကြိမ်မြောက် စိန်ခေါ်ပွဲ ထိုးသတ်ပြီး ကစားသမားဘဝမှ အနားယူမည် ဖြစ်ကြောင်း သိရသည်။

**Ref : Mirror**

**Trs : AZL**

# နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်း အပိုင်း(၁)

မင်းခန့်



စစ်ပညာများသင်ကြားလေ့ကျင့်နေသည့် ပြည်သူ့စစ်မှုထမ်းများကို တွေ့ရစဉ်။

နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့အတွက် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းဟာ အလွန်မွန်မြတ်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ပဲဖြစ်ပါတယ်။ ဒီလိုဂုဏ်ယူဖွယ်ကောင်းတဲ့ အမျိုးသားရေးတာဝန်ကို အသက်အရွယ်အရ အကျုံးဝင်သူတွေတာဝန်သိစိတ်နဲ့ ထမ်းဆောင်ခွင့်ရရှိစေဖို့အတွက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အသက်သွင်းခဲ့ပါတယ်။ အဲဒီနောက် ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်နေ့မှာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို အောင်မြင်စွာစတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ယခုအခါမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြတဲ့ အဆိုပါပထမဆုံးအသုတ် ပြည်သူ့စစ်မှုထမ်းတွေဟာ သတ်မှတ်ကာလပြည့်မြောက်တော့မှာဖြစ်လို့ မကြာမီအချိန်အတွင်းမှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာအိမ်အပြန်ခရီးကို စတင်ကြတော့မှာဖြစ်ကြောင်း သတင်းကောင်းကြားသိရပါတယ်။

**အိမ်အပြန်ခရီးလမ်းကိုစတင်တော့မဲ့ တာဝန်ကျေပြည်သူ့စစ်မှုထမ်းတွေရဲ့ စွမ်းဆောင်ချက်တွေဟာ နိုင်ငံတော်လုံခြုံရေးအတွက်အလွန်အရေးပါတဲ့ အလှည့်အပြောင်းတစ်ခုအဖြစ် သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သလို၊ သူတို့ရဲ့စွန့်လွှတ်ပေးဆပ်မှုနဲ့ ရဲရင့်မှုတွေက "နိုင်ငံတော်ကာကွယ်ရေး တာဝန်ဟာ အမြဲတမ်းစစ်မှုထမ်းတပ်မတော်သားတွေသာမက နိုင်ငံသားအားလုံးနဲ့သက်ဆိုင်တယ်"ဆိုတဲ့အနှစ်သာရကို ပီပြင်စွာဖော်ညွှန်းပြသနိုင်ခဲ့ပါတယ်။**

ဒါ့ပြင် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ခဲ့သူတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၈၅)မှာ ပြဋ္ဌာန်းထားတဲ့ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်" ဆိုတဲ့ နိုင်ငံသားတို့ရဲ့မူလတာဝန်ကိုလဲ လက်တွေ့ကျကျ ရှေ့ဆောင်လမ်းပြလုပ်ဆောင်ခဲ့ကြသူတွေပဲဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့စစ်မှုထမ်းတွေကို စတင်ဆင့်ခေါ်တဲ့ လုပ်ငန်းစဉ်ကစလို့ သင်တန်းတက်ရောက်ခြင်း၊ တာဝန်ထမ်းဆောင်ခြင်းနဲ့ တာဝန်ပြီးဆုံးချိန် ဂုဏ်ယူဖွယ်ရာ အိမ်အပြန်ခရီးလမ်းထိ အဆင့်တိုင်းအတွက် ဥပဒေ၊ နည်းဥပဒေနဲ့လုပ်ငန်းစဉ်တွေကို အသေးစိတ်ရေးဆွဲစီမံပြီး စနစ်တကျ လုပ်ဆောင်ပေးလျက်ရှိပါတယ်။ ပြည်သူ့စစ်မှုထမ်းတွေကို စတင်ဆင့်ခေါ် စုဆောင်းရာမှာ နိုင်ငံတော်အကြီးအကဲရဲ့ **"စည်းကမ်းတကျဆင့်ခေါ်မှုကို အလေးထားရန်"**ဆိုတဲ့ လမ်းညွှန်ချက်နဲ့အညီ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေအတိုင်း အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့တွေက အထူးအလေးထား ဆောင်ရွက်နေကြပါတယ်။ အကယ်၍ ဆင့်ခေါ်ရေးလုပ်ငန်းစဉ်တွေမှာ ဥပဒေကိုလက်တစ်လုံးခြားလုပ်တဲ့ မတရားသည့်ဆောင်ရွက်မှုတွေရှိလာခဲ့ရင် ဥပဒေနဲ့အညီ စိစစ်ဖော်ထုတ်ပြီး တိတိကျကျ အရေးယူတာတွေရှိသလို မမှန်မကန်လုပ်ကြံတိုင်ကြားမှုတွေကိုလဲ ထိထိရောက်ရောက် ပြန်လည်အရေးယူမှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။

နိုင်ငံတော်ကာကွယ်ရေးအတွက် **"တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"**ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ ရေရှည်အတွက် ဆောင်ရွက်ရမဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျင့်သုံးခြင်းသည် အလွန်ကောင်းမွန်တဲ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး သတ်မှတ်အသက်အရွယ်အကျုံးဝင်သူတိုင်းကို တစ်ပြိုင်နက် စစ်မှုထမ်းဆောင်စေတာမျိုးမဟုတ်ဘဲ၊ သတ်မှတ်အရည်အချင်းကိုက်ညီသူများအနက် ကျန်းမာရေးဆေးအဆင့် အောင်မြင်ပြီးသူတွေကိုသာ ပြည်သူ့စစ်မှုထမ်းအဖြစ် အလှည့်ကျ လစဉ်အင်အားအနည်းငယ်မျှ ခေါ်ယူလျက်ရှိပါတယ်။ ဥပဒေအရ အကျုံးဝင်သူများအနက် ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နဲ့ ရွှေ့ဆိုင်းခွင့်ရရှိသူတွေကိုလဲ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါတယ်။ စနစ်တကျ စိစစ်ရွေးချယ်ထားတဲ့ နိုင်ငံ့သားကောင်းလူငယ်တွေကို စစ်မှုထမ်းဆောင်ချိန်မှာ လိုအပ်မဲ့စစ်ရေးအတတ်ပညာတွေ ကျွမ်းကျင်ပိုင်နိုင်စေဖို့၊ ကိုယ်ကာယ ကြံ့ခိုင်သန်စွမ်းစေဖို့နဲ့ စိတ်ဓာတ်ခံယူချက် မှန်ကန်ကောင်းမွန်စေဖို့အတွက် တပ်မတော်သင်တန်းကျောင်းအသီးသီးမှာ ဦးစွာစနစ်တကျလေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

ပြည်သူ့စစ်မှုထမ်းလူငယ်တိုင်းကို နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်တဲ့စစ်ပညာရပ်တွေကို ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးထားပေမဲ့လဲ လူတိုင်းကို တိုက်ခိုက်ရေးတပ်ရင်းတွေမှာချည်းတာဝန်ပေးအပ်တာမျိုးမဟုတ်ဘဲ၊ တစ်ဦးချင်းစီရဲ့ ပညာအရည်အချင်းနဲ့ ကျွမ်းကျင်မှုပညာရပ်တွေ အပေါ်မူတည်ပြီး အခြားသင့်လျော်တဲ့ လက်ရုံးတပ်ဖွဲ့တွေမှာခွဲဝေကာ တာဝန်ချထားပေးလျက်ရှိပါတယ်။ တာဝန်ထမ်းဆောင်နေစဉ် ကာလတစ်လျှောက်လုံးမှာလဲ အမြဲတမ်းစစ်မှုထမ်းတွေနဲ့ တန်းတူလစာ၊ ရိက္ခာနဲ့အခြားရပိုင်ခွင့်ခံစားခွင့်တွေကို အပြည့်အဝရရှိစေပါတယ်။ ဒါ့ပြင် စစ်မှုထမ်းသက်အတွင်း ရရှိခဲ့တဲ့တန်ဖိုးရှိလှတဲ့ အတွေ့အကြုံကောင်းတွေကြောင့် သူတို့ရဲ့တစ်ကိုယ်ရည် စည်းကမ်းပိုင်းတွေ

> ❖ အိမ်အပြန်ခရီးလမ်းကိုစတင်တော့မဲ့ တာဝန်ကျေပြည်သူ့စစ်မှုထမ်းတွေရဲ့ စွမ်းဆောင်ချက်တွေဟာ နိုင်ငံတော်လုံခြုံရေးအတွက် အလွန်အရေးပါတဲ့အလှည့်အပြောင်းတစ်ခုအဖြစ် သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သလို၊ သူတို့ရဲ့စွန့်လွှတ်ပေးဆပ်မှုနဲ့ ရဲရင့်မှုတွေက "နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ အမြဲတမ်းစစ်မှုထမ်းတပ်မတော်သားတွေသာမက နိုင်ငံသားအားလုံးနဲ့သက်ဆိုင်တယ်" ဆိုတဲ့အနှစ်သာရကို ပီပြင်စွာဖော်ညွှန်းပြသနိုင်ခဲ့ပါတယ်။ ❖

ပိုမိုကောင်းမွန်လာသလို၊ စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်တည်ငြိမ်မှု၊ မိမိကိုယ်ကိုယုံကြည်မှု၊ ဇွဲလုံ့လနဲ့ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းမှုတွေကိုပါ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့ကြပြီဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် ဧပြီလကနေစတင်လို့ ပြည်သူ့စစ်မှုထမ်းသင်တန်းတွေကို လစဉ်ဖွင့်လှစ်နိုင်ခဲ့ပြီး အခုဆိုရင် အမှတ်စဉ်(၂၀)ထိ သင်တန်းဆင်းပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီသင်တန်းတွေကနေ မွေးထုတ်ပေးခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းတွေဟာ လူထုလူတန်းစားအသီးသီးနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ကြကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ကျရာအခန်းကဏ္ဍကနေပြီး တာဝန်သိနိုင်ငံသားကောင်းများအဖြစ် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နေကြပြီဖြစ်ပါတယ်။ အဲ့ဒီတာဝန်သိနိုင်ငံသားကောင်းများထဲမှာ လူအများအထင်ကြီးလေးစားလေ့ရှိတဲ့ ဆေးပညာမဟာဘွဲ့ရဆရာဝန်တွေအပြင် အခြားဘွဲ့လွန်၊ ဘွဲ့ရပညာတတ်လူငယ်များလဲ ပါဝင်နေတာကို တွေ့မြင်နေရပါတယ်။

ဒါ့ပြင် ရှေ့တန်းစစ်ဆင်ရေးတာဝန်တွေမှာ ရဲဝံ့စွန့်စားစွာဖြင့်တိုက်ပွဲဝင်ခဲ့ကြလို့ သူရဲကောင်းစွမ်းရည်ဘွဲ့တံဆိပ် ရရှိသူများလဲရှိနေကြောင်း ကြားသိရပါတယ်။ သင်တန်းကျောင်းက သင်ကြားပေးလိုက်တဲ့ စစ်အတတ်ပညာများကိုအသုံးချပြီး စိတ်ဓာတ်ကောင်းကောင်းနဲ့ ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြလို့ နှစ်ထပ်ကွမ်းစွမ်းရည် ဘွဲ့တံဆိပ်ရရှိသူများကိုလဲ ဂုဏ်ယူဖွယ်ရာမြင်တွေ့နေရပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ တပ်မတော်သားတွေမှာပဲ တာဝန်ရှိတာမဟုတ်ဘဲ နိုင်ငံသားအားလုံးနှင့်သက်ဆိုင်တယ်ဆိုတဲ့ မှန်ကန်တဲ့ယုံကြည်ချက်၊ ခံယူချက်နှင့် ခေတ်သစ်သမိုင်းမှာ ရှေ့ဆောင်လမ်းပြခဲ့တဲ့နိုင်ငံသားကောင်း ပြည်သူ့စစ်မှုထမ်းတွေဟာ ပထမအသုတ်ကနေစပြီး အသုတ်လိုက်အသုတ်လိုက် တာဝန်ပြီးဆုံးလို့ အိမ်အပြန် အနာဂတ်ခရီးလမ်းကို စတင်လျှောက်လှမ်းကြတော့မှာဖြစ်ပါတယ်။

ဒီလိုနိုင်ငံတော်လုံခြုံရေးတာဝန်တွေကို ကျေပွန်စွာနဲ့ထမ်းဆောင်ခဲ့ကြတဲ့ သူတို့တွေရဲ့အနာဂတ်ခရီးလမ်းသာယာဖြောင့်ဖြူးစေဖို့နဲ့ ဘဝအာမခံချက်တွေခိုင်မာစေဖို့ရန် နိုင်ငံတော်အစိုးရအနေနဲ့ **"စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှု ကော်မတီ"**ကိုဖွဲ့စည်းခဲ့ပြီး စစ်မှုထမ်းကာလပြည့်မြောက်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းများ ကြားသိမြင်တွေ့နေရပါတယ်။ အဲဒီစီမံခန့်ခွဲမှုကော်မတီကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီ ငါးခုဖွဲ့စည်းကာ ပြည်သူ့စစ်မှုထမ်းတာဝန်အောင်မြင်စွာထမ်းဆောင်ပြီးသူများကို တာဝန်ပြီးဆုံးကြောင်း အသိအမှတ်ပြုဂုဏ်ပြုလက်မှတ်ပေးအပ်ပြီး အလုပ်အကိုင်များရရှိနိုင်တဲ့ ရွေးချယ်စရာလမ်းကြောင်းများ ဖော်ဆောင်ပေးလျက်ရှိပါတယ်။

စီမံခန့်ခွဲရေးကော်မတီက စီစဉ်ပေးထားတဲ့ ရွေးချယ်စရာလမ်းကြောင်းတွေထဲက **ပထမဆုံးလမ်းကြောင်းအနေနဲ့ တပ်မတော်ရဲ့ရင်ခွင်မှာ ဆက်လက်ခိုလှုံပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်လိုသူတွေအတွက် အမြဲတမ်းစစ်မှုထမ်းအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခွင့်ပြုခြင်းဖြစ်ပါတယ်။** ပြည်သူ့စစ်မှုထမ်းလူငယ်တွေဟာ နှစ်နှစ်တာ စစ်မှုထမ်းကာလအတွင်းမှာ စစ်ပညာရပ်တွေကို

စာမျက်နှာ ၁၁ သို့

# ရွှေဖူးစာရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်




**ရန်ကုန် မတ် ၁၀**

CANAL+ ZAT LENN ရုပ်သံလိုင်းမှ ရွှေဖူးစာ ရုပ်ရှင်ဇာတ်ကားကို မတ် ၁၅ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင်ကောင်းမြတ်စံက ပြောပြသည်။

အဆိုပါ ရွှေဖူးစာ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ပုညခင်၏ ဝတ္ထုကို မယ်ခိုင်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ပွင့်သင်္ဂီဇော်(အရုဏ်ဦး)က ဖိုးဝ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသ ဇာတ်ကားတစ်ကားဖြစ်ကာ CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ် မတ်လတုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ရုံတင်ချိန်ကလဲ ပရိသတ်တွေအားပေးမှုရခဲ့တဲ့ ဇာတ်ကားလေးပါ။ မကြည့်လိုက်ရသေးတဲ့၊ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်။ ဇာတ်လမ်းကတော့ အချစ်ဟာသဇာတ်မြူးလေးပါ။ ကြည့်ရှုပေးကြပါအုံး"ဟု သရုပ်ဆောင်ကောင်းမြတ်စံက ပြောပြ၍ သိရသည်။

အဆိုပါ ရွှေဖူးစာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ပိုင်တံခွန်၊ ကောင်းမြတ်စံ၊ ဇင်မျိုးမိုးဒီ၊ ဖွေးဖွေး၊ ယွန်းဝတီလွင်မိုး၊ ဇာခြည်လွင်၊ နန်းရွှေအိမ်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားပြီး မတ် ၁၅ ရက် ည ၇ နာရီတွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# Scary Movie- 6 ဇာတ်ကားကို ဇွန် ၅ ရက်တွင် ရုံတင်ပြသမည်

**နယူးယောက် မတ် ၁၀**

Scary Movie- 6 ဇာတ်ကားကို ဇွန် ၅ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း မတ် ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Paramount ရုပ်ရှင်ကုမ္ပဏီသည် မူလက အဆိုပါ Scary Movie- 6 ဇာတ်ကားကို ဇွန် ၁၂ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ Paramount ရုပ်ရှင်ကုမ္ပဏီသည် Scary Movie- 6 ဇာတ်ကားကို ဇွန် ၅ ရက်တွင် ရုံတင်ပြသရန် ပြောင်းရွှေ့စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Scary Movie-6 ကို ဒါရိုက်တာ မိုက်ကယ်တီဒက်က ရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ရှောင်ဝါယန်းနှင့် မာလွန်ဝါယန်းတို့က ရေးသားပေးထားကြောင်း သိရသည်။

၂၀၀၀ ပြည့်နှစ်တွင် စတင်ရိုက်ကူးထုတ်လုပ်ခဲ့သော Scary Movie ဇာတ်ကားများသည် နာမည်ကျော် ထိတ်လန့်သည်းဖို ဇာတ်ကားများကို သရော်ထားသော ဟာသဇာတ်ကားများဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# အမျိုးသမီးတေးသံရှင်များ စုစည်းဖျော်ဖြေမည့် Lolipop Beats တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar တွင် ပြုလုပ်မည်ဖြစ်

**ရန်ကုန် မတ် ၁၀**

အမျိုးသမီး တေးသံရှင်များ စုစည်းဖျော်ဖြေမည့် Lolipop Beats တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ မတ် ၂၉ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ကြိုးကြာထံမှ သိရသည်။

အဆိုပါ Lolipop Beats တေးဂီတဖျော်ဖြေပွဲတွင် ၂၀၀၅ ခုနှစ်ဝန်းကျင် ကာလများက အောင်မြင်ထင်ရှားခဲ့သော အမျိုးသမီးတေးသံရှင်များ ဖြစ်ကြသည့် No အဖွဲ့၊ Bambino အဖွဲ့၊ Blueberry အဖွဲ့၊ တေးသံရှင် ကြိုးကြာ၊ စင်ဒီတို့ ပါဝင်ဖျော်ဖြေကြမည် ဖြစ်ကြောင်း သိရသည်။

"၂၀၀၅ ခုနှစ်ဝန်းကျင်လောက်က ဆယ်ကျော်သက်အရွယ် အမှတ်တရလေးတွေကို ပြန်လည်သတိရစေမဲ့ အသံချိုချို၊ သီချင်းချိုချိုလေးတွေကို အမျိုးသမီးအဖွဲ့တွေဖြစ်တဲ့ No၊ Bambino၊ Blueberry တို့နဲ့ အတူ ကြိုးကြာနဲ့ စင်ဒီတို့ကလဲ လာမဲ့ မတ် ၂၉ ရက်မှာ မန်းမြေက




The Square Theatre မှာ လာရောက်ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ခံစားချက်ချင်း ထပ်တူကျခဲ့တဲ့ အရင်အချိန်တွေကို ပြန်လည် လွမ်းဆွတ်ချင်တယ်ဆိုရင်တော့ Lolipop Beats ညကို လှမ်းခဲ့ကြပါလို့ ဖိတ်ခေါ်ပါတယ်" ဟု တေးသံရှင် ကြိုးကြာက ပြောပြသည်။

အဆိုပါ Lolipop Beats တေးဂီတဖျော်ဖြေပွဲတွင် No အဖွဲ့မှ တေးသံရှင် နှစ်ဦး၊ Bambino အဖွဲ့မှ တေးသံရှင် နှစ်ဦး၊ Blueberry အဖွဲ့မှ တေးသံရှင် နှစ်ဦး၊ တေးသံရှင် ကြိုးကြာနှင့် စင်ဒီ အပါအဝင် တေးသံရှင် ရှစ်ဦး ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Super Santos ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို အီတလီနိုင်ငံ နေပယ်မြို့၌ စတင်နေပြီဖြစ်

**နယူးယောက် မတ် ၁၀**

Super Santos အမည်ရှိ အားကစားလောက နောက်ခံ ရုပ်ရှင်ဇာတ်ကားသစ် ရိုက်ကူးရေးလုပ်ငန်းကို အီတလီနိုင်ငံ နေပယ်မြို့၌ စတင်နေပြီဖြစ်ကြောင်း မတ် ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Super Santos ဇာတ်ကားကို အီတလီဒါရိုက်တာ စီရိုဗစ္စကိုက တာဝန်ယူ ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

Super Santos ဇာတ်ကားသည် အီတလီစာရေးဆရာ ရောဘတ်တိုဆာဗီယာနို၏ Cuore Puro အမည်ရှိ ဝတ္ထုကို အခြေခံ ရိုက်ကူးနေခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် နေပယ်မြို့၏ နာမည်ကျော် ကာဘိုရာ ရာဇဝတ်ဂိုဏ်း၏ အရိပ်အောက်၌ ကြီးပြင်းလာခဲ့ပြီး ဘောလုံးပွဲချစ်သည့် လူငယ်လေးဦးတို့၏ဘဝကို ပုံဖော်ရိုက်ကူးမည်ဖြစ်သည်။

Super Santos ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ ရောဘတ်တို ဆာဗီယာနိုကပင် ရေးသားထားသည်။

အဆိုပါ ဇာတ်ကား၌ အီတလီ သရုပ်ဆောင်များ ဖြစ်ကြသည့် ဖရန့်ဆက်စကိုဒီလီဗာ၊ မက်ဆီမီလီယာနိုရော့စီ၊ အန်တိုနီယာထရူပို၊ စီရိုအက်ပိုစီတိုတို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




á စာမျက်နှာ ၁၀ မှအဆက်

ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားကြသလို၊ စည်းကမ်းလိုက်နာမှု၊ ရဲရင့်မှုနဲ့ကြံ့ခိုင်မှုတွေကိုလဲ လက်တွေ့နယ်ပယ်မှာ သက်သေပြနိုင်ခဲ့ပြီးဖြစ်လို့ တပ်မတော်က ဂုဏ်ယူဝမ်းမြောက်စွာနဲ့ လက်ကမ်းကြိုဆိုသွားမှာဖြစ်ပါတယ်။ အမြဲတမ်းစစ်မှုထမ်းအဖြစ် ကူးပြောင်းတာဝန်ထမ်းဆောင်လိုသူတွေကို လက်ရှိတာဝန်ထမ်းဆောင်ခဲ့တဲ့ နှစ်နှစ်တာကာလကို လုပ်သက်အဖြစ် အသိအမှတ်ပြုပေးသွားမှာဖြစ်ပြီး သူတို့ရဲ့အရည်အချင်းနဲ့ သင့်လျော်မဲ့ရာထူးအဆင့်ဆင့်ကိုလဲ တိုးမြှင့်ပေးအပ်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့် တက္ကသိုလ်တက်ရောက်ဆဲ ကျောင်းသားတွေနဲ့ တက္ကသိုလ်ဝင်တန်းအဆင့် အောင်မြင်ပြီးသူတွေကို တပ်ကြပ်ကြီးအဆင့်အထိ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေမှာဖြစ်ပါတယ်။ ဒ့ါပြင် သတ်မှတ်ထားတဲ့ အရည်အချင်းနဲ့ ကိုက်ညီမှုရှိခဲ့ရင် သက်ဆိုင်ရာဗိုလ်သင်တန်းတွေကိုပါ ဝင်ရောက်ဖြေဆိုခွင့်ပြုသွားအုံးမှာဖြစ်ပါတယ်။ ဒါကြောင့် **ဒီပထမလမ်းကြောင်းဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး ရဲရဲဝံ့ဝံ့စွန့်စားချင်တဲ့အပြင် တပ်မတော်သားဘဝကို မြတ်နိုးသူတွေအတွက် ဂုဏ်ယူဝင့်ကြွားစွာ ရွေးချယ်သင့်တဲ့လမ်းကြောင်းကောင်းတစ်ခုပဲဖြစ်ပါတယ်။ ဒီနေရာမှာ သတိပြုစေချင်တဲ့အချက်ကတော့ အမြဲတမ်းစစ်မှုထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ဖို့ကို ဘယ်သူ့ကိုမှ အတင်းအကျပ်တွန်းအားပေးသွားမှာမဟုတ်ဘူးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ကာယကံရှင်ကိုယ်တိုင်ရဲ့ဆန္ဒအရ တပ်မတော်သားဘဝကို အမှန်တကယ် ချစ်ခင်မြတ်နိုးပြီး စစ်သားကြီးလုပ်ချင်သူတွေကိုသာ လက်ခံပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။**

**ဒုတိယမြောက် ရွေးချယ်စရာလမ်းကြောင်းကတော့ အရပ်ဘက်နိုင်ငံ့ဝန်ထမ်းအဖြစ် ကူးပြောင်းတာဝန်ထမ်းဆောင်လိုသူတွေအတွက် စီစဉ်ပေးထားတဲ့အခွင့်အလမ်းကောင်းတစ်ခုပဲဖြစ်ပါတယ်။** ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးဆုံးကြောင်း အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်းနဲ့ကိုက်ညီသူတွေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပူးပေါင်းကာ ဝန်ထမ်းအဖြစ် ဦးစားပေးခန့်အပ်ပေးသွားမှာဖြစ်ပါတယ်။ ဒီလိုခန့်အပ်ရာမှာ မူလအသက် သတ်မှတ်ချက်ကို သုံးနှစ်ထိ တိုးမြှင့်လက်ခံပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေထဲက ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်သူတွေအနေနဲ့လဲ သတ်မှတ်ကာလပြည့်ပြီးပါက မူလနေရာဌာနများမှာ မူလတာဝန်တွေအတိုင်း ပြန်လည်ခန့်အပ်ပြီး စစ်မှုထမ်းကာလနှစ်နှစ်ကို လုပ်သက်အဖြစ်နဲ့ ထည့်သွင်းတွက်ချက်ပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing reviews the government's accomplishments for national development during the period from 2021 to 2025 and gives directives



Senior General Min Aung Hlaing reviews the government's accomplishments for national development.

**Nay Pyi Taw March 10**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing reviewed the government's accomplishments for national development during the period from 2021 to 2025 and gave directives at Thabin Hall of Office National Defence and Security Council in Nay Pyi Taw this afternoon.

Also present were Vice Chairman of SSPC Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC member Executive Chief U Aung Lin Dway, SSPC Secretary General Ye Win Oo, SSPC members, union level dignitaries, union ministers, deputy ministers, permanent secretaries of ministries, and directors general. Region/state chief ministers and members of local governments attended the meeting through video conferencing.

**Assumption of the State duties in accord with 2008 Constitution**

The Senior General said the meeting was held to review the current government's accomplishments in serving the State duties during the five-year period and to ponder the possible future endeavours. Generally, in the past, governments and political parties strove for political progress in their endeavours for national development in accord with the adopted systems. But nowadays, domestically established NGOs and INGOs also took part in the task, in addition to the government and parties.

The country has witnessed change of governments and political systems throughout the successive periods since it regained independence, and in 2011 it started its journey on the democratic path. Vote rigging surfaced in the 2020 election, and instead of solving the problem, attempts were made to forcefully grab the State power by convening the Hluttaw with representatives generated by the results of the fraudulent election. In this regard the Tatmadaw had to assume the State duties in accord with the 2008 Constitution.

As the government in office assumed the State duties in accord with the Constitution, it was formed not only with Tatmadawmen, but also with well experienced civilians to be in alignment with democracy. The government has adopted the five-point roadmap which stipulates the assurance for transfer of State duties to the government that wins the election held after the completion of all necessary preparations. But during the time, political differences evolved into nation-wide demonstrations and finally reached the stage resorting to violence, and in addition, Covid-19 also broke out. The government had to strive for national peace and stability and progress amidst the many hardships.

**Free and fair multiparty democracy general election**

The government in office, after making preparations for the election, launched the 2024 population and housing census to compile a correct voter list and made arrangements to introduce Myanmar electronic voting machines (MEVMs).

The Senior General said he told the people that an election would be held in 2025 at a meeting with the public in Meiktila in 2024. The government permitted the registration of political parties in 2023 and the parties got a nearly three-year period for preparations. It allowed organizing activities to increase the number of party members. As the efforts to raise the population of party members amount to organizing the people, the parties had had the opportunity to moderately organize the people. Increase in party member population will lead to the rise in the number of supporters. The right to gather party members and launch canvassing campaigns had already been permitted systematically. But some parties were unable to effectively use the allowed opportunity, and parties that were more in touch with the people won greater public support. Six parties that represented the whole country and another 51 that represented the respective regions and states, totalling 57 took part in the election. The opportunity to set up political parties and stand for the election had strengthened democracy.

Across all three phases of the completed election, out of more than 24.22 million eligible voters, over 13.14 million cast their votes, resulting in a voter turnout of more than 54.22 per cent. A breakdown of the votes shows that 45 per cent of voters were between the ages of 18 and 40, and 20 per cent were between 40 and 50, indicating that youth groups showed the highest level of interest and participation in the election. During the election, international election observation groups and media organizations came to observe and report on the process. Although there had been inaccurate allegations prior to the start of the election, during and after the election the international community personally witnessed that it was a free and fair process, and the unfounded accusations subsequently subsided. As the election was successfully conducted, the representatives elected by the people have now emerged. Consequently, Hluttaw sessions will be held in March, and in April, the State authority will be transferred to the government that emerges, enabling it to assume responsibility for governing the country.

**Efforts to restore internal peace and to amend the Constitution**

Regarding domestic peace, efforts will be made to ensure unavoidable progress, and actions will be guided by what is necessary for the benefit of the public rather than merely by personal intentions. The Tatmadaw has continued to firmly follow the path of the Nationwide Ceasefire Agreement (NCA). To further promote the peace process, 2022 was designated as the Year of Peace. Meetings and negotiations were held a total of 149 times, including 89 meetings with ethnic armed organizations that have signed the NCA, 25 meetings with ethnic armed organizations that have not yet signed the NCA, 22 meetings with political parties, and 13 meetings with peace facilitators.

During these discussions, the demands of ethnic armed organizations, matters relating to amendments to the 2008 Constitution, and issues genuinely necessary and appropriate for the regions and the country were thoroughly discussed. The points agreed upon will be presented and deliberated in the upcoming parliament, and further actions will be carried out in accordance with Hluttaw decisions.

Regarding constitutions, countries around the world are also undertaking amendments. The current constitution was initially drafted based on the National Convention in 1991, and there may be aspects that need to be revised to align with modern systems. A constitution that is strong and well-established provides greater benefits; therefore, when drafting laws, it is necessary to take a long-term perspective and consider all aspects carefully. This principle is also important when drafting other key laws.

Regarding peace, efforts were made to create a national-level platform in which all sectors of society could participate in the peace process. Peace dialogues and peace forums were organized to develop strategies that support peace and to engage youth across the country in peacebuilding activities. The discussions and recommendations emerging from these forums are expected to provide significant support for advancing peace and constitutional amendments. By increasing youth participation in national affairs, the future of the country can be further strengthened and improved. During the tenure of our government, efforts were also made to strengthen the media sector as an important civil society institution.

Support was provided not only to state-owned media but also to other media outlets to upgrade their capacity, including technical and other forms of assistance, in order to promote overall development.Moreover, support and assistance were provided to individuals and groups in the film, music, and performing arts sectors, including journalists, who faced difficulties due to the COVID-19 pandemic and other challenges, ensuring they received the help needed to continue their work.

Artistes also contributed to ensuring the successful conduct of the recently held multiparty democratic general election. During its tenure, the government recognized and honoured artistes from various fields who actively worked *See Page 13*

*From Page 12*

to preserve and sustain Myanmar's traditional culture and arts over the long term. These artistes were awarded honorary titles and medals in acknowledgment of their contributions. The government's support and recognition of artists and other civil society organizations were aimed at strengthening these sectors. From a political perspective, the government also reviewed and assessed its own actions, drawing lessons to guide preparations and improvements for future administrations.

**Efforts undertaken to enhance agriculture-based manufacturing industries and MSMEs for national economic development**

Regarding the economic sector, as our country primarily pursues an economy based on agriculture and livestock farming, it is necessary to work towards national economic development based on agro-based production industries. Approximately 70% of our country's population resides in rural areas, with over 50% engaged in the agricultural and fisheries sector. Even among the 30% urban population, many are economically connected to this sector. To develop agro-based industries, it is essential to first advance the agricultural and livestock sectors. Our regional neighbouring countries also primarily focus on the agricultural and livestock production sector while also developing industries. Therefore, it is necessary to produce value-added products from agricultural and livestock enterprises to generate export earnings.

To achieve the per-acre production targets in agriculture, human resources skilled in agricultural and livestock knowledge and techniques, as well as necessary inputs, are required. Hence, we have been opening and conducting education at industrial, agricultural, and livestock science schools. Similarly, basic industrial, agricultural, and livestock knowledge is being taught in basic education high schools. In the coming academic year, it will also be included at the middle school level to strengthen this sector, which supports the nation's primary economy and development. Industrial, agricultural, and livestock-focused basic education high schools are also being opened and operated at the district level.

Even in developed countries, the agriculture and livestock sector remains crucial, and we can see that high-level products are produced based on this sector. In our country, the output of agricultural and livestock products is lower compared to other countries, resulting in fewer exports. This low export volume leads to lower foreign exchange earnings. To increase exports, we must work towards the development of agriculture-based production industries. Subsequently, it is necessary to increase the production of high-level products. Only then will our country's GDP grow.

During the two terms of the previous democratic governments, the trade deficit was approximately 25 billion US dollars. Taking this as a lesson, we need to enhance production industries to increase exports. If we continue with business as usual without striving for improvement, we will not be able to achieve the goal of poverty reduction. Only when every citizen genuinely works will individual incomes rise, leading to an increase in national revenue. Only when there are agricultural and livestock industries suited to the population of each region can regional food self-sufficiency be achieved, and the prices of basic consumer goods will remain at reasonable levels. High prices in some regions are due to mismatches between regional demand and production capacity, as well as high production costs. We must also work to develop livestock industries using animal feed produced from locally grown agricultural products.

With the aim of promoting production, substituting imports, and developing the national economy, we have encouraged the development of Micro, Small, and Medium Enterprises (MSMEs). Even developed countries around the world operate MSMEs. The development of MSMEs will increase domestic products and can significantly substitute for imports. Currently, with government encouragement, MSMEs are achieving unprecedented development and need to continue progressing. I would like to urge that MSMEs be further encouraged and developed in each region and state. The electricity demand for MSMEs can be addressed by providing solar power. The state is also doing its utmost to fulfill these needs. In agro-based industries, MSME production enterprises are indispensable. As MSMEs can greatly contribute to the development of the national economy, it is necessary to find ways to overcome challenges and achieve success.

**Efforts undertaken to improve transportation and communication links**

Regarding transportation, I have placed greater emphasis on the public transportation system. Developing countries are also working to improve public transport, including railways, to a greater extent. During our government's tenure, we have been working to ensure more convenient and smoother travel for the public and to facilitate the easy and swift flow of goods. This included upgrading railway lines and expanding train services. Similarly, the upgrading of the Yangon-Mandalay railway line was continued during our government's term using the state budget. As a result, train services have improved significantly, and trains can now run at speeds of up to 100 kilometers per hour. Furthermore, to boost tourism, trade, and investment through international flight routes, we were able to carry out upgrading works for airports in Pathein, Lashio, Kengtung, Tachilek, Monghsat, NyaungU, Dawei, and Myeik.

When we began assuming state responsibilities, we advocated for the use of electric vehicles (EVs) and also made plans for operating electric trains. During the current international political tensions causing fuel difficulties in our country, similar to many nations worldwide, the role of electric-powered transportation vehicles is evidently increasing. Due to fuel challenges, we are seeking ways, as other countries do, to reduce fuel consumption as much as possible. Responsible officials need to supervise systematically, and I also urge the public to cooperatively participate in these efforts.

**Regarding the advancement of the education sector**

He stated that education is an indispensable foundation for nation-building, and a better, more stable living system can be established through education. He noted that while the government is enhancing the education sector, efforts are also being made to improve the physical appearance of universities and basic education schools, as well as to fulfill requirements for libraries, research departments, sports halls, infrastructure, and teaching and learning aids. He added that just as the state provides these resources, respective universities, colleges, and schools must also systematically maintain them.

He also stated that as the present age is the era of technology, the quality of technological and computer universities has been enhanced. He noted that Naypyitaw State Academy and Naypyitaw State Polytechnic University were successfully opened in Nay Pyi Taw, and Polytechnic Universities were also established in four regions and states. Furthermore, he added that plans are being implemented to continue expanding and opening additional institutions.

Then, he stated that looking back at the country's successive historical periods, many weaknesses regarding education can be observed. He noted that while the nation reached high standards in technology, literature, fine arts, and culture during the monarchical era, the transmission of this knowledge to future generations was weakened by a lack of internal unity and mutual conflict. He added that education was suppressed during the colonial era, and following independence, internal instability led to further educational shortcomings. Even at present, he observed that education is being severely impacted in certain areas experiencing unrest and instability. He emphasized the need to promote education so that all school-age children can study, asserting that without peace, it will remain difficult to achieve national development. Therefore, he stated that peace must be achieved at all costs, and while the state will make appropriate concessions, armed groups must focus only on the interests of their regions and the nation and make only feasible demands.

Furthermore, he stated that non-formal education programs are being implemented for those unable to attend school, alongside the expansion of libraries across the country. He noted that the public, particularly those engaged in agriculture and livestock breeding, can acquire essential vocational knowledge through these libraries, books, and articles. Furthermore, he emphasized that when writing literature, general knowledge, and articles, authors should use clear and simple terminology that is easily accessible and understandable to the public.

**Regarding the advancement of the health sector**

He stated that the government has diligently carried out healthcare services for the entire public, including COVID-19 prevention, control, and treatment efforts. He noted that while the nation's life expectancy has increased compared to previous years, it remains the lowest among neighboring and ASEAN countries, necessitating further improvement. To achieve this, he emphasized the need to elevate living standards, ensure the consumption of healthy, balanced, and nutritious food, and provide access to school education for everyone to raise general knowledge. He asserted that the government is responsible for ensuring that every citizen can live a full life and for increasing the national life expectancy through comprehensive measures. Ultimately, he concluded that education and health are the very lifeblood of the country, urging the Union Government and region and state governments to systematically work toward the development of these sectors.

**Carrying out international relations**

Regarding international relations, we have pursued an independent and active non-aligned foreign policy while adhering to the five principles of friendly relations and peaceful coexistence. During our term in office, we visited Thailand, the People's Republic of China, the Russian Federation, Belarus, and Kazakhstan, focusing on promoting our country's interests through international cooperation. During the last election, international election observation teams, including those from ASEAN member countries, visited and observed the successful conduct of a free and fair election. We must continue to further strengthen and expand our international relations.

Regarding the lawsuit at the International Court of Justice (ICJ), we have participated in all stages of the proceedings from 2021 to 2026 during our term of responsibility and have been able to address the legal issues effectively.

Regarding the fight against online gambling and the prevention and suppression of drugs, we have taken this as a national responsibility and are implementing effective measures. We are actively working to identify and eliminate locations where online gambling is conducted and to take action against those involved, as well as to uncover drug production sites. Efforts will continue to locate and take action against the remaining sites. It is necessary for all stakeholders to work together to eliminate online gambling and the production and sale of drugs in our country. Based on the findings to date and the online fraud and drug-related cases that have occurred, it is evident that some ethnic armed groups are engaging in online fraud and drug production for their own benefit and survival. Therefore, responsible administrative organizations need to take action to prevent such activities from taking place in the areas under their control.

At the same time, we urge those responsible for controlling illegal trade to take systematic and strict measures. It is necessary to combat the harmful practice of encouraging illegal trade in various ways. Such activities can lead to rising prices and corruption, while also generating income for armed terrorist groups and affecting the stability of the country. Therefore, as the flow of illegal goods can harm the country and its citizens in many ways, we call on everyone to work together to prevent it.

During our government's term of service, we endured many challenges while striving for the country's development. We are deeply grateful to everyone who cooperated faithfully for the benefit of the nation during this period, and our efforts have been duly recorded in the country's history. We urge the future government to thoroughly document and systematically transfer the difficulties and experiences encountered during their service, so that similar challenges can be prevented and good practices can be preserved and carried forward. 100


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရန်နိုင်ငံအတွင်း တိုက်ခိုက်မှုများ၌ အစ္စရေးနှင့် အမေရိကန်တို့၏ ဒရုန်းများ ဆုံးရှုံးခဲ့



အီရန်နိုင်ငံအတွင်း ပြုလုပ်ခဲ့သော အမေရိကန်- အစ္စရေး ပူးတွဲစစ်ဆင်ရေးများတွင် အီရန်၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အားနည်းသွားအောင်လုပ်ဆောင်နိုင်ခဲ့သော်လည်း အစ္စရေးနှင့် အမေရိကန်တို့ဘက်မှ အဆင့်မြင့်ဒရုန်းများဆုံးရှုံးခဲ့ကြောင်း စစ်ရေးလေ့လာဆန်းစစ်ချက်များအရ သိရှိရသည်ဟု Defence Blog သတင်းဌာနက မတ် ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက် အီရန်စံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် အမေရိကန်၏ ဒုံးကျည်များ၊ ဒရုန်းများနှင့် အစ္စရေးတိုက်လေယာဉ်များသည် အီရန်နိုင်ငံအတွင်းရှိ ပစ်မှတ်များကို စတင်တိုက်ခိုက်ခဲ့ကြသည်။ ဤစစ်ဆင်ရေးသည် အဆင့်မြင့် တိကျပဲ့ထိန်းလက်နက်များ၊ မောင်းသူမဲ့စနစ်များနှင့် တိုက်လေယာဉ်များကို ပေါင်းစပ်အသုံးပြုထားသော အကြီးစား စစ်ဆင်ရေးတစ်ခုဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုများကြောင့် အီရန်၏ လေကြောင်းရန်ကာကွယ်ရေးစနစ်မှာ သိသိသာသာ အားနည်းသွားခဲ့သော်လည်း အီရန်၏ခုခံစစ်မှာ ပျက်စီးသွားခြင်းမရှိသေးကြောင်း လေ့လာသူများက ထောက်ပြထားသည်။ စစ်ဆင်ရေး စတင်ချိန်မှစ၍ အီရန်တပ်ဖွဲ့များသည် ရန်သူ့တိုက်လေယာဉ်များကို ထိမှန်အောင် မပစ်ခတ်နိုင်ခဲ့သော်လည်း စစ်မြေပြင်သို့ စေလွှတ်ခဲ့သော ကင်းထောက်ဒရုန်းတချို့ကိုမူ အောင်မြင်စွာ ကြားဖြတ်ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးစစ်တပ်၏ Heron နှင့် Hermes 900 အမျိုးအစားများသည် အဓိကတာဝေးကင်းထောက်နှင့် တိုက်ခိုက်ရေးဒရုန်းများဖြစ်ကြသည်။ အဆိုပါစနစ်နှစ်မျိုးလုံးကို ထောက်လှမ်းရေးသတင်းစုဆောင်းခြင်း၊ ကင်းထောက်ခြင်းနှင့် တိကျသော ပစ်မှတ်ရှာဖွေခြင်းလုပ်ငန်းများတွင် အဓိကအသုံးပြုပြီး အမြင့်ပေအလွန်မြင့်မားသောနေရာများနှင့် ဝေးလံသောဒေသများထိ ပျံသန်းနိုင်စွမ်းရှိသော်လည်း ယခုစစ်ဆင်ရေးအတွင်း အီရန်၏ ခုခံမှုကြောင့် ပစ်ချခံခဲ့ရခြင်းဖြစ်သည်။

အစ္စရေး၏ Heron ဒရုန်းများသည် ဝေဟင်တွင် ၂၄ နာရီထက်မနည်း ပျံသန်းနိုင်ပြီး တာဝေးကင်းထောက်လုပ်ငန်းများအတွက် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ထို့အတူ Hermes 900 ဒရုန်းများသည်လည်း စဉ်ဆက်မပြတ် စောင့်ကြည့်ကင်းထောက်နိုင်ရုံသာမက တိကျသော လမ်းညွှန်လက်နက်များကိုပါ တပ်ဆင်တိုက်ခိုက်နိုင်စွမ်းရှိကြသည်။ သို့သော် အဆိုပါ အဆင့်မြင့်ဒရုန်းအမြောက်အမြား ပစ်ချခံလိုက်ရခြင်းက အစ္စရေးနှင့် အမေရိကန်တို့သည် အီရန်၏ ရေဒါစနစ်များ၊ ဒုံးကျည်စစ်စခန်းများနှင့် ကွပ်ကဲမှုယန္တရားများကို အဆက်မပြတ် တိုက်ခိုက်နေသော်လည်း အီရန်၏ လေကြောင်းရန်ကာကွယ်ရေး အစိတ်အပိုင်းတချို့မှာမူ ဆက်လက်ရှင်သန် လည်ပတ်နေဆဲဖြစ်ကြောင်း သက်သေပြနေသည်။

အစ္စရေးသာမက အမေရိကန်နိုင်ငံဘက်မှလည်း အဆင့်မြင့် စစ်လက်နက်ပစ္စည်းဆုံးရှုံးမှုများရှိခဲ့သည်။ ပွင့်လင်းရင်းမြစ်ဆန်းစစ်ချက်များအရ ဤစစ်ဆင်ရေးကာလအတွင်း အမေရိကန်၏ MQ-9 Reaper ဒရုန်း သုံးစင်းထက်မနည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း အတည်ပြုထားသည်။ MQ-9 Reaper သည် အမေရိကန်စစ်တပ်ကထောက်လှမ်းရေး၊ ကင်းထောက်ခြင်းနှင့် တိကျသော တိုက်ခိုက်မှုများ ပြုလုပ်ရန်အတွက် အဝေးထိန်းစနစ်ဖြင့် အသုံးပြုသော အဆင့်မြင့် မောင်းသူမဲ့လေယာဉ်တစ်မျိုးဖြစ်သည်။ ၎င်းသည် ပုံမှန်အားဖြင့် အလယ်အလတ် အမြင့်ပေများတွင် ပျံသန်းပြီး အာရုံခံကိရိယာများ၊ လမ်းညွှန်ဒုံးကျည်များနှင့် လေဆာလမ်းညွှန်ဗုံးများကို ပေါင်းစပ်တပ်ဆင်ကာ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ သို့သော် အီရန်၏ လေကြောင်းပိုင်နက်အတွင်း ဤကဲ့သို့ အဆင့်မြင့်ဒရုန်းများဆုံးရှုံးခဲ့ရခြင်းက စစ်မြေပြင်၏အခက်အခဲကို ထင်ဟပ်နေသည်။

**Analyst confirms Israeli and U.S. drone losses during Iran strikes ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆွီဒင်နိုင်ငံ အခြေစိုက် Hexagon ကုမ္ပဏီက Anti-Jam အင်တင်နာ နည်းပညာသစ်ကို မိတ်ဆက်ပြသ

ဆွီဒင်နိုင်ငံအခြေစိုက် Hexagon ကုမ္ပဏီသည် စစ်မြေပြင်ရှိ လေကြောင်းပျံသန်းမှုပလက်ဖောင်းများတွင် ရန်သူ၏ ဂြိုဟ်တုလမ်းညွှန် အချက်ပြစနစ်နှောင့်ယှက်မှုများကို အောင်မြင်စွာကျော်လွှားနိုင်ရန်အတွက် အဆင့်မြင့်အချက်ပြနှောင့်ယှက်မှုဆန့်ကျင်ရေး (Anti-jam) အင်တင်နာနည်းပညာသစ်ကို မိတ်ဆက်ပြသလိုက်ကြောင်း Next Gen Defense သတင်းဌာနက မတ် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

GAJT-AE3 ဟု အမည်ပေးထားသော အင်တင်နာစနစ်သည် ကမ္ဘာလုံးဆိုင်ရာ ဂြိုဟ်တုလမ်းညွှန်စနစ်၏ အဓိကလှိုင်းနှုန်းစဉ်အားလုံးကို လွှမ်းခြုံကာကွယ်ပေးနိုင်စွမ်းရှိသည်။ ၎င်းသည် ဂြိုဟ်တုစနစ်မျိုးစုံနှင့် လှိုင်းနှုန်းစဉ်မျိုးစုံကို အပြည့်အဝကာကွယ်ပေးနိုင်သည့် နည်းပညာကို အသုံးပြုထားခြင်းဖြစ်သည်။

ဤအင်တင်နာ၏ ထူးခြားချက်မှာ လှိုင်းနှုန်းစဉ် တစ်ခုချင်းစီအလိုက် နှောင့်ယှက်မှုပယ်ဖျက်သည့် ဇုန်ခုနစ်ခုထိ ဖန်တီးပေးနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် စစ်မြေပြင်တွင် ရန်သူက နေရာအနှံ့မှ နှောင့်ယှက်စက်များအသုံးပြု၍ အချက်ပြစနစ်ကိုပိတ်ဆို့ရန် ကြိုးပမ်းနေသည့်တိုင်အောင် လေယာဉ်များနှင့် ဒရုန်းများအနေဖြင့် မိမိတို့၏ လမ်းညွှန်အချက်ပြစနစ်ကို ပြတ်တောက်သွားခြင်းမရှိဘဲ ဆက်လက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤ GAJT-AE3 နည်းပညာကို အရွယ်အစား သေးငယ်ကျစ်လျစ်သောပုံစံဖြင့် ထုတ်လုပ်ထားသောကြောင့် မောင်းသူမဲ့လေယာဉ်များ၊ စစ်ဘက်သုံးလေယာဉ်များကဲ့သို့သော လေကြောင်းပလက်ဖောင်းအမျိုးမျိုးတွင် အလွယ်တကူ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ ယနေ့ခေတ်စစ်ပွဲများတွင် ပိုမိုများပြားလာသည့် အချက်ပြနှောင့်ယှက်မှု၊ ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

Hexagon ကုမ္ပဏီ၏ GAJT-AE3 အင်တင်နာစနစ်ကို တပ်ဆင်မည့် ပလက်ဖောင်း အမျိုးအစားပေါ်မူတည်၍ ပုံစံနှစ်မျိုးဖြင့် ထုတ်လုပ်ထားသည်။ ၎င်းတို့မှာ အလေးချိန် ၇၁၄ ဂရမ်ရှိသော Rail-mount ပုံစံနှင့် အလေးချိန် ၈၁၄ ဂရမ်ရှိသော Bolt-mount ပုံစံတို့ဖြစ်ကြသည်။ နည်းပညာပိုင်းအရ အလျားမီလီမီတာ ၁၈၀၊ အနံ မီလီမီတာ ၁၄၀နှင့် အထု ၂၅ မီလီမီတာသာရှိသောကြောင့် အလွန်ကျစ်လျစ်ပြီး ပါဝါအသုံးပြုမှုမှာလည်း ဝပ် ၃၀ သာရှိသည်။



အဆိုပါ အင်တင်နာသည် ကမ္ဘာလုံးဆိုင်ရာ ဂြိုဟ်တုလမ်းညွှန်စနစ်များဖြစ်သည့် GPS (အမေရိကန်)၊ GLONASS (ရုရှား)၊ Galileo (ဥရောပ)၊ BeiDou (တရုတ်)၊ QZSS (ဂျပန်)နှင့် အိန္ဒိယ၏ NavIC စနစ်တို့မှ အချက်ပြလှိုင်းများကို အပြည့်အဝ ပံ့ပိုးပေးနိုင်ရုံသာမက Iridium ဂြိုဟ်တုဆက်သွယ်ရေးစနစ်နှင့် ဂြိုဟ်တုအခြေပြု အချက်ပြပြင်ဆင်မှုလှိုင်းများကိုပါ ဖမ်းယူပေးနိုင်စွမ်း ရှိသောကြောင့် မည်သည့်စစ်မြေပြင်တွင်မဆို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်မည့် နည်းပညာသစ်တစ်ခုဖြစ်ကြောင်း သိရသည်။

**Hexagon's New Anti-Jam Antenna Tech Targets Rising GNSS Signal Disruption ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ကောလင်း မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၄၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းအဖူးရေ ၂၁၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

"ကောလင်းခရိုင် ဖူးစားပြောင်း ၁၄၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)


# ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း အုန်းသီးအလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဟင်္သာတ မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဒေသထွက်အုန်းသီးအလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက အုန်းသီးအလုံးရေ ၄၇၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဟင်္သာတမြို့နယ်ကနေထွက်ရှိတဲ့ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလထဲမှာ အုန်းသီးတွေ ဝယ်ယူမှုများပြားခဲ့ပြီး အုန်းသီးအလုံးရေအနေနဲ့ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမတ်လထဲမှာလဲ အုန်းသီးတွေ ဝယ်ယူမှုများပြားနေပါတယ်။ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေက အုန်းပင်စိုက်တောင်သူတွေဆီကနေ အုန်းသီးတွေကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ဒေသထွက်အုန်းသီးတွေ ဝယ်ယူမှုများပြားလာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အဆင်ပြေပါတယ်"ဟု ဟင်္သာတမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။



ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းယန်း မတ် ၁၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့်ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများနှင့် လအလိုက်ဖြည့်သွင်းရသည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ မရှိကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ယန်းခိုင်ကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၅ သိန်း ထုတ်ချေးပေးထားပြီး မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောပြ၍ သိရသည်။

အောင်ရဲကျော်







# နတ်မောက်မြို့နယ် ပ/ကျားထူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



နတ်မောက် မတ် ၁၀

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပ/ကျားထူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပ/ကျားထူးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးကို ငွေကျပ် ၃၄ ဒသမ ၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦးကို၊ ငွေကျပ် ၈ ဒသမ ၂ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၈ ဒသမ ၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁ ဒသမ ၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ဆက်လက်ပြောပြ၍ သိရသည်။

ကိုညို



ရှေ့ဖုံးမှအဆက်

ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှု**

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားရာတွင် ယခုကဲ့သို့တွေ့ဆုံခြင်းသည် မိမိတို့အစိုးရ၏ ဖြတ်သန်းလာခဲ့သည့် ငါးနှစ်တာကာလအတွင်း မိမိတို့အစိုးရအဖွဲ့၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုများနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ရန်နှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို သုံးသပ်ရန် တွေ့ဆုံပြောကြားခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေးတိုးတက်မှုရှိစေရေးအတွက် ယခင်ကယေဘုယျအားဖြင့် နိုင်ငံတွင်ကျင့်သုံးသည့်စနစ်များအလိုက် အစိုးရများနှင့် နိုင်ငံရေးပါတီများက ဆောင်ရွက်ကြကြောင်း၊ ယခုခေတ်ကာလတွင် အစိုးရနှင့် ပါတီများသာမက ပြည်တွင်း၌ဖွဲ့စည်းထားသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (NGO၊ INGO)များကပါ ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးစကာလမှစတင်၍ ခေတ်အဆက်ဆက်တွင် အစိုးရအဖွဲ့အမျိုးမျိုး၊ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် ပြောင်းလဲကျင့်သုံးခဲ့ပြီး ၂၀၁၁ ခုနှစ်မှစတင်၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းခဲ့ကြောင်း၊ အစိုးရ၊ လွှတ်တော်ဖြင့် နိုင်ငံကိုဦးဆောင်ခဲ့ကြောင်း၊ သို့သော် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုရလဒ်များဖြစ်ပေါ်ခဲ့ပြီး ၎င်းတို့အနေဖြင့် ဥပဒေနှင့်အညီဖြေရှင်းမှုမရှိဘဲ မဲမသမာမှုရလဒ်များဖြင့်ထွက်ပေါ်လာသည့် ကိုယ်စားလှယ်များဖြင့်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကိုတာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သဖြင့် အစိုးရအဖွဲ့ကို ဖွဲ့စည်းရာတွင် ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမှုရှိစေရေး တပ်မတော်သားများဖြင့်သာ သီးခြားဖွဲ့စည်းခြင်းမဟုတ်ဘဲ နိုင်ငံ့အကျိုးကိုဆောင်ရွက်နိုင်ပြီး အတွေ့အကြုံရှိသည့် အရပ်သားများကိုပါထည့်သွင်းဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် ရှေ့လုပ်ငန်းစဉ် ငါးရပ်ကိုချမှတ်ဆောင်ရွက်ခဲ့ပြီး ထိုအထဲတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များပြီးဆုံးပါက ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်မည်ဟုပါရှိပြီးဖြစ်ကြောင်း၊ သို့သော် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် နိုင်ငံတစ်ဝန်းဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်မှုများအထိဖြစ်ပေါ်ခဲ့ပြီး တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်အချိန်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခက်အခဲအကျပ်အတည်းအမျိုးမျိုးကြားမှ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။

**ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ပြည်သူများက ရွေးချယ်ပေးခဲ့သည့် ရွေးကောက်ခံကိုယ်စားလှယ်များ ပေါ်ထွက်လာပြီဖြစ်ခြင်းကြောင့် ယခုမတ်လထဲတွင် လွှတ်တော်အစည်းအဝေးများကိုကျင်းပခြင်းနှင့်အတူ ဧပြီလတွင် ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်အာဏာထမ်းဆောင်နိုင်ရန် လွှဲပြောင်းပေးနိုင်တော့မည်ဖြစ် . . .**

**လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့မှု**

မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာဖြင့် ရရှိနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူခဲ့ကြောင်း၊ အလားတူ မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်မည်ဟု မိမိအနေဖြင့် ၂၀၂၄ ခုနှစ်တွင် မိတ္ထီလာမြို့ခရီးစဉ်အတွင်း ပြည်သူလူထုနှင့် တွေ့ဆုံစဉ် စတင်ပြောကြားခဲ့ကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကို ၂၀၂၃ ခုနှစ်တွင် စတင်ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြင်ဆင်ချိန် သုံးနှစ်ခန့်ထိ ရရှိခဲ့ကြောင်း၊ ပါတီဝင်ဦးရေတိုးပွားရေးအတွက်လည်း ပါတီဝင်စည်းရုံးရေးလုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုပေးထားခဲ့ကြောင်း၊ ပါတီဝင်ဦးရေပိုမိုရရှိအောင် စည်းရုံးခြင်းသည် ပြည်သူလူထုကိုစည်းရုံးခြင်းပင်ဖြစ်ပြီး ပြည်သူကိုတစ်စိတ်တစ်ပိုင်း စည်းရုံးခွင့်ရခြင်းပင်ဖြစ်ကြောင်း၊ ပါတီဝင်အင်အားများလာပါက ထောက်ခံသူများပြားလာမည်ဖြစ်ပြီး ပါတီဝင်များစုဆောင်းခွင့်နှင့် မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းစဉ်များကိုလည်း နည်းလမ်းတကျခွင့်ပြုပေးထားခဲ့ကြောင်း၊ သို့သော်လည်း အချို့ပါတီများအနေဖြင့် ပေးထားသည့်အခွင့်အလမ်းများကို ထိရောက်စွာအသုံးချနိုင်မှုမရှိခဲ့သည်ကိုတွေ့ရှိရပြီး ပြည်သူများနှင့် ပိုမိုထိတွေ့သည့် ပါတီများက ပြည်သူ့ထောက်ခံမဲများပိုမိုရရှိခဲ့သည်ကိုတွေ့ရကြောင်း၊ ရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံးကိုယ်စားပြုပါဝင်ယှဉ်ပြိုင်သည့်ပါတီ ခြောက်ပါတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကိုယ်စားပြုယှဉ်ပြိုင်သည့်ပါတီ ၅၁ ပါတီ စုစုပေါင်း နိုင်ငံရေးပါတီ ၅၇ ပါတီ ပါဝင်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများတည်ထောင်၍ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ပိုမိုခိုင်မာစေခဲ့ကြောင်း။

ကျင်းပပြီးစီးခဲ့တဲ့ ရွေးကောက်ပွဲအပိုင်းသုံးပိုင်းစလုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းကျော်အနက် မဲပေးခဲ့သည့်အရေအတွက်မှာ ၁၃ ဒသမ ၁၄ သန်းကျော် ရှိခဲ့ကြောင်း၊ ထို့ကြောင့် မဲပေးမှုရာခိုင်နှုန်းအနေဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ မဲပေးခဲ့သည့်အရေအတွက်ကို ခွဲခြားလေ့လာကြည့်မည်ဆိုပါက အသက် ၁၈ နှစ်နှင့် ၄၀ နှစ်ကြားတွင် ၄၅ ရာခိုင်နှုန်း၊ အသက် ၄၀ မှ ၅၀ နှစ်အကြားတွင် ၂၀ ရာခိုင်နှုန်းပါဝင်နေသည်ကို တွေ့ရှိရသည့်အတွက် လူငယ်အုပ်စုများအနေဖြင့် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကို စိတ်ဝင်စားမှုရှိစွာဖြင့် အများဆုံးပါဝင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲ၌ နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ မီဒီယာများလာရောက်လေ့လာခြင်း၊ သတင်းရယူခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမစတင်မီ မမှန်မကန်စွပ်စွဲချက်များ ရှိသော်လည်း ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအပြီး၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကို နိုင်ငံတကာအသိုင်းအဝိုင်းက မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ရသဖြင့် မဟုတ်မမှန်စွပ်စွဲချက်များ တိတ်ဆိတ်သွားကြောင်း၊ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ပြည်သူများက ရွေးချယ်ပေးခဲ့သည့် ရွေးကောက်ခံကိုယ်စားလှယ်များ ပေါ်ထွက်လာပြီဖြစ်ခြင်းကြောင့် ယခုမတ်လထဲတွင် လွှတ်တော်အစည်းအဝေးများကိုကျင်းပခြင်းနှင့်အတူ ဧပြီလတွင် ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်အာဏာထမ်းဆောင်နိုင်ရန် လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း။

**ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မဖြစ်မနေတိုးတက်မှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထုအကျိုးကိုရှေးရှု၍ ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်ကို ဆောင်ရွက်ရမည်ဖြစ် . . .**

**တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိပြီး ငြိမ်းချမ်းရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်လည်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ . . .**

**ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရေး ဆွေးနွေးဆောင်ရွက်ခဲ့မှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု**

ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ **မဖြစ်မနေတိုးတက်မှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထုအကျိုးကိုရှေးရှု၍ ဖြစ်ချင်သည်ထက်ဖြစ်သင့်သည်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိပြီး ငြိမ်းချမ်းရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်လည်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊** NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၈၉ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၂၅ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၂၂ ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်များနှင့် ၁၃ ကြိမ်၊ စုစုပေါင်း ၁၄၉ ကြိမ်တွေ့ဆုံညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြောင်း။

ထိုကဲ့သို့ ဆွေးနွေးသည့်နေရာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပြင်ဆင်ရေးကိစ္စရပ်များ၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သော ဖြစ်သင့်ဖြစ်ထိုက်သည့်အချက်များကို အကျေအလည် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ဆွေးနွေးနိုင်ခဲ့သည့်အချက်များကို လာမည့်လွှတ်တော်တွင် ဆွေးနွေးသွားမည်ဖြစ်ပြီး လွှတ်တော်၏ ဆုံးဖြတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အခြေခံဥပဒေများနှင့်ပတ်သက်၍ ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီး၌လည်း ပြင်ဆင်နေကြသည့် အခြေအနေများရှိနေကြကြောင်း၊ လက်ရှိ အခြေခံဥပဒေသည် ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံမှ စတင်အခြေပြုရေးဆွဲခဲ့ခြင်းဖြစ်၍ ယခုခေတ်စနစ်နှင့်အညီပြုပြင်ရန်များရှိနိုင်ကြောင်း၊ အခြေခံဥပဒေသည် ခိုင်မာမှုရှိပါက ပိုမိုကောင်းမွန်သဖြင့် ဥပဒေရေးဆွဲရာတွင် အရှည်မြော်တွေးပြီး ဘက်ပေါင်းစုံကစဉ်းစားရေးဆွဲရန်လိုကြောင်း၊ အခြားအဓိကကျသည့် ဥပဒေများရေးဆွဲရာတွင်လည်း ၎င်းအချက်သည် အရေးပါကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အမျိုးသားအဆင့်အားလုံးပါဝင်သည့် အခင်းအကျင်းတစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် ငြိမ်းချမ်းရေးစကားဝိုင်း၊ ငြိမ်းချမ်းရေးကို အထောက်အကူပြုသည့် နည်းဗျူဟာများ ဖော်ထုတ်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဖိုရမ်နှင့် နိုင်ငံတစ်ဝန်းတွင်ရှိသည့်လူငယ်များ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် စိတ်ပါဝင်စားမှုရှိလာစေရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ်များကိုလည်း ကျင်းပပေးခဲ့ကြောင်း၊ အဆိုပါဖိုရမ်များမှရရှိသည့် ဆွေးနွေးချက်များသည် ငြိမ်းချမ်းရေးနှင့် အခြေခံဥပဒေပြင်ဆင်ရေးအတွက်များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ နိုင်ငံ့အရေးကိုဆောင်ရွက်ရာ၌ လူငယ်များပါဝင်မှုကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံ၏အနာဂတ်ပိုမိုကောင်းမွန်လာအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအဖွဲ့ တာဝန်ယူစဉ်ကာလအတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းဖြစ်သည့် မီဒီယာကဏ္ဍအားကောင်းစေရေးအတွက်လည်း အားပေးဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံပိုင်မီဒီယာအပြင် အခြားမီဒီယာများကိုလည်း အဆင့်မြှင့်တင်ပြီး ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာအပါအဝင် အခြားထောက်ပံ့မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် မီဒီယာနှင့်စာနယ်ဇင်းသမားများအပါအဝင် ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိနေသည့် လူပုဂ္ဂိုလ်၊ အသင်းအဖွဲ့အသီးသီးတို့အတွက်လည်း လိုအပ်သည့်ကူညီထောက်ပံ့ပေးမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

အနုပညာရှင်များအနေဖြင့် ယခုကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း ပါဝင်အားဖြည့်ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အနုပညာရပ်များ ရေရှည်တည်တံ့နိုင်စေရေးအတွက် နယ်ပယ်အသီးသီးမှ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်ဆုတံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးခဲ့ကြောင်း၊ အနုပညာနယ်ပယ်အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရန်ရည်ရွယ်၍ မိမိတို့အနေဖြင့် အားပေးချီးမြှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ

ရေးအားများအနေဖြင့် မိမိတို့ဆောင်ရွက်ခဲ့သည်များကို သုံးသပ်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ထိုအပေါ်တွင် သင်ခန်းစာယူသုံးသပ်၍ နောင်လာမည့်အစိုးရအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

### နိုင်ငံ့စီးပွားတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းနှင့် MSME လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့မှု

စီးပွားရေးကဏ္ဍနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းကို အခြေခံ၍ နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းကျော်သည် လယ်ယာသားငါးကဏ္ဍကိုဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ မြို့ပြတွင်နေထိုင်သူ ၃၀ ရာခိုင်နှုန်း၌ပင် ၎င်းကဏ္ဍနှင့် စီးပွားရေးဆောင်ရွက်နေသည်များရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-base Industires)ကို ဆောင်ရွက်ရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဒေသတွင်းနိုင်ငံများတွင်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်ကဏ္ဍကို အဓိကဆောင်ရွက်ကြပြီး စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပပို့ကုန်များရရှိအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ကေပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေး အသိပညာနှင့် အတတ်ပညာများတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များနှင့် သွင်းအားစုများလိုအပ်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ အခြေခံပညာအထက်တန်းကျောင်းများတွင်လည်း စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် အခြေခံအသိပညာများကိုလည်း သင်ကြားပေးလျက်ရှိပြီး လာမည့်ပညာသင်နှစ်တွင် အလယ်တန်းအဆင့်၌ပါ သင်ကြားပေး၍ နိုင်ငံ၏အဓိကစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုမည့်ကဏ္ဍ၌ အားကောင်းလာစေရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ခရိုင်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည့် နိုင်ငံများ၌ပင် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍသည် အရေးပါလျက်ရှိပြီး ၎င်းကဏ္ဍကိုအခြေခံ၍ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နေသည်ကို တွေ့ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များမှာ အခြားနိုင်ငံများထက် နည်းပါးနေခြင်းကြောင့် ပြည်ပပို့ကုန်များ နည်းပါးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ပြည်ပပို့ကုန်နည်းပါးခြင်းကြောင့် နိုင်ငံခြားဝင်ငွေများနည်းပါးနေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားပို့ကုန်များ ပိုမိုတင်ပို့နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများတိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့်အဆင့်မြင့်ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်ရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်ကြောင်း။

**ဒေသအလိုက်နေထိုင်သည့် လူဦးရေနှင့်ကိုက်ညီသည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများရှိမှသာ ဒေသဝမ်းစာဖူလုံမှုကိုဖြစ်စေနိုင်မည်ဖြစ်ပြီး အခြေခံစားကုန်များ၏ဈေးနှုန်းများသည်လည်း ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းတွင်ရှိနေစေမည်ဖြစ် . . .**

**ဒေသတွင်းလိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှုများ ကိုက်ညီမှုမရှိခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကြီးမြင့်ခြင်းတို့ကြောင့်သာ အချို့ဒေသများ၌ ကုန်ဈေးနှုန်းများကြီးမြင့်နေခြင်းဖြစ် . . .**

ယခင်ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်မှုလိုငွေ အမေရိကန် ဒေါ်လာ ၂၅ ဘီလီယံခန့်ရှိခဲ့ပြီး ယင်းကိုသင်ခန်းစာရယူ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုမြှင့်တင်ကာ ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို ကြိုးပမ်းမြှင့်တင်မှုမရှိဘဲ ပုံမှန်အတိုင်းဆက်လက် ဆောင်ရွက်သွားမည်ဆိုပါက ဆင်းရဲမှုလျှော့ချရေးရည်မှန်းချက်ဖော်ဆောင်နိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံသားတိုင်း တစ်ဦးချင်း အမှန်တကယ်အလုပ်လုပ်မှသာလျှင် တစ်ဦးချင်းဝင်ငွေများ တိုးတက်လာပြီး နိုင်ငံ့ဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ **ဒေသအလိုက်နေထိုင်သည့် လူဦးရေနှင့်ကိုက်ညီသည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများရှိမှသာ ဒေသဝမ်းစာဖူလုံမှုကိုဖြစ်စေနိုင်မည်ဖြစ်ပြီး အခြေခံစားကုန်များ၏ဈေးနှုန်းများသည်လည်း ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းတွင်ရှိနေစေမည်ဖြစ်ကြောင်း၊ ဒေသတွင်းလိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှုများ ကိုက်ညီမှုမရှိခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကြီးမြင့်ခြင်းတို့ကြောင့်သာ အချို့ဒေသများ၌ ကုန်ဈေးနှုန်းများ ကြီးမြင့်နေခြင်းဖြစ်ကြောင်း၊** ဒေသတွင်းထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကိုအခြေခံပြီး ထုတ်လုပ်သည့် တိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများတိုးတက်အောင်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ အားပေးနိုင်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် MSME လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်တွင်းထုတ်ကုန်များ တိုးတက်လာပြီး ပြည်ပသွင်းကုန်များကို များစွာအစားထိုးနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါတွင် အစိုးရအားပေးမှုနှင့်အတူ MSME လုပ်ငန်းများအနေဖြင့် ယခင်နှင့်မတူအောင် ဖွံ့ဖြိုးတိုးတက်မှုရရှိနေပြီဖြစ်ပြီး ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း MSME လုပ်ငန်းများကို ယခုထက်ပိုမိုအားပေးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊နိုင်ငံတော်ကလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်ငန်း(Agro-base Industires)တွင် MSME ကုန်ထုတ်လုပ်ငန်းသည် မဖြစ်မနေလိုအပ်ပြီး MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်သည်ဖြစ်သဖြင့် လုပ်ငန်းလိုအပ်ချက်များအပေါ် နည်းလမ်းရှာဖွေကျော်ဖြတ်၍ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

### သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာစေရေးဆောင်ရွက်ခဲ့မှု

ပို့ဆောင်ရေးနှင့်ပတ်သက်၍ မိမိအနေဖြင့် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးစနစ်(Public Transportation)ကို ပိုမိုအားပေးဆောင်ရွက်ခဲ့ကြောင်း၊ တိုးတက်လျက်ရှိသည့်နိုင်ငံများတွင်လည်း မီးရထားအပါအဝင် အများပြည်သူသုံး သယ်ယူပို့ဆောင်သည့်လုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့အစိုးရတာဝန်ယူစဉ်ကာလအတွင်း ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်စွာဖြင့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် မီးရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊

**ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်မှုကို မိမိတို့အစိုးရလက်ထက်တွင် နိုင်ငံတော်ဘတ်ဂျက်များဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါရထားလမ်း ပြေးဆွဲမှုများ ပိုမိုတိုးတက်ကောင်းမွန်လာပြီး မီးရထားများ၏အမြန်နှုန်းကို ကီလိုမီတာ ၁၀၀ ထိ မောင်းနှင်ပြေးဆွဲနိုင်ပြီဖြစ် . . .**

အလားတူ ရန်ကုန်-မန္တလေး ရထားလမ်း **အဆင့်မြှင့်တင်မှုကို မိမိတို့အစိုးရလက်ထက်တွင် နိုင်ငံတော်ဘတ်ဂျက်များဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါရထားလမ်းပြေးဆွဲမှုများ ပိုမိုတိုးတက်ကောင်းမွန်လာပြီး မီးရထားများ၏အမြန်နှုန်းကို ကီလိုမီတာ ၁၀၀ ထိ မောင်းနှင်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း၊** ထို့ပြင် **နိုင်ငံတကာလေကြောင်း ခရီးစဉ်များမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးအတွက် ပုသိမ်၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ ညောင်ဦး၊ ထားဝယ်၊ မြိတ်လေဆိပ်တို့ကိုအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။**

မိမိတို့အနေဖြင့်နိုင်ငံတော်တာဝန်စတင်ထမ်းဆောင်ချိန်တွင် EV ကားများ အသုံးပြုရန်အတွက် တိုက်တွန်းခဲ့သကဲ့သို့ လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ခဲ့ကြောင်း၊ ယခုဖြစ်ပေါ်နေသည့် နိုင်ငံတကာအရေးအခင်းများကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံ၌လည်း လောင်စာဆီများ အခက်အခဲဖြစ်ပေါ်လျက်ရှိချိန်တွင် လျှပ်စစ်စွမ်းအင်သုံးသယ်ယူပို့ဆောင်ရေးယာဉ်များ၏ အခန်းကဏ္ဍသည် မြင့်တက်လာနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လောင်စာဆီအခက်အခဲများကြောင့် မိမိတို့အနေဖြင့် မလိုလားအပ်ဘဲ လောင်စာဆီသုံးစွဲနေမှုများကို အတတ်နိုင်ဆုံးလျှော့ချနိုင်ရေး အခြားနိုင်ငံများနည်းတူ နည်းလမ်းရှာ၍ ဆောင်ရွက်လျက်ရှိပြီး တာဝန်ရှိသူများကစနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်တိုက်တွန်းလိုကြောင်း။

### ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ခဲ့မှု

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပညာရေးသည် မရှိမဖြစ်လိုအပ်သည့် "အခြေခံအုတ်မြစ်တစ်ခု"ဖြစ်ပြီး ပိုမိုကောင်းမွန်ခိုင်မာသည့် လူနေမှုစနစ်ကိုပညာရေးဖြင့် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ **မိမိတို့အနေဖြင့် ပညာရေးအဆင့်မြှင့်တင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၏ သွင်ပြင်လက္ခဏာများ ကောင်းမွန်စေရေး၊ စာကြည့်တိုက်များ၊ သုတေသနဌာနများ၊ အားကစားခန်းမများအပြင် အခြားသောအခြေခံအဆောက်အအုံများ၊ သင်ကြားမှုသင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြည့်စုံကောင်းမွန်စေရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊** နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များနှင့် ကျောင်းများအလိုက်မှလည်း စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

**မိမိတို့အနေဖြင့် ပညာရေးအဆင့်မြှင့်တင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၏ သွင်ပြင်လက္ခဏာများ ကောင်းမွန်စေရေး၊ စာကြည့်တိုက်များ၊ သုတေသနဌာနများ၊ အားကစားခန်းမများအပြင် အခြားသောအခြေခံအဆောက်အအုံများ၊ သင်ကြားမှုသင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြည့်စုံကောင်းမွန်စေရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ . . .**

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ အရည်အသွေးကိုမြှင့်တင်ပေးခဲ့ကြောင်း၊ အထူးသဖြင့် နေပြည်တော်တွင် Napyitaw State Academy နှင့် Napyitaw State Polytechnic University တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် လေးခု၌လည်း Polytechnic University များကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ ဖြတ်သန်းခဲ့သည့်သမိုင်းကြောင်းအဆက်ဆက်ကို ပြန်ကြည့်မည်ဆိုပါက ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များစွာရှိခဲ့သည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဘုရင်စနစ်ကျင့်သုံးခဲ့သည့် အချိန်ကာလများတွင် မိမိတို့အနေဖြင့် အတတ်ပညာ၊ စာပေ၊ အနုသုခုမနှင့် ယဉ်ကျေးမှုတို့၌ အဆင့်အတန်းမြင့်မားခဲ့ကြောင်း၊

စာမျက်နှာ ၁၈ သို့

**ငြိမ်းချမ်းမှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန် များစွာအခက်အခဲရှိနေဦးမည်ဖြစ်သဖြင့် ငြိမ်းချမ်းရေးကို မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်၊ နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် လိုက်လျောမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဒေသနှင့် နိုင်ငံတော်အကျိုးကိုသာ ဦးတည်၍ ဖြစ်နိုင်သည်များကိုသာ တောင်းဆိုသွားကြရန်လို . . .**

**ပညာရေးနှင့် ကျန်းမာရေးသည် တိုင်းပြည်၏အသက်ပင်ဖြစ်ပြီး ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတိုးတက်စေရေး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စနစ်တကျဖြင့် ဆောင်ရွက်သွားကြစေလို . . .**

စာမျက်နှာ ၁၇ မှအဆက်

သို့သော်လည်း အချင်းချင်းညီညွတ်မှုတမှုအားနည်းပြီး အပြန်အလှန်တိုက်ခိုက်နေကြသောကြောင့် စာပေပညာနှင့် အတတ်ပညာများကို လက်ဆင့်ကမ်းနိုင်မှုအားနည်းခဲ့ကြခြင်းဖြစ်ကြောင်း၊ ကိုလိုနီခေတ်တွင် ပညာရေးဖိနှိပ်ခံရမှုများရှိခဲ့သကဲ့သို့ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ပြည်တွင်းမငြိမ်မသက်မှုများကြောင့် ပညာရေးအားနည်းမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်လည်း အချို့ဆူပူမှုဖြစ်ပေါ်ပြီးတည်ငြိမ်မှုမရှိသည့် ဒေသများတွင် ပညာရေးကို ပိုမိုထိခိုက်စေသည်ကိုတွေ့ရကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံးပညာသင်ကြားနိုင်ရေး ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ **ငြိမ်းချမ်းမှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန်များစွာ အခက်အခဲရှိနေဦးမည်ဖြစ်သဖြင့် ငြိမ်းချမ်းရေးကို မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် လိုက်လျောမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဒေသနှင့် နိုင်ငံတော်အကျိုးကိုသာဦးတည်၍ဖြစ်နိုင်သည်များကိုသာ တောင်းဆိုသွားကြရန်လိုကြောင်း။**

ပညာရေးနှင့်ပတ်သက်၍ ကျောင်းမနေနိုင်သည့်အရွယ်များကို ကျောင်းပြင်ပပညာရေးဖြင့်ဆောင်ရွက်ပေးလျက်ရှိပြီး စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်သူများအနေဖြင့် အဆိုပါစာကြည့်တိုက်များ၊ စာအုပ်စာပေများ၊ ဆောင်းပါးများမှတစ်ဆင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အသိပညာဗဟုသုတများရရှိစေနိုင်မည်ဖြစ်ကြောင်း၊ စာပေဗဟုသုတများ၊ ဆောင်းပါးများကို ရေးသားဖော်ပြကြရာတွင်လည်း အများပြည်သူများ လက်လှမ်းမီစွာဖြင့် လွယ်ကူရှင်းလင်းစွာသိမြင်နိုင်မည့်အသုံးအနှုန်းများဖြင့် ရေးသားဖော်ပြကြရန်လိုကြောင်း။

**ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ခဲ့မှု**

ကျန်းမာရေး ကဏ္ဍမြှင့်တင်ရေးနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းရပ်များကို ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းအနေဖြင့် ယခင်နှစ်များထက် တိုးမြှင့်လာခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများအနက် အနိမ့်ဆုံးဖြစ်နေသည့်အတွက် ဆက်လက်မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး လူနေမှုစနစ်ကိုမြှင့်တင်ပေးရမည်၊ ကျန်းမာရေးနှင့် ညီညွတ်မျှတပြီး အာဟာရပြည့်ဝစွာစားသုံးနိုင်ရမည်၊ အသိပညာမြင့်မားစေရေး ကျောင်းပညာရေးကို လူတိုင်း သင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ နိုင်ငံသားများ၏ မျှော်မှန်းသက်တမ်း တိုးမြှင့်လာစေရေးအတွက် အစိုးရအနေဖြင့်တာဝန်ရှိပြီး ဘက်ပေါင်းစုံမှစဉ်းစား၍ မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ကျန်းမာရေးသည် တိုင်းပြည်၏အသက်ပင်ဖြစ်ပြီး ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ တိုးတက်စေရေးပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စနစ်တကျဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း။

**နိုင်ငံတကာဆက်ဆံရေးဆောင်ရွက်ခဲ့မှု**

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လွတ်လပ်ပြီးတက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ (၅)ချက်နှင့်အညီ စောင့်ထိန်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တာဝန်ထမ်းဆောင်ချိန်များအတွင်း ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့သို့ ခရီးစဉ်များသွားရောက်ခဲ့ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့နိုင်ငံ၏အကျိုးစီးပွားများကိုပိုမိုမြှင့်တင်နိုင်ရေး အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့ကြပြီး လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်ကို ၎င်းတို့တွေ့မြင်ခဲ့ရကြောင်း၊ နိုင်ငံတကာဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ)၌ တရားစွဲဆိုမှုနှင့်ပတ်သက်၍လည်း နိုင်ငံတော်တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ် တရားရင်ဆိုင်မှုကာလထိ တရားစီရင်မှုအဆင့်အားလုံးတွင် ပါဝင်ရင်ဆိုင်ခဲ့ပြီး ဥပဒေကြောင်းအရထိရောက်စွာဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

**အွန်လိုင်းလိမ်လည် လောင်းကစားမှုများတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့နှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ထိထိရောက်ရောက် တိုက်ဖျက် ဆောင်ရွက်လျက်ရှိကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သည့်နေရာများနှင့် ကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သူများကို ဖော်ထုတ်ရှင်းလင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်နေသည့်နေရာများကို ဖော်ထုတ်ရှင်းလင်းခြင်းများကို မိမိတို့အနေဖြင့် အင်ပြည့်အားပြည့်ဖြင့် ထိရောက်ပြင်းထန်စွာ ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့်နေရာများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊** မိမိတို့နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုများမရှိစေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လက်ရှိအချိန်ထိဖော်ထုတ်ရှင်းလင်းရရှိမှုများနှင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များကို သုံးသပ်ကြည့်မည်ဆိုပါက အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားနှင့် ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် အွန်လိုင်းလိမ်လည်မှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းများကိုဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့နယ်မြေအတွင်း ထိုသို့လုပ်ဆောင်နေမှုများမရှိအောင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

တစ်ဆက်တည်းတွင် **တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်၍လည်း ထိန်းသိမ်းဆောင်ရွက်ရန်တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကိုနည်းလမ်းမျိုးစုံဖြင့် အားပေးဆောင်ရွက်နေကြသည့်အကျင့်ဆိုးကို တိုက်ဖျက်ရန်လို**ကြောင်း၊ **၎င်းအကျင့်ဆိုးသည် ကုန်ဈေးနှုန်းကြီးမြင့်မှုများနှင့် အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များအတွက်လည်း ဝင်ငွေများရရှိနေမည်ဖြစ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်လည်း ထိခိုက်စေနိုင်**ကြောင်း၊ သို့ဖြစ်၍ **တရားမဝင်ကုန်စည်စီးဆင်းမှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် နည်းလမ်းမျိုးစုံဖြင့် ထိခိုက်နစ်နာစေနိုင်သောကြောင့် အားလုံးကဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်မှာကြားလို**ကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်ကာလအတွင်း အခက်အခဲအကျပ်အတည်းပေါင်းများစွာ မှကြံ့ကြံ့ခံ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့ချိန် ကာလများအတွင်း နိုင်ငံတော်အတွက် သစ္စာရှိစွာဖြင့် လက်တွဲ လုပ်ဆောင်ခဲ့မှုများအတွက် အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပြီး မိမိတို့၏တာဝန်ထမ်းဆောင်မှုများသည် နိုင်ငံတော်တွင် မှတ်ကျောက်တင်ခံခဲ့ကြမည်ဖြစ်ကြောင်း၊ နောင်လာမည့်အစိုးရအနေဖြင့် ယခုကဲ့သို့အခက်အခဲများကြုံတွေ့ရမှုမရှိစေရေးအတွက် မိမိတို့တာဝန်ထမ်းဆောင်ခဲ့ရချိန်ကာလများအတွင်း ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့်အတွေ့အကြုံများကို ပြည့်ပြည့်စုံစုံဖြင့် ရေးသားဖော်ပြ၍ စနစ်တကျ လွှဲပြောင်းပေးသွားကြရန်လိုကြောင်းနှင့် ကောင်းမွန်သည့် လုပ်ဆောင်မှုများကို လက်ဆင့်ကမ်းပေးခဲ့ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၈/၂၀၂၆**
၁၃၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ် မတ်လ ၁၀ ရက်)

### တာဝန်မှ အနားယူခွင့်ပြုခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ) အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၉/၂၀၂၆**
၁၃၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ် မတ်လ ၁၀ ရက်)

### မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ) အရ ဒေါက်တာစန္ဒာဦးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၁၀/၂၀၂၆**
၁၃၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ် မတ်လ ၁၀ ရက်)

### တာဝန်မှ အနားယူခွင့်ပြုခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ) အရ ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုးအား ကျန်းမာရေးအရ ၂၀၂၆ ခုနှစ် မတ် ၁ ရက်မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၁၁/၂၀၂၆**
၁၃၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ် မတ်လ ၁၀ ရက်)

### ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ)အရ ဦးမြတ်စံအား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၁၂/၂၀၂၆**
၁၃၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ် မတ်လ ၁၀ ရက်)

### ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ)အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးကျော်သောင်းအောင် — ချင်းပြည်နယ်တရားလွှတ်တော်
(၂) ဦးအောင်မော် — ရှမ်းပြည်နယ်တရားလွှတ်တော်

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက် မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www. motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက်တွေရဲ့ နွေဦးတော်လှန်ရေး ခေါင်းစဉ်အောက်မှာ သာသနာ့ဝန်ထမ်း ဘုရားသားသမီးတွေရဲ့ ဆွမ်းခံခရီးတောင် အန္တရာယ်မကင်းတော့ပြီလား"** ခေါင်းစဉ်ဖြင့် ၁၁-၃-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၈-၃-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ရွေးကောက်ပွဲပြီးလို့ လွှတ်တော်ပေါ် အာဏာလွှဲဖို့လုပ်နေချိန်မှာ ဘာလုပ်ရမှန်းမသိကြောင်ပျောက်နေတဲ့ NUG၊ PDF"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေ နည်းမည်

**နေပြည်တော် မတ် ၁၀**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေး မြို့တွင် ၂၃၂ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက် အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် စင်တီမီတာ ၃၆၀ အောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ၁၆၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် စင်တီမီတာ ၁၇၀ အောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ၇၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်ငါးရက်အတွင်း လက်ရှိရေမှတ်အောက် နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် စင်တီမီတာ ၁၀၀ အောက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေး မြို့တော်ခန်းမတွင် ကျင်းပ



**မန္တလေး မတ် ၁၀**

ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချစားသုံးသူဘဝ (Safe Products, Confident Consumers)ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ စားသုံးသူအခွင့်အရေးများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် အလေးထားဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်၊ ဈေးနှုန်းများ မှန်ကန်မှုရှိစေရန်နှင့် ထုတ်ကုန်များ အရည်အသွေးပြည့်မီမှုရှိစေရန် ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥပဒေ၊ မူဝါဒများ၊ ညွှန်ကြားချက်များနှင့်အညီ အတ္တပရမျှတစွာဖြင့် စားသုံးသူများအပေါ် စေတနာထားကာ လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များ၊ တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရန်အတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးက စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Video Clip ပြသမှုများနှင့် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများ တပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းများတွင် တရားမဝင်အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၀-၄-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၁၉ ခုနှစ် အတွင်း တင်သွင်းခွင့်လိုင်စင် ထုတ်ပေးထားသောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## ထူးခြားသည့် နေ့အပူချိန်များ (၁၀ - ၃ - ၂၀၂၆)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ချောက် | ၄၁ ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မကွေး | ၄၀ ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၄၁ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၄၀ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၁ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | သာစည် | ၄၀ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၀ ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | တံတားဦး | ၄၀ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၀ ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | အောင်လံ | ၃၉ ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |




## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်ကျော်လွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန |
| (၂) | ဒေါက်တာဆွေဆက်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ခတ်ခွဲ)<br>အမျိုးသားကျန်းမာရေး ခတ်ခွဲမှုဆိုင်ရာဌာန<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## ၂၀၂၆ ခုနှစ် မတ် ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# စစ်တွေမြို့နယ်အတွင်းရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးတို့ စစ်တွေမြို့နယ်အတွင်းရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စာစစ်ဌာနများဖြစ်သည့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့၌ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် ကျောင်းတွင်း၊ ကျောင်းပြင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများ လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ရခိုင်ပြည်နယ်အတွင်း စစ်တွေ၊ ကျောက်ဖြူ၊ မာန်အောင်မြို့တို့တွင် စာစစ်ဌာန ၁၁ ခုဖြင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ဦးရေ ၁၈၁၀ စာမေးပွဲဖြေဆိုကြမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ၊ စာမေးပွဲကြီးကြပ် ဆရာ၊ဆရာမများ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများသို့ သွားရောက်ရာတွင် သွားလာမှုအဆင်ပြေစေရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် မတ် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များတွေ့ဆုံပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ၊ ချီးမြှင့်ငွေများပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်



**နေပြည်တော် မတ် ၁၀**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် နွေရာသီသင်တန်းများဖြစ်သည့် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာအခြေခံ သင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အရှေ့မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို စာရေးကိရိယာ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး သင်တန်းအလိုက် သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းများကို သင်တန်းသား ဦးရေ ၁၅၀ ဖြင့် မတ် ၂၄ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များတွင်လည်း အဆိုပါသင်တန်းများကို ကျောင်းသား၊ကျောင်းသူ သင်တန်းသား ဦးရေ ၈၄၀ ဖြင့် မတ် ၁၀ ရက်မှ ၂၄ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ကျိုင်းတုံမြို့နယ်အတွင်းရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများကို ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ရှိ စာစစ်ဌာနများဖြစ်သည့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ စာစစ်ဌာနတို့သို့သွားရောက်ကာ စာဖြေခန်းများ၊ စာဖြေခုံများပြင်ဆင်ထားရှိမှု၊ စာဖြေခန်းများ အလင်းရောင်ကောင်းစွာရရှိရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းဝင်းအတွင်း၊ အပြင် လုံခြုံရေး၊ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ကျိုင်းတုံမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၀၄ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် စာစစ်ဌာနများ၌ ကျန်းမာရေးဆေးအကာအကွယ်အဖွဲ့များထားရှိရေး၊ စာမေးပွဲမေးခွန်းနှင့် အဖြေလွှာများထားရှိစဉ်၊သယ်ဆောင်စဉ် လုံခြုံမှုရှိစေရေး၊ စာမေးပွဲကာလအတွင်း မော်တော်ယာဉ်များသုံးစွဲမှု အဆင်ပြေစေရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းမှုရှိစေရေးတို့အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ကျိုင်းတုံမြို့နယ်အတွင်းရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် စာအောင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုအလှူငွေ ဆက်ကပ်လှူဒါန်း၊ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်



သံဃာတော်များအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ လောင်းလှူစဉ်။

နေပြည်တော် မတ် ၁၀

အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲတို့တွင် အောင်မြင်ခဲ့ကြသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အတွင်းရှိ စာအောင်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုအလှူငွေဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်ကြီး၏ ဗုဒ္ဓသာသနာ့ဗိမာန်တော်၌ပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ လှည်းဘီး ပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာသန အမှူးပြုသော သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယ လှည်းဘီး ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး စာအောင်သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တက်ရောက်လာကြသူများသည် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင် စုစုပေါင်း ၇၄ ပါးတို့အား ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ် လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် မတ် ၁၀

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် ၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက ကျင့်ဝတ်ပြိုင်ပွဲဖြေဆိုနေသည့် အရာရှိ၊ စစ်သည်များကို သွားရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် ၆၄ ဦး ပါဝင်ယှဉ်ပြိုင် ဖြေဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် အရာရှိ၊ စစ်သည်များ စစ်သည်တော်ကျင့်ဝတ်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

❖ **စိုက်ပျိုးရန်လျာထားမှု**

မြစ်ဘေးတစ်လျှောက်က ကျေးရွာတွေမှာ စတင်စိုက်ပျိုးထားပြီး အခုဆို သက်တမ်းနှစ်လနီးပါး ရှိပြီဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးရာမှာ ဆည်တော်ကြီး ဆည်ရေသောက်စနစ်နဲ့ စိုက်ပျိုးသလို သဘာဝရေနဲ့ စိုက်တာလဲရှိပါတယ်။ စိုက်ပျိုးတဲ့မျိုးတွေကတော့ စူပါနံ့ကောက်၊ မနောသုခ၊ ဆင်းသုခ၊ ရွှေသွယ်ရင် စတဲ့မျိုးတွေကို စိုက်ပျိုးကြပါတယ်။စိုက်ပျိုးတဲ့အခါမှာ ပျိုးထောင်ပြီး စိုက်ပျိုးတာ၊ တိုက်ရိုက်ကြဲပက်ပြီး စိုက်ပျိုးတာ၊ တိုက်ရိုက်မျိုးစေ့ချကိရိယာနဲ့ စိုက်ပျိုးတာရှိပါတယ်။ နွေစပါးမှာ သက်ငယ်စပါးမျိုးတွေကို စိုက်ပျိုးကြတာဖြစ်တဲ့အတွက် မရင်းအစောစိုက်တွေကို မေလဆိုရင် ရိတ်သိမ်းရပြီဖြစ်ပါတယ်”ဟု မတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်သီတာက ပြောပြသည်။

မတ္တရာမြို့နယ်အတွင်းရှိ တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရန်ချိတ်ဆက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်စေရေးအတွက် အသိပညာပေးခြင်း၊ ပိုးသတ်ဆေးများသုံးစွဲနည်း၊ GAP စနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများကို မျိုးစေ့များ၊ သွင်းအားစုများထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သဘာဝမြေသြဇာပြုလုပ်သုံးစွဲသည့် တောင်သူများအတွက် လိုအပ်သည့်ကုန်ကြမ်းများကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ဇဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်(CEIR) စတင်အသုံးပြုဆောင်ရွက်မည့်အစီအစဉ်ကို ပြည်သူသို့အသိပေးကြေညာ

၁။ ကမ္ဘာ့နိုင်ငံအချို့တွင် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များ အပါအဝင် မိုဘိုင်းကွန်ရက်သုံး ဆက်သွယ်ရေးစက်ပစ္စည်း(ipad, Tablet, Notebook စသည်)များ၏ မူရင်းအမှတ်အသား (International Mobile Equipment Identity-IMEI Code)ကို ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register-CEIR) ၌ မှတ်ပုံတင်စေ၍ နိုင်ငံအတွင်းရှိ ဆက်သွယ်ရေးကွန်ရက်များနှင့် ချိတ်ဆက်အသုံးပြုခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတွင်လည်း မိုဘိုင်းလက်ကိုင်ဖုန်း (Handset) သုံးစွဲသူ ပြည်သူများအနေဖြင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး နိုင်ငံတော်သို့ကျသင့်အခွန်များ ပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို ပြည်တွင်းတွင် ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ရန် ၂၀၂၆ ခုနှစ် မတ်လ ပထမပတ်မှစ၍ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်(CEIR)ကို စတင်အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အများပြည်သူတို့ လက်ရှိအသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်း (Handset)များကို အခွန်ပေးဆောင်ရန်မလိုအပ်ဘဲ ဆက်လက်အသုံးပြုနိုင်ရန် CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် အလိုအလျောက်ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။ အဆိုပါ ခွင့်ပြုစာရင်းတွင်ပါရှိနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်နောက်ဆုံးထားပြီး ဆက်သွယ်ရေးကွန်ရက် (MPT၊ ATOM၊ U9၊ Mytel) တို့၏ SIM Card များကို မိုဘိုင်းလက်ကိုင်ဖုန်း (Handset)အတွင်းထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ မိုဘိုင်းလက်ကိုင်ဖုန်း (Handset)များနှင့် မိုဘိုင်းကွန်ရက်သုံး ဆက်သွယ်ရေးပစ္စည်းများကို ပြည်ပမှတင်သွင်းလိုသည့် ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုင်စင်လျှောက်ထား၍ တရားဝင်တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျသင့်အခွန်များကို ပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

၅။ ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ခွင့်ပြုစာရင်းတွင်မပါရှိသည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset)များကို မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များနှင့် စတင်ချိတ်ဆက်အသုံးပြုချိန်မှ ရက်ပေါင်း ၃၀ အတွင်း ယာယီအသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး ယင်းကာလအတွင်း ကျသင့်အခွန်နှင့် ဒဏ်ကြေးများ ပေးဆောင်ပြီးမှသာ ဆက်လက်အသုံးပြုခွင့်ရရှိမည်ဖြစ်ပါသည်။

၆။ အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm ၌ မိုဘိုင်းလက်ကိုင်ဖုန်း(Handset)၏ မူရင်းအမှတ်အသား (International Mobile Equipment Identity-IMEI)ကို ထည့်သွင်းပြီး အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့် ကျသင့်အခွန်နှင့် ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၇။ နယ်စပ်ဒေသများ၊ အင်တာနက်ရရှိရန်ခက်ခဲသော ဒေသများရှိ ပြည်သူများအတွက် အဆိုပါဒေသရှိ ပြည်တွင်းအခွန်များဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာနရုံးများတွင်ဖြစ်စေ ကျသင့်အခွန်နှင့်ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm ၌ ကြည့်ရှု၍ဖြစ်စေ၊ CEIR Call Center နံပါတ်များဖြစ်သည့် ၁၅၇၇ နှင့် ၁၇၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း၍ဖြစ်စေ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီ**

## ပြည်သူများထံ အသိပေးပန်ကြားချက်

- ➤ အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- ➤ လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊
- ➤ အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- ➤ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- ➤ အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၇၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ရှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့ပြီး တရုတ်နိုင်ငံသား ၂၅ ဦးကို အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၇၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် မတ် ၁၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၅၅ ဦး၊ ကင်ညာနိုင်ငံသား ငါးဦး၊ ဆီယာရာလီယွန်နိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား သုံးဦး၊ ရဝမ်ဒါနိုင်ငံသား နှစ်ဦး၊ ဘူရွန်ဒီနိုင်ငံသား နှစ်ဦး၊ ကွန်ဂိုနိုင်ငံသား တစ်ဦးနှင့် လိုက်ဘေးရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၇၃ ဦးတို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ရှစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်း ဇယား၊ အချက်အလက်များ ကိုက်ညီမှု ရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ် ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Le Trung Kien နှင့် တာဝန်ရှိသူများ၊ ကင်ညာနိုင်ငံ၊ ဆီယာရာလီယွန်နိုင်ငံ၊ နီပေါနိုင်ငံ၊ ရဝမ်ဒါနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ကွန်ဂိုနိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက် ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများ ထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကရင်ပြည်နယ် မြဝတီ မြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပါကစ္စတန် နိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား နှစ်ဦး၊ ကင်ညာနိုင်ငံသား နှစ်ဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ ဘူရွန်ဒီနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ရှစ်ဦးကို ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၁၀ ရက်ထိ မြဝတီမြို့နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာ သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၃၉၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်း နိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၃၃၅ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၅၈ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့် ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိသည်။

လွှဲပြောင်းရန်ကျန်ရှိသည့် ပြည်ပ နိုင်ငံသား ၁၀၅၈ ဦးအနက် တရုတ်နိုင်ငံ သား ၂၅ ဦးကို မြို့မရဲစခန်း၌ ချုပ်နှောင် ထားရှိပြီး ပြည်ဝင်ခွင့်ဗီဇာစည်းကမ်း ဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ ၇-၃-၂၀၂၆ ရက်တွင် ဥပဒေလုပ်ထုံး၊ လုပ်နည်း နှင့်အညီ တရားဆွဲဆို အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှကြိုးကိုင် သော နိုင်ငံခြားသားများကို ဖော်ထုတ် ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်း ထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်း အမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံ များသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေး နိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)

# ထိုင်းနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးကို မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၀**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံ အတွင်း အွန်လိုင်းလိမ်လည်လောင်းကစား မှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေး အတွက် အွန်လိုင်းလိမ်လည်လောင်း ကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်း နိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာန ဆိုင်ရာ ပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက် ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက် နေထိုင်မှုမရှိစေရေးတို့ကို စစ်ဆေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင် စစ်ဆေးရေးဂိတ်၌ နယ်မြေလုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေ သော ပူးပေါင်းအဖွဲ့သည် မတ် ၉ ရက် နံနက် ၈ နာရီခန့်တွင် မုပ္ပလင်ကျေးရွာ အနီးရှိ ရန်ကုန်-မော်လမြိုင်ကားလမ်း အတိုင်း ကျိုက်ထိုမြို့ဘက်မှ သိမ်ဇရပ် မြို့ဘက်သို့ လမ်းလျှောက်လာသော မသင်္ကာဖွယ် တရုတ်နိုင်ငံသားတစ်ဦးကို တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ ၎င်းမှာ တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ်နေ Mr. Jiang Xiaoqiang (ဘ) Mr.Jiang Xingfu အသက် ၄၅ နှစ်ဖြစ်ပြီး မြန်မာ နိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံမှတစ်ဆင့် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက် လာသူဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိ တရုတ်နိုင်ငံသား ၏ ပြောကြားချက်အရ ၎င်းသည်တရုတ် နိုင်ငံတွင်နေထိုင်စဉ် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော တရုတ်နိုင်ငံ သားတစ်ဦးနှင့်ချိတ်ဆက်မိ၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်းက ထိုင်းနိုင်ငံ မဲဆောက်မြို့(စိစစ်ဆဲ)နေရာသို့ ရောက် ရှိပြီး တစ်လလျှင် ထိုင်းဘတ်ငွေ ဘတ် ၂၀၀၀ ဖြင့် အွန်လိုင်းလိမ်လည်လောင်း ကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့ရကြောင်း၊ ၎င်းတွင်ပါရှိလာသည့်ပစ္စည်းများ၊ ဖုန်း၊ ပတ်စ်ပို့နှင့် ဗီဇာများကိုလည်း သိမ်းဆည်း ထားကြကြောင်း၊ ထိုသို့လုပ်ကိုင်ရာတွင် နေရာအတည်တကျလုပ်ကိုင်ရခြင်းမရှိဘဲ နေရာ ငါးနေရာခန့် ရွှေ့ပြောင်းလုပ်ကိုင်ခဲ့ ရကြောင်း၊ ၂၀၂၆ ခုနှစ် မတ်လအတွင်းတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့မှ သောင်ရင်းမြစ် ကို စက်လှေဖြင့်ဖြတ်ကူး၍ မြန်မာနိုင်ငံ မြဝတီမြို့သို့ရောက်ရှိပြီး အဆောက်အအုံ တစ်လုံးအတွင်း နေထိုင်ခဲ့ရကြောင်း၊ ထို့နောက် အဆိုပါနေရာမှ ထွက်ပြေး တိမ်းရှောင်လာခဲ့ပြီး ယခုမုပ္ပလင်စစ်ဆေး ရေးဂိတ်အနီးသို့ရောက်ရှိစဉ် ဖမ်းဆီး ထိန်းသိမ်းခံရခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသားကို သက်ဆိုင်ရာ၌ ထိန်းသိမ်းထားရှိပြီး မြန်မာနိုင်ငံလူဝင်မှု ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ၃(၁)အရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့ စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့် ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်း ဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြား ခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူ ဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ် ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သား သမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစား သားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစား ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ် တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

ဝတ္ထုတိုကဏ္ဍ

# နာလိုခံခက် ပျံတက်လေသော်

## အမေ့သား(နတ်မောက်)




(၁)

မိုးစင်စင်လင်းနေသည့်တိုင် အဖေသည် အိပ်လို့ကောင်းနေဆဲ။ သူ မနိုးရက်ပါချေ။ ညဘက် မိုးရွာသည့်နေ့တိုင်း အိပ်ရေးဝဝမအိပ်ရသည့်အဖေ့ကို သူ ကိုယ်ချင်းစာပါသည်။ သောက်ရေ နှစ်ခေါက်ပြေးခပ်ပြီးနောက် စာနည်းနည်းပြန်ကျက်၏။ ဆရာမက သည်နေ့ စာမေးမည်ဖြစ်ကြောင်း မနေ့က မှာလိုက်သည်။ သူ ညကတည်းက ပိုင်ပိုင်နိုင်နိုင်ကျက်မှတ်ထားသည့်တိုင် နံနက်ခင်းကျောင်းမသွားခင် စာပြန်ကျက်တတ်သည်က သူ၏ ကောင်းမွန်သောအလေ့အကျင့်တစ်ခုပင်။

"အမေ ပြန်လာပြီလား"

အမေ့ခေါင်းပေါ်မှဈေးတောင်းကို သူ ကူချပေးလိုက်သည်။ ဈေးတောင်းထဲတွင် ဖားများတစ်ကောင်တလေမျှပင် ပြန်ပါမလာတော့။ အကုန်ရောင်းထွက်သွားပြီထင်။ သူပျော်သွားသည်။ ကျောင်းက တောင်းထားသည့် အနည်းငယ်မျှသောငွေပမာဏကို အမေ ပေးတော့မည်ထင်ပါ၏။

"ကဲ...ရော့ နင်တောင်းထားတဲ့ပိုက်ဆံ၊ နင်တို့ကျောင်းကလဲ ဘာကြေးတွေမှန်းကိုမသိဘူး၊ တောင်းတောင်းနိုင်လွန်းတယ်"

"အူဝဲ အူဝဲ အူဝဲ"

အိပ်ရာထဲမှညီမလေး၏ငိုသံ စူးစူးဝါးဝါးထွက်ပေါ်လာသည်။ အဖေသည် တစ်ချက်ညည်းကာ တစ်ဖက်သို့ လှည့်သွားပြန်၏။

"နားမယ်မကြံသေးဘူး ကလေးက ငိုပြန်ပါပြီတော်။ ကဲ... တော်လဲ ကိုယ့်ဘာသာခူးခပ်စားသွားတော့၊ အမေလာပြီ၊ အမေလာပြီ မငိုနဲ့တော့။ မနက်စောစောစီးစီး နားငြီးပါ့အေ"

အမေသည် သူ့ကို 'နင်'ဟု တစ်လှည့်၊ 'တော်'ဟု တစ်ဖန် ပြောဆိုတတ်၏။ ရံဖန်ရံခါ စိတ်ကူးပေါက်လျှင် "လူလေး"ဟု ခေါ်တတ်၏။ မည်သို့ပင်ပြောဆိုဆက်ဆံပါစေ အမေ့ကို သူချစ်သည်။ အမေသည် စကားအရာမှာ ကြမ်းတမ်းသည်မှန်သော်ငြား သူ့ကို မည်သည့်အခါမျှ နာကျင်အောင်ရိုက်နှက်ဖူးသည်မရှိပါချေ။ အများက အမေ့ကို နှုတ်ကြမ်းသည်ဟု အတင်းအဖျင်းပြောဆိုကြသော်ငြား အမေ့ထံမှ စေတနာမေတ္တာများကို သူခံစားမိပါသည်။

"လူလေး သွားပြီလား၊ စာကြိုးစားကွ ကြားလား၊ ဖြည်းဖြည်းသွားအုံး"

"တော်ကလဲ အိပ်အုံးလေ၊ စောပါသေးတယ်။ အိပ်ရေးလေးတော့ ဝအောင် အိပ်စမ်းပါ"

အိပ်ရာထဲမှ လူးလိမ့်ထလာသည့်အဖေ့ကို အမေက ညီမလေးကိုနို့ချိုတိုက်ကျွေးနေရင်း မျက်စောင်းချီကာပြော၏။

"ဝပါပြီကွာ။ ဒီလောက်အိပ် တော်ရောပေါ့။ လုပ်စရာကိုင်စရာတွေက ရှိသေးသဟ။ လူလေး သွားသွား။ ဂရုစိုက်သွား"

"ဟုတ်ကဲ့ အဖေ"

သူ အိမ်ပေါက်ဝကနေထွက်လိုက်ချိန် တစ်ဖက်လမ်းမှလျှောက်လာနေသော ကျော်မိုးနှင့်မျက်နှာချင်းဆိုင်ဆုံ၏။ သူပြုံးပြနှုတ်ဆက်လိုက်ပေမဲ့ ကျော်မိုးကတော့ ပြန်လည်ပြုံးပြသည်မရှိပါချေ။ နှာခေါင်းရှုံ့ကာမျက်စောင်းထိုးပြသွား၏။ ကျော်မိုး မျက်စောင်းထိုးပြသည့်နေရာကို သူကြည့်လိုက်ရာ သူတို့အိမ်ခြံစည်းရိုးစပ်မှာ အဖေစွန့်ပစ်ထားသည့် ဖားများ၏ဝမ်းတွင်းကလီစာများ စုပုံနေသည်ကို တွေ့၏။

(၂)

"ညှီစော် နံလိုက်တာကွာ"

မုန့်စားကျောင်းဆင်းချိန် သူနှင့်စိုးအောင် ပခုံးဖက်၍လမ်းလျှောက်လာစဉ် ကျော်မိုးက သူ့ကို တမင်တကာ ပခုံးချင်းတိုက်ကာ ပြောသွား၏။

မဟုတ်လျှင်မခံသည့် စိုးအောင်က ကျော်မိုးဆီ လှစ်ခနဲပြေးထွက်သွားတာကြောင့် သူအလျင်အမြန်တားလိုက်ရသည်။

"ဘာလဲကွ၊ ထန်းသမားသားက မလောက်လေးမလောက်စားနဲ့ ထိုးချင်လို့လား၊ လာလေကွာ။ ဟား ဟား ဟား"

ကျော်မိုးနှင့်အပေါင်းအပါများ တဟားဟား ရယ်မောနေကြသည်။ စိုးအောင်၏အသားများ တဆတ်ဆတ်တုန်နေသည်။ သွားများပင် ကျွတ်ထွက်မတတ် အံကိုကြိတ်ထား၏။ လက်သီးများကို အကြောများပင် ပြိုင်းပြိုင်းထလာသည်ထိ ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက်သား။ ခန္ဓာကိုယ်အရွယ်အစားက သူ့ထက်သေးငယ်သည်ဆိုသော်ငြား ဒေါသထွက်နေသည့်စိုးအောင်ကို သူ မနည်းပင်ထိန်းချုပ်ထားရသည်။

"လာပါ စိုးအောင်ရာ၊ အချင်းချင်းတွေ ရန်မဖြစ်ချင်စမ်းပါနဲ့"

ကျော်မိုးတို့နှင့်ဝေးရာကို အတင်းဆွဲခေါ်လာရသည်။

"ထန်းသမားသားနဲ့ ဟိုကောင်ဖားကောက်ရောင်းသူရဲ့သား လိုက်လဲလိုက်ပါ့ကွာ၊ ဟားဟားဟား"

"တောက်"

စိုးအောင်သည် ခုချိန်ထိပင် ဒေါသမပြေချင်သေး။ မဲဇလီပင်ကို လက်သီးဖြင့်တစ်ချက်ထိုး၏။ ခပ်လှမ်းလှမ်းရောက်သွားသည့် ကျော်မိုးတို့က သူနှင့်စိုးအောင်ကို ကြည့်ပြီး ရယ်မောလို့ကောင်းနေဆဲ။

"ဒီကောင် တရားလွန်နေပြီ။ သည်းခံနိုင်စွမ်းကုန်သွားပြီကွာ။ နောက်တစ်ခါဆိုရင် ငါသည်းခံနေမှာမဟုတ်တော့ဘူး။ မင်းမပါချင်နေ၊ ငါ့ကို လာမတားနဲ့ ဟေ့ကောင်"

စိုးအောင်၏မျက်လုံးများက မှည့်နေသည့်ငရုတ်သီးတစ်တောင့်ပမာ နီရဲလို့နေ၏။ သူ ပခုံးပုတ်ကာ နှစ်သိမ့်ပေးသည်ကိုပင် စိုးအောင်သည် မလိုလားသည့်ဟန်၊ သူ့လက်ကို ဆတ်ခနဲပုတ်ချလိုက်သည်။

"ဒီကောင်တွေနဲ့ ရန်ဖက်ဖြစ်နေလို့ကော ဘာရမှာလဲကွာ၊ အလကားနေ ဆရာကြီးရိုက်တာခံနေရအုံးမယ်"

"ရိုက်ရိုက်ပေါ့ကွာ။ ဒီကောင်ပြောသွားတာ မင်းမကြားဘူးလား။ မင်းမနာပေမဲ့ ငါနာတယ်ကွ။ ငါ့ကိုများထန်းသမားသားတဲ့၊ တောက်..."

"မဟုတ်လို့လားကွာ"

သူ့စကားကြားတော့ စိုးအောင်ငြိမ်ကျသွားသည်။

စိုးအောင်၏အဖေက စီးပွားဖြစ် ထန်းတက်နေသည့်သူ။ မည်သို့ဆိုစေ ဝင်ငွေပုံမှန်ရ၏။ စိုးအောင်ကို ကောင်းကောင်းမွန်မွန် ကျောင်းထားပေးနိုင်သည်။

သူ့အဖေက စိုးအောင်၏အဖေနှင့် ထူးမခြားနား။ ထန်းတက်သည်တော့မဟုတ်ပါ။ ကိုယ်ပိုင်ယာမြေမရှိတာကြောင့် ရာသီကိုလိုက်ပြီး လုပ်ကိုင်စားသောက်နေရ၏။ မိုးတွင်းဆိုလျှင် ဖားကောက်ရောင်းသည်။ အကုသိုလ်အလုပ်ပင်ဖြစ်လင့်ကစား မည်သူ့ကိုမျှဒုက္ခပေးနေခြင်းမဟုတ်တာကြောင့် သူမရှက်ပါချေ။ မည်းမည်းမည်း ကျောင်းထားပေးနေသည်ကိုပင် ကျေးဇူးတင်ရပါ၏။

သူဌေးသားပီပီ အမြဲအနိုင်လိုချင်တတ်သည့် ကျော်မိုး၏ဒဏ်ခံရသည်ကို သူဂရုမစိုက်ပေမဲ့ စိတ်မြန်လက်မြန်ရှိလှသည့် စိုးအောင်ကိုတော့ အမြဲမပြတ်ထိန်းကျောင်းနေရ၏။

"ထန်းသမားသားလို့ပြောတာ ဘာရှက်စရာရှိလဲကွာ။ မင်းအဖေလဲ တကယ်ထန်းတက်နေတာပဲကို မဟုတ်ဘူးလား။ အေး မင်းသားသမီးကျရင်သာ ထန်းသမားသားလို့အခေါ်မခံရစေနဲ့။ အဲဒါမှ ရှက်စရာကွ ကြားလား"

စိုးအောင် ဘာမျှပြန်မပြောဘဲ ငြိမ်သက်နေသည်။ ထိုစဉ် ကျောင်းတက်ခေါင်းလောင်းထိုးသံ ထွက်ပေါ်လာရာ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စီစာသင်ခန်းများဆီ ပြန်ဝင်နေကြသည်။ သူစိုးအောင်ပခုံးကို ခပ်ဖွဖွပုတ်လိုက်ပြီး မဲဇလီပင်အောက်ကနေ ကျောင်းခန်းလေးဆီ လျှောက်လာခဲ့လိုက်သည်။

(၃)

"ကျောင်းစရိတ်တွေကလဲ လျှော့မလာတဲ့အပြင် အတန်းကြီးလာလေ ပိုကုန်လေပါတော်။ ကုန်ဈေးနှုန်းတွေကလဲ တစ်နေ့တခြားကြီးလာသလားမှတ်ရ၊ အကုန်ကိုထိုးတက်နေတာပါတော်။ တိုးတက်မလာတာဆိုလို့ ဝင်ငွေပဲရှိတယ်။ ဝင်ငွေ။ အတန်းကြီးလာလေကုန်လေပဲ။ တကယ်ပဲ စိတ်ကုန်လာပြီ၊ ကျောင်းထားချင်စိတ်ကို မရှိတော့ဘူး"

"မထားချင်လဲမထားတော့နဲ့ဗျာ မနေတော့ဘူး"

သူ့စကားဆုံးသည်နှင့် အမေ့လက်တစ်ဖက် သူ့ကျောပြင်ကို လာမိတ်ဆက်၏။

"ဟဲ့ ကျောင်းမနေတော့ ဘာလုပ်စားမလို့တုံး၊ ဒီအသက်အရွယ်လေးနဲ့"

"အမေပဲ စိတ်ကုန်လာပြီဆို"

"စိတ်ကုန်တာ ကုန်တာပဲ၊ ကျောင်းတော့ ထားရမှာပေါ့ဟဲ့"

အမြဲတမ်းညည်းညူတတ်သောအမေ့ကို တစ်ခါတလေ သူပြန်ပြောမိ၏။ သူပြန်ပြောလေတိုင်း အမေ့လက်ဖဝါးကြမ်းကြမ်းကြီးက သူ့ကျောပြင်ဆီ ရောက်လာတတ်စမြဲပင်။ အမေ့ဆီမှ ကျောင်းထွက်လိုက်ဟုတော့ ပြောထွက်မလာပါချေ။ အဖေသည်လည်း မည်မျှပင်ကျပ်တည်းနေပါစေ ကျောင်းထွက်တော့ဟု တစ်ခွန်းမဟခဲ့။ ဤမျှနှင့်ပင် ဤအမိအဖဆီမှာ လူလာဖြစ်ရတာကံကောင်းသည်ဟု သူအောက်မေ့၏။

"လူလေး ရော့၊ ဒါ ခဏသိမ်းလိုက်။ ပြီးရင် အဖေ့ဆီ လာခဲ့အုံး"

အဖေကမ်းပေးသည့်လွယ်အိတ်လှမ်းယူပြီး မီးဖိုနားရှိစားပွဲပေါ်တွင် တင်လိုက်သည်။ လွယ်အိတ်က ဖောင်းကားနေပြီး ဟင်းရွက်တချို့ အပြင်ထိုးထွက်နေ၏။ ပြီးသည်နှင့် အဖေရှိရာရေစင်နား ပြေးလာလိုက်သည်။ အဖေ့လက်ထဲမှာ သားကောင်တစ်ကောင်။ တော်တော်ကြီးသည်။ ယုန်မဟုတ်တာတော့ သေချာသည်။ အနားရောက်မှ တောကြောင်ဖြစ်နေမှန်းသိ၏။ အဖေသည် တောထဲသို့သွားလေတိုင်း ငှက်တို့၊ ရှဉ့်တို့၊ ကြွက်တို့ တစ်ကောင်မဟုတ်တစ်ကောင် ပါလာတတ်သည်။

"လူလေး အဖေ့ကို ရေနည်းနည်းလောင်းပေးစမ်းပါအုံး"

သူဖလားဖြင့်ရေခပ်ပြီး အလိုက်သင့်လောင်းပေးလိုက်၏။ တောကြောင်ဆီမှ နီနီရဲရဲသွေးစက်လေးများ ရေနှင့်အတူမျောပါသွားသည်။

"လူလေးကျောင်းပြီးရင်တော့ ဒီအလုပ်တွေ မလုပ်တော့ပါဘူးကွာ"

အဖေက သူ့ကိုပြောသည့်နှယ် ကိုယ့်ကိုယ်ကိုယ် ပြန်လည်သတိပေးနေပါ၏။

(၄)

စိုးအောင်သည် သူ့စကားနားဝင်သွားသည့်အလား စာကိုဖိ၍ကြိုးစားလာ၏။ ကျော်မိုးတို့ လာစသည်ကို အပြုံးနှင့်တုံ့ပြန်ကာ သည်းခံနိုင်လာ၏။ လူတို့သည် မကြိုက်မှန်းသိလျှင်သာ စချင်နောက်ချင်ကြပြီး အပြုံးမပျက်ငြိမ်ခံနေပါလျှင် စနောက်ချင်စိတ်ပင် မရှိတော့ပါချေ။ ဤသို့ဖြင့် ကျော်မိုး၏ စနောက်မှုလျော့ပါးသွားသည့်တိုင် ထန်းသမားသားဟူသည့် စကားလုံးက စိုးအောင်၏နာမည်ပြောင်အဖြစ် တစ်ပါးသူများပါးစပ်ဖျားဝယ် စွဲမှတ်လို့သွားပါတော့သည်။

"ထန်းသမားသား ဒါလေး နားမလည်လို့ ငါ့ကို ရှင်းပြပေးပါအုံး"

စာမျက်နှာ ၂၅ သို့ á

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဓနိချပ်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဓနိချပ်အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့်ဓနိချပ်များကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ ပုံမှန်တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဓနိချပ်ရေ ၇၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ဓနိချပ်ရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လအတွင်း ရန်ကုန်ဈေးကွက်ထဲကို ဓနိချပ်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချခဲ့တဲ့ဓနိချပ်တွေက ရောင်းပန်းလှသလို အရည်အသွေးလဲကောင်းပါတယ်။ ဓနိချပ်ရေအများအပြား တင်ပို့ ရောင်းချနိုင်ခဲ့တဲ့အတွက် ဓနိစိုက်ပျိုးသူတွေနဲ့ ဓနိထိုးလုပ်သားတွေ အလုပ်အကိုင်အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဓနိအကြီး အချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၄၀၀၀၀၊ ဓနိအလတ် အချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀၊ ဓနိအသေး အချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ထိုသို့ ဓနိချပ်များ ဝယ်ယူအားကောင်းလာခြင်းကြောင့် ဓနိစိုက်ပျိုးသူများ၊ ဓနိထိုးလုပ်သားများ၊ ဓနိပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

---

**á စာမျက်နှာ ၂၄ မှအဆက်**

စိုးအောင်သည် အတန်းထဲတွင် အတော်ဆုံးကျောင်းသားမဖြစ်သည့်တိုင် အတော်ဆုံးစာရင်းဝင်ဖြစ်လို့လာပါ၏။ စာမေးပွဲဖြေလေတိုင်း အဆင့်တစ်ကနေ တစ်ဆယ်အတွင်း စိုးအောင်အမြဲရှိ၏။ နားမလည်လို့ စာလာမေးလျှင်လည်း စိုးအောင်သည် တစ်ဖက်သားနားလည်သည်ထိ စိတ်ရှည်လက်ရှည် ရှင်းပြတတ်လာ၏။

"မင်း ဒီလိုဖြစ်လာတာ ဝမ်းသာတယ်ကွာ"

"အဲဒါ မင်းကြောင့်ပါ"

"မဟုတ်ပါဘူးကွာ၊ မင်းစိတ်ကိုမင်း နိုင်သွားလို့ပါ၊ ငါက အမှတ်မထင် စကားလေးတစ်ခွန်းပဲ ပြောလိုက်တာ။ တကယ့်တကယ် ပြင်ရတာက မင်းပဲ၊ ကြိုးစားရတာက မင်းပဲ၊ မင်း တော်ပါတယ်ကွာ"

စိုးအောင်က ဘာမှပြန်မပြောဘဲ ဘေးနားကနေဖြတ်သွားသည့် ကျော်မိုးကို ပြုံးပြနှုတ်ဆက်နေလေသည်။

(၅)

အဖေ့ဆီမှများစွာသောသတ္တဝါများ၏ သွေးညှီနံ့နှင့် အမေ့ဆီမှ နားရည်ဝနေပြီဖြစ်သည့် ညည်းသံညူသံတွေကြားမှာပင် သူတက္ကသိုလ်ဝင်စာမေးပွဲကို အောင်အောင်မြင်မြင် ဖြေဆိုနိုင်ခဲ့သည်။ ရိုးရိုးဖြင့်သာ အောင်မြင်ခဲ့သော်ငြား ဂုဏ်ထူးသုံးဘာသာနှင့်ဖြေဆိုအောင်မြင်ခဲ့သည့် သူငယ်ချင်း စိုးအောင်အတွက် ဂုဏ်ယူရပါ၏။

"ထန်းသမားသားကွ"

စိုးအောင်သည် လက်သီးလက်မောင်းများပင်တန်း၍ ဂုဏ်ယူစွာ ပြောထွက်လာ၏။ မိဘများက များစွာသောအကြောင်းပြချက်များကို မျက်ကွယ်ပြုကာ စိုးအောင်ကို ကျောင်းဆက်ထားပေးသည်။ သူသည်လည်း စိုးအောင်နှင့်အတူ တက္ကသိုလ်ဆက်တက်ခွင့်ရ၏။

အမေက ဝင်ငွေပါးသည့်အခါတိုင်း ညည်းမြဲညည်းနေဆဲ။ အဖေကတော့ မိုးကလေးများကျလာလျှင် ဖားများကိုရှာဖွေကာ ကောက်နေဆဲ။ ရလာသည့်ဖားကလေးများကို ရေနွေးပူပူထဲထည့်ပြီး ဖျောနေမြဲ။ ဖားများသည် ရေနွေးပူပူထဲတွင် တစ်စက္ကန့်မျှပင် ရှင်သန်နိုင်စွမ်းမရှိဘဲ ကားခနဲဖြစ်သွားရလေသည်။ သူစိတ်မကောင်းပေမဲ့ တားမြစ်နိုင်စွမ်းမရှိသေး။ ဝင်ငွေကောင်းသည့်အလုပ်တစ်ခုရရှိလျှင်တော့ အဖေ့ကို တားမြစ်နိုင်မည်ထင်ပါရဲ့လေ။

"မင်းတို့အတွက် ဂုဏ်ယူပါတယ်ကွာ တကယ်လေးစားပါတယ်။ ကဲ သွားအုံးမယ်ကွာ။ ထန်းတောမှာ ဟိုကောင်တွေ စောင့်နေလောက်ပြီ"

ကျော်မိုးက လက်ပြနှုတ်ဆက်ကာ ထွက်ခွာသွား၏။ တက္ကသိုလ်ဝင်စာမေးပွဲဝင်မဖြေဘဲ တစ်ဝက်တစ်ပျက်နှင့် ကျောင်းထွက်သွားသည့် ကျော်မိုး။ အစ်ကိုဖြစ်သူနှင့်ဖားကန့်လိုက်သွားပြီး မကြာခင် ပြန်ရောက်လာသည်။ တစ်ခဏအတွင်းမှာပင် ကျော်မိုးပုံစံ သိသိသာသာပြောင်းလဲသွားပါ၏။ ဆေးလိပ်ကလေးလက်ကြားညှပ်၊ ကွမ်းကလေးတမြုံ့မြုံ့ ဆံပင်က နီကြောင်ကြောင်။ ဒါမှ လောပန်းနှင့်တူသည်ဆို၏။ လောပန်းဆိုသည် ဘယ်လိုမျိုးလဲ သူမသိ။ မှတ်မှတ်ရရလာရောက်နှုတ်ဆက်သည့် လောပန်းကျော်မိုးကို သူကျေးဇူးတင်ရပါသည်။

(၆)

ငယ်ငယ်တုန်းက ကောင်းကင်ယံမှာ လေယာဉ်ဖြတ်ပျံသွားသံကြားလျှင် တကူးတကမော့ကြည့်ရ၏။ ငှက်ကလေးပမာ သေးငယ်ရှာသည့် လေယာဉ်ပျံကိုမြင်ရလျှင် ဝမ်းပန်းတသာကြွားဝါခဲ့ရ၏။ အခုလို အနီးကပ်မြင်တွေ့ရလိမ့်မည်ဟု သူ မတွေးမိခဲ့။ စိတ်ကူးမျှပင် မယဉ်ဖူးခဲ့ပါချေ။ ကြီးမားကျယ်ပြန့်သည့် လေယာဉ်ကွင်းကြီးထဲမှာ ညီညီညာညာစီတန်းထားသည့်လေယာဉ်များ မြင်တွေ့ရသည်ကို သူသည် ကိုယ်တိုင်ပင် လေယာဉ်စီးရတော့မည့်နှယ် ပျော်ရွှင်လို့နေပါ၏။ ဝမ်းသာလို့နေပါ၏။

"ထန်းသမားသား ကြိုးစားကွနော်။ ဟိုမှာလဲ ထန်းသမားသားလို့ ခေါ်တာနဲ့ ရန်ရှာမနေနဲ့အုံး။ ကြားလား"

အနောက်တိုင်းဝတ်စုံနှင့် ခံ့ညားသပ်ရပ်နေသည့် စိုးအောင်က သူ့ကို ပြုံးပြနေသည်။ နိုင်ငံရပ်ခြားသို့ ပညာတော်သင်သွားရမည့်သူအဖြစ် ရွေးချယ်ခံခဲ့ရသည့်စိုးအောင်။ အမိအဖများနှင့်အတူ တစ်ရွာလုံးက ဂုဏ်ယူနေရသည့်စိုးအောင်။ သူဝမ်းပန်းတသာနှင့် စိုးအောင်ကို လေဆိပ်ထိ လိုက်ပို့ပေးဖြစ်သည်။

"မရှာပါဘူးကွာ"

စိုးအောင်က ခပ်အေးအေးပြောဆိုပြီး လေယာဉ်ကွင်းကို မျှော်ကြည့်နေလေ၏။ ခဏကြာမှ-

"အံ့သြဖို့တော့ကောင်းတယ်ကွနော်။ ချဉ်ပေါင်ဟင်း၊ ငရုတ်သီးထောင်းစားပြီး ကြီးပြင်းလာတဲ့ ထန်းသမားသားက လေယာဉ်ပျံကြီးစီးပြီး နိုင်ငံရပ်ခြားမှာ ပညာသွားသင်ရမယ်လို့ ငါ ဘယ်တုန်းကမှမထင်ခဲ့ဘူး၊ စိတ်ကူးတောင်မယဉ်ဝံ့ခဲ့ဘူး။ တကယ်"

"မင်းရဲ့ကြိုးစားမှုနဲ့ ကံတရားရဲ့ မျက်နှာသာပေးမှုပေ့ါကွာ။ ဆက်ပြီး ကြိုးစားကွာ။ ဘဝတော့မမေ့နဲ့ သူငယ်ချင်း"

စိုးအောင်က သူ့ကို တစ်ချက်လှည့်ကြည့်သည်။

"ဘယ်တော့မှမမေ့ဘူး စိတ်ချသူငယ်ချင်း ငါဟာ ထန်းသမားသားပဲ။ ချဉ်ပေါင်ဟင်း၊ ငရုတ်သီးထောင်းစားပြီး နိုင်ငံခြားကိုပညာတော်သင်သွားရတဲ့ထန်းသမားသားကွလို့ လက်မထောင်ပြီး အမြဲပြောနေမှာပါကွာ"

ခရီးသည်တွေ ကိုယ်စီအထုပ်များဆွဲကာ လေယာဉ်ကွင်းဆီသွားကြလေပြီ။ စိုးအောင်သည်လည်း လိုက်လံပို့ဆောင်ပေးသည့် အဖေ၊ အမေနှင့် သူ့ကို လက်ပြနှုတ်ဆက်ပြီး ခရီးဆောင်အိတ်ကိုဆွဲကာ လေယာဉ်ဆီသို့ ထွက်ခွာသွားလေသည်။

စိုးအောင်၏ခရီးဆောင်အိတ်ဆီမှ ချဉ်ပေါင်ကြော်နံ့က သင်းခနဲ။

---

## နွေရောက်ပြီ

\- လေပွေတွေ မွှေမွှေဖွတဲ့
နွေလကွယ့် ရောက်လေပြီ၊
တောလုံးဆီ ငှက်သံသပါလို့
လက်ပံက နီ၊
ရေးစပ်လို့ ကဗျာမပီ
စာပန်းချီ လက်မှိုင်ချ၊
တောနဲ့တောင် ဇမ္ဗူအဝှမ်း
အို..မြူလွှမ်းတဲ့ အလှ။

\- ရွက်ဟောင်းတွေ ကြွေကြွေကျတဲ့
နွေလကွယ့် ရောက်လေပြီ၊
ရိုးတံအို ကနုတ်တောမှာ
ဥဩတေးသီ၊
တေးဖွဲ့လို့ အသံမပီ
ကြံစည်လို့ ဘယ်မရ၊
ရိုးတံမှာ အားသစ်မြူးတဲ့
အို...ပုရစ်ဖူးရဲ့ အလှ။

\- ပန်းကံ့ကော် တဝေဝေကြွတဲ့
နွေလကွယ့် ရောက်လေပြီ၊
သဲပုံစေတီ ပွဲအလှ
နှဲကြအခါညီ၊
ဖူးမြော်လို့ မဝသည်
အလှတည်မို့ ပီတိလွှမ်း၊
မြတ်ကုသိုလ် လျှံပွားတဲ့
အိုကွယ်...
မြန်သားစိတ်ဝမ်း။ ။

**လွမ်းလေးကို(သရက်)**

---

# မင်းလှမြို့နယ် မလွန်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မင်းလှ မတ် ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မလွန်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို မတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိခြင်း ရှိ၊ မရှိ အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဝင်ငွေတိုးပွားရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုလုပ်ကိုင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါမလွန်စမ်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦးကို ရန်ပုံငွေကျပ် ၄၃ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုညို**

# ရုံးရှေ့လာရောက်ခြင်းမှ ကင်းလွတ်ခွင့်ဆိုသည်မှာ

**စိန်လှိုင်ဗိုလ်**



တရားရုံးများတွင် ရာဇဝတ်မှုများကို ကြားနာစစ်ဆေးကြရာ၌ တရားခံ (စွပ်စွဲခံရသူ)အပေါ် စွဲဆိုသောပြစ်မှုပုဒ်မသည် ခံဝန်ပေးနိုင်သော (အာမခံပေးနိုင်သော)ပုဒ်မဖြစ်ပါက တရားရုံးက လုံလောက်သော ခံဝန်သူဖြင့် အာမခံပေးသည်။ အာမခံမပေးနိုင်သော ပုဒ်မဖြစ်ပါက ချုပ်မိန့်ရမန်ဖြင့် ချုပ်နှောင်ထားပြီး ရုံးချိန်းနေ့တွင် တရားရုံးရှေ့တင်ပို့ရပါသည်။ အာမခံရသော အချုပ်လွတ်ထုချေခွင့်ရသူသည်လည်း ရုံးချိန်းကျရောက်သောနေ့တွင် ရုံးရှေ့သို့ ရောက်ရှိရမည်ဖြစ်သည်။

အမှုတစ်ခုတွင် အာမခံရရှိထားသော စွပ်စွဲခံရသူ (တရားခံ)သည် မိမိရုံးရှေ့သို့ မလာရောက်ဘဲ နေနိုင်ခွင့်ကို ဆေးစာအထောက်အထား စသည်တို့ဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၄၀ (က)အရ ရုံးချိန်းကင်းလွတ်ခွင့် လျှောက်ထားခဲ့သည်။ ထွက်ပြေးတိမ်းရှောင်မည့်သူ မဟုတ်ကြောင်းသုံးသပ်၍ ရုံးက ခွင့်ပြုခဲ့သည်။ အဆိုပါအမှုတွင် အထက်တရားရုံးအဆင့်ဆင့်က မူလရုံးများ၏အမိန့်ကိုပယ်ဖျက်ခဲ့သည်။ အဘယ်ကြောင့် ပယ်ဖျက်ရသည်ကို ဥပဒေဗဟုသုတရရှိစေရန်အလို့ငှာ ရေးသားတင်ပြပါဦးမည်။

ဗဟန်းမြို့နယ်တရားရုံး ၂၀၂၂ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်(၉၇)တွင် တရားလို ဒေါက်တာ ခင်ခင်ကျော့က ဦးချမ်းမြေ့ဆွေပါ သုံးဦးအပေါ် ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၁၇ အရ စွဲဆိုမှုတွင် ဦးချမ်းမြေ့ဆွေက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀(က)(၁)အရ ရုံးရှေ့လာရောက်ခြင်း ကင်းလွတ်ခွင့်လျှောက်ရာ ခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။

အဆိုပါအမိန့်ကို တရားလို ဒေါက်တာခင်ခင်ကျော့က ကျေနပ်မှုမရှိသဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားရာ ရုံးရှေ့လာရောက်ခြင်း ကင်းလွတ်ခွင့်အမိန့်ကို ပယ်ဖျက်သည့်အမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်ကို ဦးချမ်းမြေ့ဆွေက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ရာဇဝတ်ပြင်ဆင်မှုတင်သွင်းရာ အောင်မြင်မှု မရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင်မှု ဆက်လက်တင်သွင်းခဲ့သည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုမှာ တရားလို ဒေါက်တာခင်ခင်ကျော့က ဒေါက်တာဘဆွေ၊ ဒေါ်တင်မေထွေး၊ ဦးချမ်းမြေ့ဆွေတို့သည် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အတွင်းက ငွေများ အကြိမ်ကြိမ်ချေးယူပြီး ပြန်လည်ပေးဆပ်ခြင်းမရှိသဖြင့် အရေးယူပေးပါရန် ဦးတိုက်လျှောက်ထားစွဲဆိုရာ ဒေါက်တာဘဆွေပါ သုံးဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၁၇ အရ အရေးယူခဲ့မှုဖြစ်သည်။

ဥပဒေရေးရာဝန်ကြီးဌာနက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀(က)တွင် ပြဋ္ဌာန်းထားသည့် တရားရုံးရှေ့တွင် ဆက်လက်တည်ရှိရန် မတတ်နိုင်သည့် အကြောင်းများရှိသည်ဟု ထင်ရှားပေါ်ပေါက်ခြင်းမရှိသဖြင့် ရုံးချိန်းကင်းလွတ်ခွင့်ပြုသော မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့သည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့၏ အမိန့်များကို အတည်ပြုပြီး ပြင်ဆင်မှုကိုပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

အမှတ်(၂)လျှောက်ထားခံရသူ၏ ရှေ့နေက ဦးချမ်းမြေ့ဆွေတင်ပြသည့် ဆေးစာများအရ ဆေးရုံတက်ရောက်ကုသနေရသည့် အနေအထားမဟုတ်သည့်အပြင် ၎င်း၏ကုမ္ပဏီများတွင် လုပ်ငန်းတာဝန်များထမ်းဆောင်နေသဖြင့် တရားရုံးရှေ့တွင် ဆက်လက်ရှိနေရန် မတတ်နိုင်သူဟု ကောက်ယူနိုင်မည်မဟုတ်ကြောင်း၊ မြို့နယ်တရားရုံးအမိန့်တွင် ရုံးရှေ့တွေ့ ရှိချက်အရ မသက်မသာတွေ့ရှိရသည်ဟု သုံးသပ်၍ ရုံးချိန်းကင်းလွတ်ခွင့်ပြုခဲ့ခြင်းသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀-က(၁)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိသဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့၏အမိန့်ကို ဆက်လက်အတည်ပြုပေးသင့်ကြောင်း လျှောက်လဲတင်ပြခဲ့သည်။

မူလမြို့နယ်တရားရုံးက ဦးချမ်းမြေ့ဆွေသည် ဆေးစာအထောက်အထားများနှင့် ရုံးရှေ့တွေ့ရှိချက်များအရ အိုးအိမ်အတည်တကျနေထိုင်သူဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်မည့်သူ မဟုတ်ကြောင်း သုံးသပ်၍ ရုံးချိန်းလာရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့သည်။ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့က မြို့နယ်တရားရုံး၏အမိန့်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀-က(၁)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိကြောင်းသုံးသပ်၍ မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ခြင်းအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ခဲ့သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀-က(၁)တွင် "တရားခံနှစ်ဦး သို့မဟုတ် တရားခံများ ရုံးချိန်းသို့ ရောက်ရှိနေသော ဤဥပဒေအရ ဆောင်ရွက်သည့် စုံစမ်းစစ်ဆေးမှုတစ်ခု သို့မဟုတ် စစ်ဆေးစီရင်မှုတစ်ခု၏ မည်သည့်အဆင့်၌မဆို ထိုတရားခံများအနက် တစ်ဦးတစ်ယောက်အနေဖြင့်ဖြစ်စေ၊ အများအနေဖြင့်ဖြစ်စေ၊ တရားရုံးရှေ့တွင် ဆက်လက်ရှိနေရန် မတတ်နိုင်သည်ကို တရားသူကြီး သို့မဟုတ် ရာဇဝတ်တရားသူကြီးက လက်ခံကျေနပ်သည့်အခါ ထိုကဲ့သို့ ဆက်လက်ရှိနေရန် မတတ်နိုင်သည့် အကြောင်းပြချက်ကို ရေးမှတ်လျက် အကယ်၍ ထိုတရားခံကိုယ်စား ၎င်း၏ရှေ့နေရှိနေမည်ဆိုလျှင် ထိုတရားခံ မလာရောက်နိုင်ခြင်းကို ခွင့်လွှတ်၍ ၎င်း၏မျက်ကွယ်တွင်ဆိုခဲ့သည့် စုံစမ်းစစ်ဆေးမှုကို ဖြစ်စေဆက်လက်ဆောင်ရွက်နိုင်မည်။ ထို့ပြင် ၎င်းမှုခင်းကိုစွဲဆောင်ရွက်သည့်နောက်ပိုင်း မည်သည့်အဆင့်၌မဆို ဆိုခဲ့သည့်တရားခံကို ကိုယ်တိုင်လာရောက်ရန် ဆင့်ဆိုနိုင်သည်"ဟု ပြဋ္ဌာန်းထားသည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀-က(၁)ပါ ပြဋ္ဌာန်းချက်အရ တရားခံသည် တရားရုံးရှေ့တွင် ဆက်လက်ရှိနေရန် မတတ်နိုင်ကြောင်း တရားသူကြီးက လက်ခံယုံကြည်မှသာ ရုံးချိန်းတိုင်း လာရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်မည်ဖြစ်သည်။ ဦးချမ်းမြေ့ဆွေတင်ပြသည့် ဆေးစာအထောက်အထားများနှင့် အကြောင်းပြချက်များသည် တရားရုံးရှေ့တွင် ဆက်လက်ရှိနေရန် မတတ်နိုင်သည့် အကြောင်းများဖြစ်သည်ဟု လက်ခံနိုင်ရန် ထင်ရှားပေါ်ပေါက်ခြင်းမရှိပေ။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀(က)အရ တရားခံမလာရောက်ဘဲ နေနိုင်ခွင့်ကို တရားရုံးရှေ့တွင် ၎င်းဆက်လက်ရှိနေရန် မတတ်နိုင်သည့် အကြောင်း (incapable of remaining before the court)မှတစ်ပါး **တရားသူကြီးကို ဆင်ခြင်တုံတရားပေးအပ်သည်ဟု မှတ်ယူနိုင်မည်မဟုတ်ပေ။**

သို့ဖြစ်၍ ဦးချမ်းမြေ့ဆွေသည် ကုမ္ပဏီလုပ်ငန်းတာဝန်များကို လုပ်ကိုင်နိုင်သူဖြစ်ကြောင်း၊ မြို့နယ်တရားရုံး၏အမိန့်တွင် တရားရုံးရှေ့သို့ မည်သည့်နည်းနှင့်မျှ တက်ရောက်နိုင်ခြင်း အခြေအနေမရှိဟု သုံးသပ်ထားမှုမရှိကြောင်း၊ ရုံးရှေ့တွေ့ရှိချက်အရ **မသက်မသာ တွေ့ရှိရသည်ဟူသော အကြောင်းပြချက်မဲ့ရေးသား၍ ရုံးချိန်းကင်းလွတ်ခွင့်ပြုခဲ့သည့် အမိန့်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၀၄-က(၁)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိကြောင်း** သုံးသပ်၍ မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့သည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့၏ အမိန့်များသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်းမရှိကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

**❖ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀- က (၁)ပါ ပြဋ္ဌာန်းချက်အရ တရားခံသည် တရားရုံးရှေ့တွင် ဆက်လက်ရှိနေရန် မတတ်နိုင်ကြောင်း တရားသူကြီးက လက်ခံယုံကြည်မှသာ ရုံးချိန်းတိုင်းလာရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်မည်ဖြစ်သည်။ ဦးချမ်းမြေ့ဆွေတင်ပြသည့် ဆေးစာအထောက်အထားများနှင့် အကြောင်းပြချက်များသည် တရားရုံးရှေ့တွင် ဆက်လက်ရှိနေရန် မတတ်နိုင်သည့် အကြောင်းများဖြစ်သည်ဟု လက်ခံနိုင်ရန် ထင်ရှားပေါ်ပေါက်ခြင်းမရှိပေ။ ❖**

ထို့ကြောင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့၏ အမိန့်များကို အတည်ပြုပြီး ရာဇဝတ်ပြင်ဆင်မှုကို ပလပ်လိုက်ကြောင်း တရားရုံးရှေ့လာရောက်ရန် ကင်းလွတ်ခွင့်လျှောက်ထားရာတွင် သိမှတ်ဖွယ်ရာကို ဦးချမ်းမြေ့ဆွေနှင့် ပြည်ထောင်စုသမ္မတမြန်မာ **နိုင်ငံတော်ပါ ၂၊ ၂၀၂၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် (၄၆၃(ခ))အမှု** စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၅၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး၂၅၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် စပါးဧက ၂၆၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင်၂၅၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ် ဒီနှစ်နွေသီးနှံ စိုက်ပျိုးရာသီမှာ စပါးဧက ၂၆၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၅၀၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းဖြတ်မြို့နယ် နန့်နုန်း(ရှမ်း)ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**မိုင်းဖြတ် မတ် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် နန့်နုန်းကျေးရွာအုပ်စု နန့်နုန်း (ရှမ်း)ကျေးရွာ၌ ဘက်စုံသုံး ခန်းမတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဘက်စုံသုံး ခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နန့်နုန်း(ရှမ်း)ကျေးရွာတွင် အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံး ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၇၂ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ် ၁၈၇ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဖေဖော်ဝါရီလ အတွင်း သီးထပ်ရင်စပါးတင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိဌေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက သီးထပ်ရင် စပါးတင်းရေ ၄၂၀၀၀ သာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း သီးထပ်ရင် စပါးတင်းရေ ၆၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ဖေဖော်ဝါရီလအတွင်းက သီးထပ် ရင်စပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချ ခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ စပါး အပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်စပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲ့ဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်လာတာဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိဌေးက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်တံခါးမြို့နယ် အင်းပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျောက်တံခါး မတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းပတ်လည်ကျေးရွာအုပ်စု အင်းပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် စီမံကိန်း တာဝန်ခံ ဝန်ထမ်းများသည် အင်းပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စီမံကိန်း ရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးရွာတင်ပြချက်များအပေါ် မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အင်းပတ်လည်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများကို လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၄ ဒသမ ၁၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ပုံမှန် လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုထံမှ သိရသည်။

**မောင်ခိုင်**

# သံတောင်ကြီးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး မတ် ၁၀**

ကရင်ပြည်နယ် သံတောင်ကြီး ခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်တံခါးလယ် ကျေးရွာနှင့် ကျောက်တံခါးအောက် ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေး ခြင်းကို မတ် ၉ ရက် နံနက်ပိုင်း က ကျောက်တံခါးအောက် ကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေ့ဦးစွာ သံတောင်ကြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်နွယ်ဦးမွန်က ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ကျေးလက် နေပြည်သူများ ဆင်းရဲမှုလျော့ ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း များ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင် ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက် ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်း ရောင်ကျေးရွာစီမံကိန်း အရင်း မပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက် အောင်မြင်အောင် ဆောင်ရွက် ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျောက်တံခါးလယ် ကျေးရွာနှင့် ကျောက်တံခါးအောက် ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦး၊ အရောင်း အဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦးကို မြစိမ်းရောင် စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် သိန်း ၄၄၀ ထုတ်ချေး ပေးခဲ့ကြောင်း သံတောင်ကြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်နွယ်ဦးမွန်ထံမှ သိရသည်။

**ကိုသက်**



# လေပြင်းအန္တရာယ်သတိပြုဖွယ်

**ကိုဘုန်း(ထုတ်လုပ်)**

လေပြင်းတိုက်ခတ်ခြင်းသည် သဘာဝဘေးအန္တရာယ်များထဲမှ တစ်ခုအပါအဝင်ဖြစ်ပြီး လူ့အသက်နှင့်ပစ္စည်းဥစ္စာများကို သိသိသာသာ ထိခိုက်ပျက်စီးစေနိုင်သည်။ အထူးသဖြင့် မြန်မာနိုင်ငံသည် မုတ်သုံလေနှင့် မုန်တိုင်းများ မကြာခဏ တိုက်ခတ်လေ့ရှိသော ဒေသဖြစ်သည့်အားလျော်စွာ လေပြင်းဘေးအန္တရာယ်ကာကွယ်ရေးသည် အထူးအရေးကြီးလှပါသည်။ ခြောက်သွေ့ပူပြင်းလှသည့် နွေဦးနှင့် နွေရာသီကာလတို့၌ နေ့ခင်းဘက်အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာသည်နှင့်အမျှ ကောင်းကင်ယံ၌ အပူပြန်တက်တိမ်တို့ဖြစ်ပေါ်တတ်သည်။ ထိုတိမ်တို့သည် နေ့လယ်ကုန်ဆုံးကာ မွန်းလွဲညနေအချိန်သို့ ရောက်ရှိလာသောအခါ ကြောက်မက်ဖွယ်ရာ မိုးတိမ်တောင်များအဖြစ်သို့ ပြောင်းလဲဖြစ်ထွန်းလေ့ရှိသည်။ ထိုမိုးတိမ်တောင်တို့ ရွေ့လျားရာ လမ်းကြောင်းတစ်လျှောက်ဝယ် လေပြင်းတို့သည် ပြင်းထန်စွာတိုက်ခတ်လေ့ရှိရုံမျှမက ထိုလေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်မျိုးစုံတို့သည်လည်း တစ်စပ်တည်းဖြစ်ပေါ်တတ်ပေသည်။

လေပြင်းများကို ၎င်းတို့၏ အရှိန်အဟုန်နှင့် ပျက်စီးနိုင်မှုအားကိုက်ညီ၍ အမျိုးအစားခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ မုန်တိုင်းငယ်လေပြင်းဖြစ်ပြီး တစ်နာရီလျှင် ၄၅ မှ ၆၅ ကီလိုမီတာထိ အရှိန်ရှိကာ သစ်ကိုင်းများကျိုးခြင်းနှင့် ပျက်စီးလွယ်သောအဆောက်အအုံများထိခိုက်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ ဒုတိယအမျိုးအစားမှာ မုန်တိုင်းလေပြင်းဖြစ်ပြီး တစ်နာရီလျှင် ၆၅ မှ ၉၀ ကီလိုမီတာထိ အရှိန်ရှိကာ သစ်ပင်များပြိုလဲခြင်း၊ အိမ်အမိုးများလန်ခြင်းနှင့် လျှပ်စစ်ဓာတ်တိုင်များပြိုလဲခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ တတိယအမျိုးအစားမှာ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပြီး တစ်နာရီလျှင် ၉၀ ကီလိုမီတာအထက်အရှိန်ရှိကာ ကြီးမားသော အဆောက်အအုံများပျက်စီးခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် မြေပြိုခြင်းတို့ထိ ဖြစ်ပေါ်စေနိုင်သည်။ လေပြင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးများမှာ များပြားလှသည်။ လူ့အသက်နှင့်အိုးအိမ်များဆုံးရှုံးခြင်း၊ နေအိမ်အဆောက်အအုံများပျက်စီးခြင်း၊ လျှပ်စစ်မီးပြတ်တောက်ခြင်းနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်ခြင်းတို့မှအစ လယ်ယာစိုက်ပျိုးရေးထိခိုက်ပျက်စီးခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းနှင့် ရောဂါဘယများဖြစ်ပွားခြင်းထိ ဆိုးရွားသောအကျိုးဆက်များခံစားကြရနိုင်သည်။

**လေပြင်းဘေးအန္တရာယ် ကာကွယ်ရေး**

လေပြင်းမတိုက်ခတ်မီ ကြိုတင်ပြင်ဆင်ခြင်းသည် အသက်အိုးအိမ်ကာကွယ်ရေးအတွက် အဓိကသော့ချက်ဖြစ်သည်။ အိမ်နှင့်အဆောက်အအုံပိုင်ဆိုင်ရာအနေဖြင့် အိမ်မိုးနှင့်နံရံများ ခိုင်ခိုင်မာမာရှိစေရန် စစ်ဆေးပြုပြင်ထားသင့်ပြီး သွပ်ပြား၊ သစ်သားပြားများ လေတိုက်၍မလန်နိုင်အောင် ခိုင်ခိုင်မာမာရိုက်ထားရန်လိုသည်။ ပြတင်းပေါက်နှင့် တံခါးများ ခိုင်ခိုင်မာမာရှိစေရန်စစ်ဆေးခြင်းနှင့် အနီးအနားရှိ သစ်ပင်ကြီးများအန္တရာယ် ရှိ၊ မရှိ စစ်ဆေးခြင်းတို့ကိုလည်း ဆောင်ရွက်ထားရမည်။

ထို့ပြင် အရေးပေါ်ပစ္စည်းများကိုလည်း ကြိုတင်ပြင်ဆင်ထားရန် အရေးကြီးသည်။ အရေးပေါ်ဆေးသေတ္တာ၊ အနည်းဆုံး သုံးရက်စာ သောက်သုံးရေနှင့် အစားအစာ၊ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်၊ ဘက်ထရီအားသွင်းပြီးသောရေဒီယို၊ ငွေသားနှင့် အရေးကြီးစာရွက်စာတမ်းများ၊ အပိုအဝတ်အစားနှင့်စောင်များကို အဆင်သင့်ထားရှိသင့်သည်။

**❖ လေပြင်းဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းရခက်ပြီး လူ့အသက်နှင့် အိုးအိမ်စည်းစိမ်ကို များစွာထိခိုက်စေနိုင်သော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ သို့သော် ကြိုတင်ပြင်ဆင်မှုအားကောင်းခြင်း၊ အသိပညာပြည့်ဝစွာရှိခြင်းနှင့် အချိန်မီဆောင်ရွက်ခြင်းတို့ဖြင့် လေပြင်းဘေးအန္တရာယ်၏ ဆိုးကျိုးများကို အတိုင်းအတာတစ်ခုထိ လျှော့ချနိုင်မည်ဖြစ်ပါသည်။ လေပြင်းဘေးအန္တရာယ်ကာကွယ်ရေးသည် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်နိုင်သောအရာမဟုတ်ဘဲ မိသားစုတစ်စုချင်းစီမှအစ ရပ်ရွာ၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရဌာနဆိုင်ရာများထိ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ❖**

မိသားစုဝင်များအား လေပြင်းအန္တရာယ်အကြောင်း သိရှိအောင် ပြောပြထားခြင်း၊ အန္တရာယ်အချိန် ခိုလှုံရန်နေရာများ သတ်မှတ်ထားခြင်း၊ မိသားစုဝင်များ ပြန်လည်ဆုံဆည်းရန်နေရာ သတ်မှတ်ထားခြင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့် ကြိုတင်ညှိနှိုင်းထားခြင်းတို့သည်လည်း မဖြစ်မနေဆောင်ရွက်ထားရမည့် အချက်များဖြစ်သည်။

လေပြင်းတိုက်ခတ်နေစဉ်အတွင်း လိုက်နာရမည့် အချက်များလည်းရှိသည်။ အကယ်၍ အိမ်တွင်း၌ ရှိနေပါက အိမ်၏အတွင်းခန်း၊ အောက်ထပ် သို့မဟုတ် ခိုင်ခံ့သောအခန်းတွင် နေထိုင်သင့်ပြီး ပြတင်းပေါက်များ၊ မှန်တံခါးများနှင့် ဝေးဝေးနေရမည်။ လျှပ်စစ်မီးပြတ်တောက်ပါက ဖယောင်းတိုင်ထက် လက်နှိပ်ဓာတ်မီးကိုသာ အသုံးပြုသင့်ပြီး မိုးလေဝသ သတင်းကို အဆက်မပြတ်နားထောင်ရမည်။

လေပြင်းတိုက်ခတ်စဉ် အပြင်တွင် ရှိနေခဲ့ပါက ချက်ချင်းအနီးအနားရှိ ခိုင်ခံ့သောအဆောက်အအုံသို့ ဝင်ရောက်ခိုလှုံရမည်ဖြစ်ပြီး သစ်ပင်များ၊ လျှပ်စစ်ဓာတ်တိုင်များနှင့် ကြော်ငြာဆိုင်းဘုတ်များအနီးတွင် မနေထိုင်ရပါ။ ကားမောင်းနေပါက ကားကို လုံခြုံသောနေရာတွင် ရပ်နားပြီး ကားအတွင်း၌သာ နေထိုင်သင့်သည်။ တံတားနှင့် တံတားဦးများပေါ်တွင် မနေထိုင်ရန်နှင့် ရေကြီးနေသောလမ်းများကို ဖြတ်ကူးခြင်း ရှောင်ကြဉ်ရန်လည်း လိုအပ်သည်။

လေပြင်းတိုက်ခတ်ပြီးနောက်ပိုင်းတွင်လည်း သတိပြုရမည့် အချက်များစွာရှိပါသေးသည်။ အန္တရာယ်ကင်းရှင်းကြောင်း အာဏာပိုင်များမှ ကြေညာမှသာ အပြင်ထွက်သင့်ပြီး ပျက်စီးနေသော လျှပ်စစ်ကြိုးများ၊ ဓာတ်တိုင်များနှင့် မထိမိစေရန် သတိပြုရမည်။ အိမ်သို့ပြန်ဝင်ပါက ဓာတ်ငွေ့ယိုစိမ့်မှုနှင့် လျှပ်စစ်ယိုစိမ့်မှု ရှိ၊ မရှိ စစ်ဆေးရန်လိုအပ်ပြီး ပျက်စီးနေသောအဆောက်အအုံများအနီးတွင် မနေထိုင်ရပါ။ သောက်သုံးရေသန့်ရှင်းမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ မိသားစုဝင်များ အားလုံးဘေးကင်းကြောင်း သေချာအောင်လုပ်ခြင်းနှင့် အာဏာပိုင်များ၏ ညွှန်ကြားချက်ကို လိုက်နာခြင်းတို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။

ရပ်ရွာအဆင့် လေပြင်းဘေးကာကွယ်ရေးအနေဖြင့် ရပ်ရွာအသိပညာပေးခြင်း၊ ကြိုတင်သတိပေးစနစ်ထားရှိခြင်း၊ ဘေးလွတ်ရာခိုလှုံရေးစခန်းများ သတ်မှတ်ခြင်း၊ ရပ်ရွာအကူအညီအဖွဲ့များဖွဲ့စည်းခြင်းနှင့်လေကာသစ်ပင်များ စနစ်တကျစိုက်ပျိုးခြင်းတို့သည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ အစိုးရနှင့် ဌာနဆိုင်ရာများအနေဖြင့်လည်း မိုးလေဝသခန့်မှန်းချက်များ တိကျမှန်ကန်စွာ ထုတ်ပြန်နိုင်ရေး၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များထုတ်ပြန်နိုင်ရေး၊ အဆောက်အအုံဆိုင်ရာစည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်းနှင့် လိုက်နာမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့် ဘေးအန္တရာယ်ကြုံတွေ့ရချိန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ထမ်းဆောင်ရမည်ဖြစ်သည်။

**လေပြင်းဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှု**

နှစ်စဉ်နှစ်တိုင်း လေပြင်းဘေးအန္တရာယ်ကျရောက်နိုင်သော ဆောင်းရာသီကုန်ဆုံးကာ နွေရာသီသို့ ကူးပြောင်းသည့်ကာလမှစတင်၍ မုတ်သုံရာသီမရောက်ရှိမီအချိန်ထိ ပြည်သူလူထု၏ နေအိမ်များလေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက် ပြည်သူတို့အား သတိပေးနှိုးဆော်လျက်ရှိသည်။

လေပြင်းဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းရခက်ပြီး လူ့အသက်နှင့် အိုးအိမ်စည်းစိမ်ကို များစွာထိခိုက်စေနိုင်သော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ သို့သော် ကြိုတင်ပြင်ဆင်မှုအားကောင်းခြင်း၊ အသိပညာပြည့်ဝစွာရှိခြင်းနှင့် အချိန်မီဆောင်ရွက်ခြင်းတို့ဖြင့် လေပြင်းဘေးအန္တရာယ်၏ဆိုးကျိုးများကို အတိုင်းအတာတစ်ခုထိ လျှော့ချနိုင်မည်ဖြစ်ပါသည်။ လေပြင်းဘေးအန္တရာယ်ကာကွယ်ရေးသည် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်နိုင်သောအရာမဟုတ်ဘဲ မိသားစုတစ်စုချင်းစီမှအစ ရပ်ရွာ၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရဌာနဆိုင်ရာများထိ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ နေအိမ်အဆောက်အအုံများခိုင်ခံ့မြဲမြံစေရေး၊ သစ်ပင်ကြီးများခုတ်ထွင်ရှင်းလင်းရေး၊ ကြိုတင်သတိပေးချက်များကို အချိန်မီနားဆင်နိုင်ရေးနှင့် အရေးပေါ်ကယ်ဆယ်ရေး အစီအစဉ်များချမှတ်နိုင်ရေးတို့သည် အဓိကကျသောကဏ္ဍများဖြစ်သည်။

လေပြင်းဘေးအန္တရာယ်ကို လုံးဝတားဆီးနိုင်မည် မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်မှုကောင်းခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် လေပြင်းဘေးအန္တရာယ်နှင့် ပတ်သက်၍မေ့လျော့ပေါ့ဆခြင်း မရှိဘဲ ကိုယ်စီကိုယ်င သတိရှိရှိဖြင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

သဘာဝဘေးအန္တရာယ်သည် မည်သည့်အချိန်တွင် မည်သို့ကျရောက်မည်ကို မည်သူမျှ အတိအကျ မသိနိုင်ပါ။ သို့သော် ကျွန်ုပ်တို့အနေဖြင့် ကြိုတင်ပြင်ဆင်ထားမှုများ၊ အသိပညာဗဟုသုတများ၊ ပူးပေါင်းဆောင်ရွက်မှုများရှိပါက မည်သည့်ဘေးအန္တရာယ်ကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် လေပြင်းဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံဘေးကင်းသောဘဝများ ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

**- လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက် (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အာရှ-ပစိဖိတ်ဒေသနိုင်ငံတချို့တွင် အသုံးပြုနေသော မိုင်းဒဏ်ခံယာဉ်များ

မိုင်းနှင့် လက်လုပ်ဗုံး(IEDs)များသည် ဈေးနှုန်းချိုသာခြင်း၊ အလွယ်တကူထုတ်လုပ်နိုင်ခြင်းနှင့် အသုံးပြုရန် အသင့်အနေထားတွင်ရှိနေခြင်းအပြင် အလိုအလျောက်သော်လည်းကောင်း၊ ထိန်းချုပ်ကိုင်တွယ်၍သော်လည်းကောင်း အသုံးပြုနိုင်သည်။ ထို့ပြင် သောင်းကျန်းသူများနှင့် အကြမ်းဖက်သမားများသည် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ရာ၌ မိုင်းနှင့်လက်လုပ်ဗုံး(IEDs) များကို အလွယ်တကူအသုံးပြုလျက်ရှိသည်။ စင်စစ်အားဖြင့် မိုင်းနှင့်လက်လုပ်ဗုံး (IEDs) များသည် တိုက်ပွဲများနှင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေး၊ လုံခြုံရေး၊ အကြမ်းဖက်ဝါဒတန်ပြန်တိုက်ခိုက်ရေးနှင့် တရားဥပဒေစိုးမိုးရေးကဲ့သို့သော စစ်ပွဲမဟုတ်သော တာဝန်များ ထမ်းဆောင်ရာ၌ တပ်ဖွဲ့များကို အဓိကခြိမ်းခြောက်လျက်ရှိသည်။

ထို့ကြောင့် တပ်ဖွဲ့ဝင်များနှင့်လုံခြုံရေးဝန်ထမ်းများကို မိုင်းနှင့်လက်လုပ်ဗုံး (IED) အန္တရာယ်မှ ကာကွယ်ရန်သည် ကမ္ဘာ့နိုင်ငံများအတွက် ထိပ်တန်းဦးစားပေးလုပ်ငန်းဖြစ်လာခဲ့သည်။ အထူးသဖြင့် အင်ဒို-ပစိဖိတ်ဒေသရှိ တပ်မတော်များသည် ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းနေရသည့်အပြင် ကုလသမဂ္ဂနှင့်ကမ္ဘာတစ်ဝန်းရှိ တခြားသော မစ်ရှင်များကိုလည်း အထောက်အကူပြုလျက်ရှိသည်။

**မိုင်းဒဏ်ခံယာဉ်(MRAPs)များ**

၁၉၇၀ ပြည့်လွန်နှစ်များတွင် အန်ဂိုလာနှင့် နမ်ဘီယာနိုင်ငံများသို့ တောင်အာဖရိကနိုင်ငံ၏ ကျူးကျော်တိုက်ခိုက်ခဲ့စဉ် သမားရိုးကျနည်းဗျူဟာမြောက်ယာဉ်များသည် မိုင်းနှင့်လက်လုပ်ဗုံး (IED) အန္တရာယ်နှင့်ကြုံတွေ့ခဲ့ရသည်။ အလားတူခြိမ်းခြောက်မှုများသည် ၂၀၀၀ ပြည့်နှစ်မှစ၍ အီရတ်နှင့်အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့များကို အဓိကစိန်ခေါ်မှုဖြစ်လာစေခဲ့သည်။

တောင်အာဖရိက၏ အတွေ့အကြုံအရ ဒီဇိုင်းရေးဆွဲတည်ဆောက်ထားသော မိုင်းဒဏ်ခံယာဉ် (MRAPs) များသည် ထိရောက်သောအဖြေတစ်ရပ်ဖြစ်လာခဲ့သည်။ အမှန်တော့ အမေရိကန်နှင့် ၎င်း၏ ညွန့်ပေါင်းတပ်ဖွဲ့များသည် အီရတ်နှင့် အာဖဂန်နစ္စတန်တွင် မိုင်းဒဏ်ခံယာဉ် (MRAP) အစင်း ၂၄၀၀၀ ကျော်အသုံးပြုကာ စစ်ဆင်ရေးဆင်နွှဲခဲ့သည်။ အဆိုပါစစ်ဆင်ရေးများသည် မိုင်းနှင့်လက်လုပ်ဗုံး (IEDs) များကို ချေမှုန်းနိုင်ရန် မိုင်းဒဏ်ခံယာဉ် (MRAP)၏ စွမ်းဆောင်ရည်ကို အခြေခံကာ ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ မိုင်းဒဏ်ခံယာဉ် (MRAP) သည် ပေါက်ကွဲမှုအန္တရာယ်လျှော့ချနိုင်ရေးအတွက် မိုင်းနှင့်လက်လုပ်ဗုံး (IED) ဒဏ်ခံနိုင်ရန် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခြင်းဖြစ်သည်။

မိုင်းဒဏ်ခံယာဉ် (MRAP) သည် ကာကွယ်မှုအတွက်ထူထဲသော သံချပ်ကာများကို အသုံးပြုထားခြင်းမရှိသော်လည်း ယာဉ်ကို တိုက်ရိုက်ပေါက်ကွဲမှုဒဏ်ကာကွယ်နိုင်ရန် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခြင်းဖြစ်သည်။ ကိုယ်ထည်ကို 'ဗွီ' ပုံသဏ္ဌာန်တည်ဆောက်၍သော်လည်းကောင်း၊ ၆ ကီလိုဂရမ်ထက်ကျော်လွန်သည့် မြေမြှုပ်မိုင်းဒဏ်ခံနိုင်ရန်လည်းကောင်း ယာဉ်အောက်ပိုင်းကို အဆင့်မြှင့်တင်တည်ဆောက်ထားရှိသည်။ ဘီးများ၊ ယာဉ်အောက်ပိုင်းဖွဲ့စည်းတည်ဆောက်မှုများသည် မိုင်းပေါက်ကွဲမှုဖြစ်ပေါ်လျှင် ဖောက်ထွက်နိုင်ရန် ဒီဇိုင်းရေးဆွဲထားရှိပြီး ယာဉ်အစိတ်အပိုင်းများပျက်စီးမှု လျှော့ချနိုင်ရန်တည်ဆောက်ထားရှိသည်။ ထို့ပြင် ယာဉ်အတွင်းပိုင်းရှိကာကွယ်ရေးပစ္စည်းများ၊ တုန်လှုပ်မှုဒဏ်လျှော့ချရေးအပူခံပြားများနှင့် ပေါက်ကွဲမှုဒဏ်ခံထိုင်ခုံများကိုလည်း ပေါက်ကွဲမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးသက်ရောက်မှုများလျှော့ချနိုင်ရန် ဒီဇိုင်းရေးဆွဲထားရှိသည်။

မိုင်းဒဏ်ခံယာဉ် (MRAPs) များသည် ယေဘုယျအားဖြင့် ခြေလျင်တပ်ဖွဲ့ဝင်အနည်းဆုံး လေးဦးသယ်ဆောင်နိုင်သည်။ ၎င်းတို့ကို သင့်လျော်သည့် ပစ်စွမ်းအားရှိသော စိန်ပြောင်းနှင့် စက်သေနတ်များတပ်ဆင်ပေးထားသည်။ မိုင်းဒဏ်ခံယာဉ် (MRAP)ကို အင်ဂျင်နီယာလုပ်ငန်းများနှင့်မိုင်းထောင်ထားသော ပတ်ဝန်းကျင်တွင် မိုင်းရှင်းလင်းမှုလုပ်ငန်းများ လုပ်ဆောင်ရန်အတွက်လည်း အသုံးပြုသည်။ ထို့ကြောင့် အာရှ-ပစိဖိတ်ဒေသနိုင်ငံများသည် ၎င်းတို့တပ်ဖွဲ့များအတွက် လိုအပ်ချက်များဖြည့်ဆည်းရန်နှင့် ပြည်ပတင်ပို့နိုင်ရေးအတွက် မိုင်းဒဏ်ခံယာဉ် (MRAPs) များကို သုတေသနပြုတည်ဆောက်လျက်ရှိသည်။ စင်စစ်အားဖြင့်



မိုင်းဒဏ်ခံယာဉ် (MRAP) ကို တွေ့ရစဉ်။

ဒေသတွင်းတပ်မတော်များနှင့် ရဲတပ်ဖွဲ့များသည် အဆိုပါယာဉ်များပိုင်ဆိုင်ထားရှိပြီး ဥပမာအနေဖြင့် အောက်ဖော်ပြပါ နိုင်ငံများကိုလေ့လာနိုင်သည်။

**သြစတြေးလျနိုင်ငံ**

သြစတြေးလျနိုင်ငံရှိ Thales ကုမ္ပဏီက တည်ဆောက်ထားသည့် Bushmaster သည် အင်ဒို-ပစိဖိတ်ဒေသရှိ မိုင်းဒဏ်ခံယာဉ်များအနက်မှ တစ်မျိုးပင်ဖြစ်သည်။ ယာဉ်အလေးချိန် ၁၇ တန်ရှိသော လေးဘီးယက် Bushmaster သည် ဝန်စည်စလယ် လေးတန်ကျော်သယ်ဆောင်နိုင်ပြီး တပ်ဖွဲ့ဝင် ၁၀ ဦး သယ်ဆောင်နိုင်သည့် နေရာအလုံအလောက်ရှိသည်။ ထို့ကြောင့် တပ်ဖွဲ့ဝင်တင်ယာဉ်၊ လူနာတင်ယာဉ်၊ လမ်းကြောင်းရှင်းယာဉ်၊ စိန်ပြောင်းလက်နက်မျိုးစုံတင်ယာဉ် စသည့်မစ်ရှစ်အမျိုးမျိုးကို ထမ်းဆောင်နိုင်စွမ်းရှိသည်။

သြစတြေးလျနိုင်ငံအပြင် ဒေသတွင်းနိုင်ငံများဖြစ်သည့် ဖီဂျီ၊ အင်ဒိုနီးရှားနှင့် နယူးဇီလန်နိုင်ငံတို့သည်လည်း Bushmaster ကို အသုံးပြုလျက်ရှိသည်။ မူလက ၎င်းယာဉ်ကို အကာအကွယ်မဲ့သည့် နည်းဗျူဟာမြောက်ယာဉ်များနေရာတွင် အစားထိုးရန်တည်ဆောက်ခဲ့သော်လည်း ကွပ်ကဲမှု၊ ကင်းလှည့်စောင့်ကြည့်မှုတို့အပြင် အပေါ့စားကုန်တင်ယာဉ်နှင့် NASAM လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်ပလက်ဖောင်းအဖြစ်လည်း အသုံးပြုနိုင်သည်။

**စင်ကာပူနိုင်ငံ**

စင်ကာပူနိုင်ငံ၏ ST Engineering သည် တောင်အာဖရိက၏ Paramount နှင့်ပူးတွဲကာ Belrex မျိုးဆက်သစ် ပေါက်ကွဲမှုကာကွယ်ရေးယာဉ် (NGPV)ကို သုတေသနပြုတည်ဆောက်ခဲ့သည်။ ၎င်းယာဉ်ဒီဇိုင်းသည် တောင်အာဖရိက၏ မိုင်းဒဏ်ခံယာဉ်(MRAP)ကို အခြေခံထားသော်လည်း အဆင့်မြှင့်စနစ်များပေါင်းစပ်တပ်ဆင်ထားရှိသည်။ NGPV ၏ နောက်ဆုံးပေါ်နည်းပညာတစ်ခုမှာ ပေါင်းစပ်အီလက်ထရွန်နစ်မောင်းနှင်မှုစနစ်ဖြစ်ပြီး ယာဉ်၏ မောင်းနှင်နိုင်မှုအကွာအဝေးကို တိုးချဲ့နိုင်သည့်အပြင် ခေတ်မီအီလက်ထရွန်နစ်နှင့် တခြားသော နည်းပညာများပေါင်းစပ်အသုံးပြုနိုင်ရေး စွမ်းအင်ဖူလုံမှုကိုလည်း ခိုင်မာသေချာစေလျက်ရှိသည်။

**အင်ဒိုနီးရှားနိုင်ငံ**

PTSSE ကုမ္ပဏီသည် အင်ဒိုနီးရှားကြည်းတပ်၏ လိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးအပြင် ပြည်ပသို့ တင်ပို့နိုင်ရေးတို့အတွက် စဉ်းစားသုံးသပ်ကာ သံချပ်ကာယာဉ်ကို ဒီဇိုင်းရေးဆွဲတည်ဆောက်လျက်ရှိသည်။ PTSSE သည် ပြည်ပကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် PT Tiger ယာဉ်ကို ပြင်သစ်၏ Texelis နှင့် ပူးတွဲသုတေသနပြုတည်ဆောက်ခဲ့သည်။

**တရုတ်နိုင်ငံ**

တရုတ်နိုင်ငံက ထုတ်လုပ်ထားသော မိုင်းဒဏ်ခံယာဉ် (MRAP) တစ်မျိုးမှာ CS/VP14 ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် အပြည့်အဝထုတ်လုပ်နိုင်ခဲ့သည်။ အလေးချိန် ကိုးတန်ရှိသော ၎င်းယာဉ်သည် ယာဉ်မောင်းနှစ်ဦးနှင့် တပ်ဖွဲ့ဝင်ရှစ်ဦးထိ တင်ဆောင်နိုင်သည်။ 'ဗွီ'ပုံသဏ္ဌာန်ကိုယ်ထည်ဖြင့် တည်ဆောက်ထားသော ၎င်းယာဉ်သည် ဘီးများအောက်၌ ကီလိုဂရမ် ၁၀ ရှိ မိုင်းဒဏ်ခံနိုင်ပြီး မီတာ ၃၀ မှ ပစ်ခတ်သော ၇ ဒသမ ၆၂ ကျည်ဒဏ်ကိုလည်း ခံနိုင်စွမ်းရှိစေသည်။

၎င်းယာဉ်ကို 210kW အင်ဂျင်အသုံးပြုထားပြီး အလိုအလျောက်ဆိုင်းထိန်းစနစ်နှင့် ဂီယာအုံတို့ကို ပေါင်းစပ်တပ်ဆင်ထားသဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ နှုန်းမောင်းနှင်နိုင်သည်။ ၎င်းယာဉ်ကို ပြည်ပသို့တင်ပို့ရန်အပြင် အစွန်းရောက်ရာသီဥတုအခြေအနေရှိသည့် ကျေးလက်ဒေသများ၊ သဲကန္တာရနှင့် တောင်တန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခြင်းဖြစ်သည်။ ဘာကီနာဖာဆို၊ ကင်ညာနှင့် မာလီနိုင်ငံတို့သည် အဆိုပါယာဉ်ကို ဝယ်ယူလျက်ရှိသည့် အဓိကနိုင်ငံများပင်ဖြစ်သည်။

Nornico ကုမ္ပဏီက တည်ဆောက်ထားသည့် VP11 4x4 မိုင်းဒဏ်ခံယာဉ် (MRAP) ကို ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ပြုလုပ်သည့်ကုန်စည်ပြပွဲတွင် ပထမဆုံးပြသခဲ့သည်။ VP11 သည် အလေးချိန် ၁၁ တန်ရှိပြီး တပ်ဖွဲ့ဝင်ခုနစ်ဦးတင်ဆောင်နိုင်သည်။ ၎င်းယာဉ်သည် အပူချိန် အနုတ် ၂၅ ဒီဂရီဆဲလ်စီးယပ်မှ ၅၀ ဒီဂရီဆဲလ်စီးယပ်ကြားရှိ ကြမ်းတမ်းသော မြေပြင်၌တာဝန်ထမ်းဆောင်နိုင်သည်။ ထို့ကြောင့် ၎င်းယာဉ်သည် ဘာကီနာဖာဆို၊ ဂါဘွန်၊ အိုင်ဗရီကို့စ်နှင့် မာလီနိုင်ငံတို့အတွက် အသုံးတည့်လျက်ရှိသည်။ Nornico က တည်ဆောက်ထားသည့် နောက်ဆုံးထုတ် မိုင်းဒဏ်ခံယာဉ် (MRAP) နှစ်မျိုးမှာ VP22 6x6 နှင့် VP23 8x8 တို့ဖြစ် သည်။ ၎င်းယာဉ်နှစ်မျိုးစလုံးသည် တရုတ်နိုင်ငံ၏ BeiBen Kaijia ထရပ်ယာဉ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ VP 23 ကို ၂၀၁၆ ခုနှစ် ဇူဟိုင်းလေကြောင်းပြပွဲ၌ ပထမဆုံးထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ ၎င်းယာဉ်နှစ်မျိုးစလုံးကို သံချပ်ကာလူသယ်ယာဉ်အဖြစ် ၂၀၂၀ ပြည့်နှစ်ကတည်းက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) ၌ စတင်အသုံးပြုခဲ့သည်။ ၎င်းယာဉ်များ၏ မော်ကျူလာဒီဇိုင်းသည် တပ်ဖွဲ့များပို့ဆောင်ခြင်း၊ ကွပ်ကဲမှုနေရာအဖြစ် အသုံးပြုနိုင်ခြင်းနှင့် သံချပ်ကာလူနာတင်ယာဉ် အခန်းကဏ္ဍများကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။

VP23 သည် ယာဉ်မောင်းရှေ့ခန်းနှင့် နောက်ပိုင်း၌ တပ်ဖွဲ့ဝင်များတင်ဆောင်နိုင်သည့် အခန်းတို့ပါရှိပြီး တပ်ဖွဲ့ဝင် ၁၆ ဦးထိ တင်ဆောင်နိုင်သည်။ ယာဉ်မောင်းနှစ်ဦးသည် ရှေ့ပိုင်း၌ ကြီးမားသည့် ကျည်ကာတံခါးနှစ်ချပ်ပါရှိပြီး တစ်ဖက်စီ၌ တံခါးတပ်ချပ်စီပါရှိသည်။ ယာဉ်မောင်းခန်းနှင့် နောက်ခန်းကို အလိုအလျောက်သွားလာနိုင်သည့် ဟိုက်ဒရောလစ်စနစ်ပါရှိသည်။ မြင်းကောင်ရေ ၄၃၂ ရှိသော အင်ဂျင်နှင့် စွမ်းအားအလိုအလျောက်ကူးပြောင်းနိုင်သော ဂီယာအုံတို့သည် တစ်နာရီလျှင် ကီလိုမီတာ ၉၀ နှုန်းဖြင့် ကီလိုမီတာ ၆၀၀ ထိ မောင်းနှင်နိုင်သည်။ ၎င်းယာဉ်၏ 'ဗွီ' ပုံသဏ္ဌာန်ကိုယ်ထည်သည် မိုင်းနှင့်လက်လုပ်ဗုံး (IED) ဒဏ်ခံနိုင်သည့်အပြင် လက်နက်ငယ်ကျည်နှင့် အမြောက်ကျည်တို့ကိုလည်း ခုခံနိုင်စွမ်းရှိသည်။

**နီဂိုး**

လက်ရှိအချိန်တွင် တပ်ဖွဲ့ဝင်များဘေးကင်းလုံခြုံစွာ လှုပ်ရှားတာဝန်ထမ်းဆောင်နိုင်ရေးသည် သောင်းကျန်းသူနှိမ်နင်းရေးနှင့် ရှေ့တန်းစစ်မျက်နှာပြင်များ၌သာမက တိုက်ပွဲနယ်ပယ်အားလုံး၌လည်း မရှိမဖြစ်လိုအပ်လျက်ရှိသည်။ ဆိုရလျှင် မိုင်းနှင့်လက်လုပ်ဗုံး (IEDs) များသည် ထိုသို့ တပ်ဖွဲ့ဝင်များလှုပ်ရှားသွားလာ တာဝန်ထမ်းဆောင်နိုင်ရေးအပေါ် စိန်ခေါ်မှုတစ်ခုအဖြစ် ဆက်လက်တည်ရှိလျက်ရှိသည်။ ထို့ကြောင့် အာရှ-ပစိဖိတ်ဒေသရှိစက်မှုလုပ်ငန်းများသည် ၎င်းတို့တပ်မတော်များအပြင် တခြားပြည်ပနိုင်ငံများရှိ တပ်မတော်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး မိုင်းနှင့်လက်လုပ်ဗုံး (IED) ဒဏ်ခံနိုင်သော မိုင်ဒဏ်ခံယာဉ် (MRAPs)များထုတ်လုပ်ပေးလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

– MRAPs BLAZE A PATHWAY IN ASIA–PACIIFC BY ASIAN MILITARY REVIEW.

**ဝင်းဇင်(သုတေသန)**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နှမ်း ၁၂၂၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်



**မော်လိုက် မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်း ၁၂၂၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၇၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၇၉၆ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ဧက ၄၃၀ စုစုပေါင်း ၁၂၂၆ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၁ ဒသမ ၄၅ တင်း ထွက်ရှိကြောင်း သိရသည်။

"မော်လိုက်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၁၄၇၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့တာပါ။ အဲဒီ စိုက်ပျိုးထားတဲ့နှမ်းစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၂၂၆ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဖူးစားပြောင်း အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဖူးစားပြောင်းအများအပြား တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နှင်းနှင်းအေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဒေသထွက် ဖူးစားပြောင်းအဖူးရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ တစ်လအတွင်း ဖူးစားပြောင်းအဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းက ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်းအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေလို့ တင်ပို့ရောင်းအားတက်ခဲ့တာဖြစ်ပါတယ်။ ဖူးစားပြောင်းတွေတင်ပို့ရောင်းချနေရတော့ ပွဲရုံပိုင်ရှင်တွေ ကုန်တင်ကုန်ချ လုပ်သားတွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေး ကောင်းပါတယ်" ဟု ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နှင်းနှင်းအေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူး ရောင်းချလျက်ရှိပြီး၊ အဆိုပါ ဒေသထွက်ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းကြောင်း၊ အဆိုပါ ဖူးစားပြောင်းအဖူးရေ ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**












## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်နေ ဦးသိန်းဇော် + ဒေါ်သီတာတို့၏သား မောင်သူရကျော်(၉/ခမစ(နိုင်)၀၆၆၈၃၇)သည် မိဘစကားနားမထောင်ဘဲ မိသားစုဝင်များကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းဇော်(၉/မရမ(နိုင်)၀၄၃၄၃၂)

## ဝန်ထမ်းအလိုရှိသည်

၁။ ဆိုင်ကူ အမျိုးသား (၄)ဦး
လစာ + ရက်မှန်ကြေး ၄၅၀၀၀၀
၂။ သန့်ရှင်းရေး အမျိုးသမီး (၁)ဦး
လစာ + ရက်မှန်ကြေး ၄၀၀၀၀၀
၃။ Security (နေ့)
လစာ + ရက်မှန်ကြေး ၃၀၀၀၀၀

လိုအပ်သောစာရွက်စာတမ်းများ ယူဆောင်၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။
(ရပ်ကွက်ထောက်ခံစာမဖြစ်မနေ ယူခဲ့ပေးပါ)

**Kedia Lights လျှပ်စစ်**
အမှတ်(၂၈၃)၊ ၈၁(၂၆ x ၂၇)၊ မန္တလေးမြို့။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နမ့်ခမ်းမြို့နယ်၊ ကောင်းဝိုင်းကျေးရွာနေ ဦးအိုက်ဆမ်၏သားဖြစ်သူ အိုက်ယိုင် (ခ) မိုင်းသိန်းကျော်(၁၃/နခန(နိုင်)၀၇၂၂၂၈)သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၅-၅-၁၉၉၄ ဖြစ်ပါကြောင်း။

အိုက်ယိုင် (ခ) မိုင်းသိန်းကျော်(၁၃/နခန (နိုင်)၀၇၂၂၂၈)
၁၅-၅-၁၉၉၄

**သင့်သွေးဖြင့် အသက်ကယ်ပါ**







## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ ယနေ့ကျောင်းစာသင်ခန်းတွင်ရှိနေသည့် ကလေးတိုင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပခုံးပြောင်းပုံဖော်မည့် အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ်မှတ်ယူပြီး ပညာရေးကို မြှင့်တင်ပေးကြရန် မှာကြားလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ရုရှားရေတပ်မှ ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေသည့် စစ်ရေယာဉ် သုံးစီး ပြန်လည်ထွက်ခွာ



**နေပြည်တော်    မတ်    ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်သည့် ရုရှားရေတပ်မှ စစ်ရေယာဉ် သုံးစီးတို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတားမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်သည့် ရုရှားရေတပ်မှ စစ်ရေယာဉ် သုံးစီး ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ Captain 1st Rank Andrei Gaevoi ဦးစီး၍ အရာရှိ၊ စစ်သည် စုစုပေါင်းဦးရေ ၃၅၀ တို့ လိုက်ပါလာပြီး မြန်မာနိုင်ငံတွင် မတ် ၅ ရက်မှ ယနေ့ထိ ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် ရုရှားရေတပ်မှ အရာရှိ၊ စစ်သည်များအကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခြင်း၊ စစ်ရေယာဉ်များပေါ်သို့ အပြန်အလှန်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မတ္တရာမြို့နယ်အတွင်း ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးဧက ၂၅၀၀၀ ကျော် စိုက်ပျိုးရန်လျာထား



**မတ္တရာ    မတ်    ၁၀**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးဧက ၂၅၀၀၀ ကျော် စိုက်ပျိုးရန် လျာထားပြီး လက်ရှိအချိန်တွင် ဧက ၁၀၀၀၀ နီးပါး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသတွင်း ဝမ်းစာဖူလုံစေရေးနှင့် ပိုလျှံသည့်စပါးများကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်သည့်အတွက် စိုက်ပျိုးရန်ကျန်ရှိသည့်စိုက်ဧကများကို လာမည့်ဧပြီလတွင် ကွင်းပိတ်အပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"မရင်းစပါးကိုပြီးခဲ့တဲ့ဇန်နဝါရီလဆန်းကတည်းက စာမျက်နှာ ၂၂ ကော်လံ ၁ ❖

အွန်လိုင်းလိမ်လည်မှု(Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၇၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ရှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေး စစ်ဆေးနိုင်ခဲ့ပြီး တရုတ်နိုင်ငံသား ၂၅ ဦးကို အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ စာမျက်နှာ - ၂၃

နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန် ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်း အပိုင်း(၁)

ဆောင်းပါး စာမျက်နှာ - ၁၀



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော
ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၃
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၆၇၀